# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ တန်ခူးလပြည့် ၊ ဗုဒ္ဓဟူးနေ့ ၊ (1-4-2026) ၊ အတွဲ (၃၄) ၊ အမှတ် (၃၃၆)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro–based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့အစည်းအဝေး ဒုတိယနေ့ကျင်းပ

### ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကို ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်




သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့အစည်းအဝေး ဒုတိယနေ့ကျင်းပစဉ်။

**နေပြည်တော် မတ် ၃၁**

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီက သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့အစည်းအဝေး ဒုတိယနေ့သို့ တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၆၃ ဦးရှိသည့်အနက်

**စာမျက်နှာ ၁၆ ကော်လံ ၁**

## လက်ဆင့်ကမ်းအမွေ

**ဆောင်းပါး** စာမျက်နှာ - ၈

**သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကျင်းပပြီးစီး၊ ဒုတိယသမ္မတအဖြစ် ဒေါ်နန်းနီနီအေးကို ရွေးချယ်တင်မြှောက်**

စာမျက်နှာ - ၁၇

**သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကျင်းပ**

စာမျက်နှာ - ၁၇

## ထူးခြားသည့် နေ့အပူချိန်များ (၃၁-၃-၂၀၂၆)

| | | |
|---|---|---|
| မင်းဘူး | ၄၃ | ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၄၁ | ဒသမ ၈ ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၄၁ | ဒသမ ၄ ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၄၁ | ဒသမ ၄ ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၄၁ | ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |
| တောင်ငူ | ၄၁ | ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |
| တောင်တွင်းကြီး | ၄၁ | ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |


မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED

SERVICES
★Current Deposit Account
★Savings Deposit Account
★Fixed Deposit Account
★Call Deposit Account
★Scholarship Funding Services
★Loans , Overdraft and Hire Purchase System
★Gift Cheque Services and Payment Order Services
★Safe Deposit Locker
★ATM / POS Services / MPU Debit Card / Credit Card
★MIR Card POS Services / MIR Card Cashout (MMK) Via POS
★Mobile Banking and Internet Banking Services
★Foreign Banking Services with Russian Banks

Phone:
(01) 2301367, 2301368
(01) 2301452, 2301378

“ စိတ်ချရတဲ့ မြဝတီဘဏ် ”




ရတနာပုံ
၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်
အယ်ဒီတာ့အာဘော်

# စက်သုံးဆီအကျပ်အတည်းမဖြစ်စေရေး ခြိုးခြံချွေတာသုံးစွဲပေး

မျက်မှောက်ကာလတွင် အရှေ့အလယ်ပိုင်းဒေသ၌ ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခများကြောင့် စက်သုံးဆီရှားပါးမှုကို နိုင်ငံတိုင်းကြုံတွေ့နေရသည်။ ထိုစစ်ရေးပဋိပက္ခကြောင့် မြန်မာနိုင်ငံအတွင်း စက်သုံးဆီသုံးစွဲမှု အခက်အခဲမဖြစ်ပေါ်စေရေး အများပြည်သူမည်သူမဆို စက်သုံးဆီ ခြိုးခြံချွေတာရေးကို မဖြစ်မနေဆောင်ရွက်ရမည့်အချိန်ဖြစ်သည်။

လက်ရှိတွင် လုံလောက်သော စက်သုံးဆီအရန်ရှိသော်လည်း အနာဂတ်တွင်ဖြစ်လာနိုင်သော စွမ်းအင်ဆိုင်ရာ စိန်ခေါ်မှုများအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် စက်သုံးဆီသုံးစွဲမှုကို ချွေတာကြရမည်ဖြစ်သည်။ ပြည်တွင်းစက်သုံးဆီသုံးစွဲမှုကို လျှော့ချနိုင်ရန်အတွက် မတ် ၇ ရက်မှစ၍ မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များသုံးစွဲမှုနှင့် ဆီဖြည့်သွင်းမှုကို စုံ၊ မ အလှည့်ကျစနစ်ဖြင့်ဆောင်ရွက်ခြင်းစသည်တို့အပြင် စက်သုံးဆီသုံးစွဲမှုကို လျှော့ချနိုင်ရေးအတွက် အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း အစိုးရရုံးဌာနများ၏ ရုံးလုပ်ငန်းများကို နေအိမ်မှသာဆောင်ရွက်ကြရန် ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။

သို့သော် စက်သုံးဆီဈေးနှုန်းတိုးမြင့်လာမှုကို အခွင့်ကောင်းယူ၍ အချို့အရောင်းဆိုင်များသည် ရောင်းချခြင်းမပြုဘဲ ဆိုင်ပိတ်ထားခြင်း၊ Scan မဖတ်ဘဲ ရောင်းချပေးနေခြင်း၊ ဈေးတင်ရောင်းချခြင်း၊ ယာဉ်များသည် ခွဲတမ်းပိုမိုရရှိမှုကို အခွင့်ကောင်းယူ၍ မသမာမှုများပြုလုပ်လာခြင်းတို့ကြောင့် ဖွင့်လှစ်ရောင်းချနေသည့်အရောင်းဆိုင်များတွင် ယာဉ်များတန်းစီမှု ပိုမိုများပြားလာသည်ကို စစ်ဆေးတွေ့ရှိရသည်။ ထို့ကြောင့် စက်သုံးဆီပြတ်လပ်မှုမရှိစေရေး နိုင်ငံတော်အစိုးရအနေဖြင့် စီမံဆောင်ရွက်နေသကဲ့သို့ စက်သုံးဆီများကို အမှန်တကယ်အသုံးပြုသည့်ပြည်သူများ လက်ဝယ်သို့ရောက်ရှိစေရေးနှင့် မှောင်ခိုရောင်းဝယ်မှုများမရှိစေရေးအတွက် မသမာမှုပြုလုပ်ရောင်းဝယ်နေမှုများကို ထိထိရောက်ရောက် ဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပြည်သူများစက်သုံးဆီဝယ်ယူရာတွင် ပိုမိုအဆင်ပြေချောမွေ့စေရန် စက်စွမ်းအားအလိုက် ဝယ်ယူခွင့်ပမာဏကို သတ်မှတ်ထားသော အဆင့်မြှင့်တင်ထားသည့် Bar Code/ QR Code များဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်မြို့၊ မန္တလေးမြို့၊ တောင်ကြီးမြို့၊ ပဲခူး၊ ပြင်ဦးလွင်၊ ရန်ကုန်-မန္တလေးလမ်းဟောင်းနှင့် အမြန်လမ်းမကြီးတစ်လျှောက်ရှိ စက်သုံးဆီအရောင်းဆိုင်များတွင် ရောင်းချပေးလျက်ရှိပြီး ပြည်သူများမှ တွေ့ကြုံရသည့် အခက်အခဲများနှင့် သိရှိလိုသည်များကို Call Center သို့ မေးမြန်းလာမှုများအပေါ် ဖြေရှင်းပြန်ကြားဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရ၏ အနာဂတ်တွင်ဖြစ်လာနိုင်သော စွမ်းအင်ဆိုင်ရာ စိန်ခေါ်မှုများအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် စက်သုံးဆီခြိုးခြံချွေတာရေးအစီအစဉ်များ ဆောင်ရွက်ရာတွင် ပြည်သူလူထုက စိုးရိမ်ကြောင့်ကြ၍ စက်သုံးဆီဝယ်ယူ သိုလှောင်ခြင်းများကိုမပြုလုပ်ရန် လိုအပ်သကဲ့သို့ စက်သုံးဆီရောင်းချခြင်းနှင့်စပ်လျဉ်း၍ မမှန်ကန်မှုများတွေ့ရှိရပါက သက်ဆိုင်ရာဖုန်း နံပါတ်များသို့ဆက်သွယ်၍ တိကျစွာတိုင်ကြားမှုများ ပြုလုပ်ခြင်းတို့ဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။ သို့ဖြစ်ပါ၍ စက်သုံးဆီခြိုးခြံချွေတာရေးအစီအစဉ်များကို ပြည်သူအားလုံးက သတ်မှတ်စည်းကမ်းများနှင့်အညီ တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းပါဝင်ပေးခြင်းဖြင့် စက်သုံးဆီအကျပ်အတည်းပြဿနာကို အောင်မြင်စွာ ကျော်ဖြတ်နိုင်မည်ဖြစ်ပါကြောင်း ရေးသားအပ်ပါသည်။

# ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဂျုံကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ဝက်လက် မတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဂျုံကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၂၃၅၄၆ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ဂျုံစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၂၀ ဒသမ ၆၉ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ ဂျုံ ၂၃၅၄၆ ကေထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ ဂျုံစိုက်ခင်းတွေ လက်ရှိအချိန်မှာတော့ ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဂျုံစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တောင်သူ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဂျုံအထွက်တိုးအောင် ရေသွင်းပြီး မြေသြဇာကျွေးဖို့၊ ပေါင်းရှင်းဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် ဂျုံစိုက်ပျိုးရာ၌ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်း တိုးတက်ရေး၊ အရည်အသွေးကောင်းဂျုံများ စနစ်တကျ စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး အသိပညာပေးခဲ့ကြောင်း သိရသည်။

ဂျုံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့်လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဂျုံကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ဝမ်းတွင်းမြို့နယ် နတ်ကန်(နောက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး



**ဝမ်းတွင်း မတ် ၃၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေ ပြည်သူများ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်နိုင်စေရန်နှင့် အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးများရရှိစေရန် ရည်ရွယ်၍ နတ်ကန်(နောက်) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ နတ်ကန်(နောက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၄ ဒသမ ၄ သန်းဖြင့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ နတ်ကန်(နောက်) ကျေးရွာ၌ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၄ ဒသမ ၄ သန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက ပြောပြ၍ သိရသည်။ **အောင်ရဲကျော်**

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ကွမ်းသီးခြောက် ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ပန်းတနော် မတ် ၃၁**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ကွမ်းသီးခြောက် ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် ကွမ်းနှင့်ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်သက်မာက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ကွမ်းသီးခြောက်ပိဿာချိန် ၆၀၀၀၀ သာတင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ်လအတွင်း ကွမ်းသီးခြောက် ပိဿာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကွမ်းသီးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၂၂၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"အရောင်းအဝယ် ဖြစ်နေတဲ့ ကွမ်းသီးခြောက်တွေက အသစ်လုပ်ထားတဲ့ ကွမ်းသီးခြောက်တွေပါ။ ပြီးခဲ့တဲ့ မတ်လအတွင်း ကွမ်းသီးခြောက် ပိဿာချိန် ၇၂၀၀၀ ထိ ရန်ကုန်ဈေးကွက်ကိုတင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချတဲ့ ကွမ်းသီးခြောက်တွေက အရည်အသွေးကောင်းပါတယ်။ လက်ရှိမှာလဲ ဒေသက ကွမ်းသီးခြောက်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ အခုနှစ် ကွမ်းသီးခြောက်က ပြည်တွင်းမှာကို ရောင်းအား ကောင်းနေပါတယ်" ဟု ပန်းတနော်မြို့နယ် ကွမ်းနှင့်ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သက်သက်မာက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ကွမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက်ကွမ်းသီးများကို လိုက်လံဝယ်ယူပြီး အလုံးအတိုင်းနှင့် စနစ်တကျခွဲစိတ်ကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ ကွမ်းသီးခြောက်များ အရောင်းအဝယ်ကောင်းလာသည့်အတွက် ကွမ်းသီးခြောက် သိုလှောင်ထားသူများ၊ ကွမ်းစိုက်တောင်သူများ၊ ပွဲရုံပိုင်ရှင်များ၊ ကွမ်းသီးညှပ်လုပ်သားများ အလုပ်အကိုင် အဆင်ပြေနေကြောင်း သိရသည်။ **ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၂၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ရွှေတောင်မြို့နယ် ဘယ်လက်ကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရွှေတောင် မတ် ၃၁**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဘယ်လက်ကျေးရွာ၌ Myanmar Citizens Bank နှင့် ပူးပေါင်း၍ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရွှေတောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ခိုင်ဇော်က မြစိမ်းရောင် ကျေးရွာစီမံကိန်းကို Mobile Financial Payment စနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ရန်ပုံငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ Myanmar Citizens Bank မှ တာဝန်ရှိသူများက Mobile Financial Payment အကောင့်ဖွင့်ပေးခြင်းနှင့် ငွေပေးချေနိုင်မည့် နည်းလမ်းများကို ရှင်းလင်း ပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူး၏ ကြီးကြပ်မှုဖြင့် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဘယ်လက်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အသင်းသား၊ အသင်းသူ ၉၅ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၄၂၀ ကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးအောင်ခိုင်ဇော်က ပြောပြ၍ သိရသည်။

**ချိုသန်းညွန့်**

# တပ်ကုန်းမြို့နယ် ပေါက်ပင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**နေပြည်တော် မတ် ၃၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တပ်ကုန်းမြို့နယ် ပေါက်ပင်သာ ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဥတ္တရခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်အေးနှင့် မြို့နယ် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ပေါက်ပင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းဇယားများ စနစ်တကျ ဖြည့်သွင်းထားခြင်း ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ပေါက်ပင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ တတိယနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၇ ဦးကို ရန်ပုံငွေကျပ် ၄၃၅ သိန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**သူသူ**

# ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး



**ကလေး မတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီးကလေးခရိုင် ကလေးမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းကေ ၉၁၉၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပဲတီစိမ်း စိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၈ ဒသမ ၀၈ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ကလေးမြို့နယ်ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲတီစိမ်းကေ ၉၁၉၀ ထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်း စိုက်ခင်းတွေ လက်ရှိအချိန်မှာ တော့ ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ပဲတီစိမ်း စိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အွေက ပြောပြသည်။

ကလေးမြို့နယ်တွင် ပဲတီစိမ်း စိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပို့လျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အွေက ပြောပြ၍ သိရသည်။

(၂၀၆)

# မိုင်းယန်းမြို့နယ် မိုင်းလွေကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုင်းယန်း မတ် ၃၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယန်းခရိုင် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုင်းလွေကျေးရွာအုပ်စု မိုင်းလွေကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို မတ် ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယန်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးရန်ကျော်၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မိုင်းလွေကျေးရွာ၌ ဒေသကျွဲနှင့် နွားမွေးမြူထားရှိ ဆောင်ရွက်နေမှုအခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှု ရှိ၊မရှိ ကြည့်ရှုစစ်ဆေးခဲ့ပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျေးရွာ၌ RBF စီမံကိန်း ခွင့်ပြုငွေကျပ်သိန်း ၃၀၀၊ အစုအဖွဲ့များ ထည့်ဝင်ငွေကျပ်သိန်း ၁၀၀ တို့ဖြင့် စံပြအဖွဲ့၊ အနာဂတ်ဖွံ့ဖြိုးရေးအဖွဲ့၊ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့နှင့် ရွှေနမ့်လွေအဖွဲ့ လေးဖွဲ့တို့မှ ဒေသကျွဲနှင့် နွားမွေးမြူခြင်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ရဲကျော်**

# ပုသိမ်ခရိုင်တွင် ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီ၌ စပါးလျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့

**ပုသိမ် မတ် ၃၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်တွင် ယခုနှစ်နွေသီးနှံ စိုက်ပျိုးရာသီ၌ စပါးလျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပုသိမ်ခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၃၀၂၉၁ ကေလျာထားစိုက်ပျိုးခဲ့ရာ ယနေ့တွင် စပါးကေ ၂၃၀၃၅၀ ထိ စိုက်ပျိုးပြီးပြီးစီးဖြစ်ပြီး လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ပုသိမ်ခရိုင် နွေသီးနှံစိုက်ပျိုးရာသီမှာ စပါးကေ ၂၃၀၃၅၀ ထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ စပါးစိုက်ပျိုးရာမှာလဲ အခက်အခဲမရှိစေဖို့ စိုက်ပျိုးရေး ဦးစီးဌာနအနေနဲ့ အသိပညာပေး လုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ပုသိမ်ခရိုင်အတွင်း စပါးစိုက်ပျိုးပြီးစီးမှုအနေဖြင့် ပုသိမ်မြို့နယ်တွင် ၅၁၆၉၆ ကေ၊ သာပေါင်းမြို့နယ်တွင် ၉၄၀၀၂ ကေ၊ ကန်ကြီးထောင့်မြို့နယ်တွင် ၇၆၇၁၄ ကေ၊ ငပုတောမြို့နယ်တွင် ၇၉၃၈ ကေ စုစုပေါင်း ကေ ၂၃၀၃၅၀ တို့ ဖြစ်ကြောင်း သိရသည်။

အဆိုပါ နွေစပါးများ ဖြစ်ထွန်းအောင်မြင်စေရန်၊ ထွက်ရှိလာသည့်စပါးအရည်အသွေးကောင်းမွန်စေရန်၊ စပါးအထွက်နှုန်းညီစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန် စသည့်တောင်သူအသိပညာပေး လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးနေကြောင်း သိရသည်။

စပါးကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပို့လျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် စပါးကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူကပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ပုဂံကျောက်စာထဲက ငရဲကြီးရှစ်ထပ်

မောင်သာ(ရှေးဟောင်းသုတေသန)

မြန်မာစာ၊ မြန်မာဘာသာစကား၊ မြန်မာအက္ခရာများကို ပထမဆုံး အသုံးပြုခဲ့သည့် အထောက်အထားသည် ပုဂံခေတ်တွင် ရေးထိုးခဲ့သည့် ကျောက်စာများဖြစ်သည်။ ပုဂံခေတ်မတိုင်မီက ထွန်းကားခဲ့သည့် ပျူယဉ်ကျေးမှုခေတ်တွင် ကျောက်စာများကို ရေးထိုးခဲ့သော်လည်း မြန်မာဘာသာစကား၊ မြန်မာအက္ခရာများကို အသုံးမပြုကြသေးပေ။

သို့တိုင်အောင် ပုဂံခေတ်မှ ကုန်းဘောင်ခေတ်၊ မင်းတုန်းမင်းလက်ထက် မတိုင်မီထိ မြန်မာဘာသာစကားဖြင့် ရေးထိုးခဲ့သည့် ကျောက်စာများသည် စုဆောင်းရသမျှ အရေအတွက် ၃၀၀၀ ကျော်သာရှိသည်။

ပျူစာပေဟု သတ်မှတ်သည့် အက္ခရာစာလုံးများကို ပျူယဉ်ကျေးမှုထွန်းကားခဲ့သည့် သရေခေတ္တရာမှ တူးဖော်ရရှိခဲ့သော ကျောက်ထွင်းအိုးများ၊ ရွှေပေလွှာများ၊ ပလ္လင်များ၊ ဗိသနိုးမှရရှိခဲ့သည့် တံဆိပ်များ၊ ဟန်လင်းမြို့ဟောင်းနှင့် ပင်လယ်မြို့ဟောင်းမှရရှိခဲ့သည့် ကျောက်စာများ စသည့်ပျူယဉ်ကျေးမှုအထောက်အထားပစ္စည်းတချို့တွင် တွေ့ရှိနိုင်ကြသည်။ သို့သော် ပျူခေတ်ထိုးကျောက်စာများကို အရေအတွက် အနည်းငယ်သာတွေ့ရှိရသည်။

ပုဂံခေတ် ၁၁၁၃ ခုနှစ်တွင် ရေးထိုးခဲ့သည့် ရာဇကုမာရ်ကျောက်စာတွင် ကျောက်စာမျက်နှာတစ်ဖက်စီ၌ ဘာသာစကားတစ်မျိုးစီဖြင့် ရေးထိုးထားသည်။ ရာဇကုမာရ်ကျောက်စာတွင် ပါရှိသည့် မြန်မာ၊ မွန်နှင့် ပါဠိဘာသာစကား မဟုတ်သည့် အက္ခရာစာလုံးများကို အမည်မသိ ဘာသာစကား (Unknown Language)ဟု အမည်တပ်ခဲ့သော်လည်း ကျောက်စာပါ ထိုစာသားများသည် သရေခေတ္တရာမှ ရရှိခဲ့သည့် ကျောက်ထွင်းအိုးများတွင် ရေးထိုးထားသည့် စာများနှင့်ပုံသဏ္ဌာန်တူညီနေကြောင်း တွေ့ရှိရသည်။ ပညာရှင်များက သရေခေတ္တရာကျောက်ထွင်းအိုးတွင် ရေးထွင်းထားသည့် စာများကို ပျူစာပေဟု သတ်မှတ်သဖြင့် ရာဇကုမာရ်ကျောက်စာတွင်ပါရှိသည့် အမည်မသိ ဘာသာစကားများကို ပျူစာပေ၊ ပျူစကားလုံးများဟုပင် သတ်မှတ်ခဲ့သည်။

ပျူစာအရေးအသားသည် ပျူခေတ်မှ ပုဂံခေတ်ထိ သုံးစွဲခဲ့သဖြင့် ရာဇကုမာရ်ကျောက်စာနှင့် စောလူးမင်းကျောက်စာတို့တွင် ပျူစာဖြင့် ရေးထိုးထားသည့် အကြောင်းအရာများပါရှိခဲ့သည်။

**ပုဂံခေတ် မြန်မာကျောက်စာများ**

မြန်မာ့စွယ်စုံကျမ်းတွင်လည်း ကျောက်စာများကို လေ့လာခြင်းဖြင့် ကျောက်စာရေးထိုးသောခေတ်က ယုံကြည်မှုအယူဝါဒများ၊ ယဉ်ကျေးမှုအနုပညာများနှင့် လူမှုဆက်ဆံရေးများကို မှန်းဆအကဲခတ်နိုင်သဖြင့် နိုင်ငံ့သမိုင်းကို များစွာအထောက်အကူဖြစ်စေကြောင်း ရေးသားထားသည်။

ထို့ကြောင့် ကျောက်စာများသည် ရေးထိုးခဲ့သည့် ခေတ်ကာလသမိုင်းကြောင်းများကို ထင်ဟပ်နေသည့် အထောက်အထားများဖြစ်ကြသည်။ မြန်မာနိုင်ငံ၏ သမိုင်းကြောင်းအထောက်အထားများကို ရှာဖွေဖော်ထုတ်နိုင်ရန် ရှေးဟောင်းကျောက်စာများကို စုဆောင်းခဲ့ရာ၌ ပုဂံခေတ်တွင် ရေးထိုးခဲ့သည့် ကျောက်စာများလည်း ပါဝင်ခဲ့သည်။ ပုဂံကျောက်စာများမှတစ်ဆင့် ပုဂံ၏သမိုင်းနောက်ကြောင်း အစိတ်အပိုင်းများကို ခြေရာခံနိုင်ခဲ့သည်။

ထို့ကြောင့် ပုဂံခေတ်တွင်ရေးထိုးခဲ့သည့် ရာဇကုမာရ်ကျောက်စာ၊ သိင်္ဃသူသမီးကျောက်စာ၊ ဖွားစောကျောက်စာ၊ ကျစွာမင်းကျောက်စာ၊ ရှင်ဒိသာပါမောက်ကျောက်စာ စသည့်ထင်ရှားသော မြန်မာကျောက်စာများကို သမိုင်းသုတေသီများက သုတေသနပြုကာ ပုဂံခေတ် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယုံကြည်ကိုးကွယ်မှု၊ အနုပညာနှင့်စာပေအရေးအသား စသည်တို့ကို ဖော်ထုတ်နိုင်ခဲ့သည်။

ကုန်းဘောင်ဘုရင်ဗဒုံမင်း (၁၇၈၂–၁၈၁၉) လက်ထက်မှစ၍ ကျောက်စာများကို စတင်စုဆောင်းခဲ့သည်။ လက်ရှိအချိန်တွင် ရှေးဟောင်းကျောက်စာအများစုကို ရှေးဟောင်းသုတေသနပြတိုက်များနှင့် ကျောက်စာရုံများတွင် ထိန်းသိမ်းထားရာ ပုဂံခေတ်ထိုးကျောက်စာအများစုကိုပုဂံရှေးဟောင်းသုတေသနပြတိုက်တွင်လေ့လာနိုင်သည်။

**❖ ခေမာဝရကျောက်စာတွင် နာတောင်းများမင်းရေးထိုးခဲ့သည့် ကျိန်စာသည် ကြောက်ရွံ့ထိတ်လန့်ဖွယ်ကောင်းသကဲ့သို့ စိတ်ဝင်စားဖွယ်လည်း ကောင်းနေသည်။ ဤသို့ စင်လှစွာမူ၍ ငါလှူသောမြေကို အစိုးရသတည်းဟု ဖျက်ဆီးသော မင်းလည်းကောင်း၊ မင်းသား၊ မင်းမယားတို့သည်လည်းကောင်း၊ အမတ်ရာဗိုလ်တို့သည်လည်း ကောင်း စားလို၍ယူသော်လည်းကောင်း၊ ဖျက်ဆီးသော်လည်းကောင်း ဤလူလက်ထက် အပြစ်ရှစ်ပါးရောက်စေသတည်းဟု ကျိန်စာရေးထိုးခဲ့သည်။ ဆက်လက်၍ ဗုဒ္ဓအဘိဓမ္မာပိဋကတ်တော်တွင် ပါရှိသည့် အတိုင်း ငရဲရှစ်ထပ်၏သက်တမ်းကို လူ့သက်တမ်းနှင့်တွက်ချက် ဖော်ပြထားသည်။ ❖**

ရှေးဟောင်းကျောက်စာများကို မြန်မာဘာသာဖြင့် ရေးထိုးခဲ့သော်လည်း ခေတ်ကာလအလျောက် အသုံးပြုခဲ့သည့် အက္ခရာများသည် မျက်မှောက်ခေတ်သုံး မြန်မာအက္ခရာများနှင့် ကွဲလွဲမှုများရှိသည်။ ထို့အတူ အသုံးအနှုန်း၊ ဝါကျတည်ဆောက်ပုံ၊ စာအရေးအသားပုံစံသည် မျက်မှောက်ခေတ် သုံးစွဲပုံနှင့် မတူညီသဖြင့် ကျောက်စာများကို အလွယ်တကူ မဖတ်နိုင်ကြပေ။

ပုဂံခေတ်ထိုးကျောက်စာများတွင် ရေးထိုးထားသည့် စာသားများကိုမူတည်လျက် ထူးခြားနေသည့် ကျောက်စာများကို အများအပြားတွေ့ရှိနိုင်သည်။ ပုဂံခေတ်တွင် ထေရဝါဒဗုဒ္ဓဘာသာသည် ကျယ်ပြန့်စွာ ထွန်းကားနေပြီ ဖြစ်သဖြင့် အချို့သောကျောက်စာများတွင်ပါဠိတော်လာစကားလုံး၊ အသုံးအနှုန်းများကို တွေ့ရှိကြရသည်။

၎င်းတို့အနက် ထေရဝါဒဗုဒ္ဓဘာသာအလိုအရ အကုသိုလ်ကျူးလွန်သူများ ကွယ်လွန်ပြီးနောက် ဒုတိယဘဝတွင် ရောက်သွားမည့် ငရဲကြီး ရှစ်ထပ်ကို ပုဂံသားများကလည်း လက်ခံကြကြောင်း ကျောက်စာအထောက်အထားတစ်ခုအရ သိရှိကြရသည်။ ထိုကျောက်စာသည် သက္ကရာဇ် ၅၆၉ ခုနှစ်တွင် ပုဂံဘုရင် နာတောင်းများမင်း(၁၂၁၁–၁၂၃၁) ရေးထိုးစိုက်ထူခဲ့သည့် ခေမာဝရာဘုရားကျောက်စာဖြစ်သည်။

**ပုဂံဘုရင် နာတောင်းများ**

ပုဂံကျောက်စာများတွင် နာတောင်းများမင်းကို နာတောင်များဟု ရေးထိုးကြောင်း တွေ့ရှိရသည်။ ပုဂံခေတ်ဘုရင်များအနက် ဒုတိယစည်သူဘုရင်ဟု ထင်ရှားသည့် နရပတိစည်သူနှင့် မိဖုရားမြကန်သည် နာတောင်းများမင်း၏ ခမည်းတော်နှင့် မယ်တော်ဖြစ်သည်။ နာတောင်းများတွင် အစစ်မင်လှအမည်ရှိ နမအရင်းတစ်ဦးရှိသည်။ နရပတိစည်သူမင်းသည် အခြားမိဖုရားများနှင့်လည်း သားတော်၊ သမီးတော်များထွန်းကားခဲ့ရာ ရာဇသူရ၊ ဂင်္ဂသူရ၊ ပုံချီတို့ကဲ့သို့ မိခင်အမည်ကိုဖော်နိုင်သည့် သားတော်၊ သမီးတော်များအပြင် ကြံ့သိုင်ကြီ၊ သိင်္ဃပိစည်းတို့ကဲ့သို့ မိခင်နာမည်ကို မဖော်နိုင်သည့် သားတော်၊ သမီးတော်များလည်း ရှိခဲ့သည်။

နရပတိစည်သူ၏ သားတော်၊ သမီးတော်များတွင် နာတောင်းများသည် အငယ်ဆုံးမဟုတ်သော်လည်း ထီးနန်းကို အရထိုက်ဆုံးသားတော်ဖြစ်သဖြင့် ပုဂံထီးနန်းကိုရခဲ့ကြောင်း ဒေါက်တာသန်းထွန်းက သုံးသပ်ခဲ့သည်။

နာတောင်းများမင်းသည် နန်းတက်စတွင် ထီးလိုမင်းလိုဘုရားကိုတည်ခဲ့သဖြင့် ထီးလိုမင်းလိုမင်းဟုလည်း ထင်ရှားသည်။ နရပတိစည်သူမင်း နတ်ရွာမစံမီ နန်းမွေဆက်ခံမည့်သားတော်ကို ရွေးရန် သားတော်ငါးပါးအလယ်၌ ထီးဖြူစိုက်၍ မင်းဖြစ်ထိုက်သူဘက်သို့ ထီးတော်ညွှတ်စေရန် အဓိဋ္ဌာန်ခဲ့ရာ ထီးတော်က နာတောင်းများဘုရင်ဖြစ်လာမည့် မင်းသား ဇေယျသိင်္ခထံသို့ ညွှတ်ခဲ့သည်ဟု ရာဇဝင်ကျမ်းများတွင် ဖော်ပြထားသည်။ ထို့ကြောင့် ထိုနေရာတွင် တည်ခဲ့သည့်ဘုရားကို ထီးလိုမင်းလိုဘုရားဟု အမည်ပေးခဲ့သည်ဟု ဆိုသည်။

**ခေမာဝရာဘုရားကျောက်စာ**

နာတောင်းများမင်းသည် သက္ကရာဇ် ၅၆၉ ခုနှစ် တန်ခူးလဆန်း ၁ ရက် ကြာသပတေးနေ့တွင် မိမိပြုခဲ့သည့် အလှူမှတ်တမ်းကျောက်စာကို ရေးထိုးခဲ့သည်။ ကျောက်စာတွင် ခေမာဝရာဘုရားနှင့် ပတ်သက်သည့် အကြောင်းအရာများ မပါဝင်သော်လည်း ထိုကျောက်စာကို ပုဂံမြို့ဟောင်း၏ အရှေ့မြောက်ယွန်းယွန်းရှိ ခေမာဝရာဘုရားတံတိုင်းအတွင်း၌ တွေ့ရှိခဲ့သဖြင့် ခေမာဝရာဘုရားကျောက်စာဟု အမည်တွင်ခဲ့သည်။ နာတောင်းများမင်းသည် ဘုရားဆုကိုပန်၍ပိဋကတ်၊ ကျောင်း၊ ကချေသဘင်၊ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်၊ ဆီမီး၊ သင်ပုတ်၊ မြေနှင့် ထန်းပင် ၁၀၅၀၊ လယ်မြေများကို လှူဒါန်းခဲ့သည်။

ကျောက်စာတွင် နာတောင်းများမင်း၏ အလှူရေစက်ချပွဲကျင်းပပုံနှင့် သာဓုအနုမောဒနာခေါ်ဆိုကြပုံတို့ကို ရေးထိုးထားသည်။ အလှူ၏ အဓိက ရည်ရွယ်ချက်သည် သံဃာတော်များ မေတ္တာဘာဝနာပွားများနိုင်ရန် လယ်မြေများကို လှူဒါန်းခြင်းဖြစ်၍ ကျောက်စာတွင် ဆုတောင်းစာရော ကျိန်စာကိုပါ ရေးထိုးခဲ့သည်။

ခေမာဝရကျောက်စာတွင် စာကြောင်း ၃၈ ကြောင်းပါရှိ၍ ကျောက်စာရေးထိုးသည့် ရက်စွဲကို ဦးစွာ ဖော်ပြသည်။ ထို့နောက် နာတောင်းများမင်း၏ ဘွဲ့အမည်ဖြစ်သည့် ဩီတြိဘဝနာ ဒိတျာပဝရဓမ္မရာဇာမည်...တောင်များမင်းကြီဟု ရေးထိုးဖော်ပြထားသည်။

ဆက်လက်ပြီး မင်းကြီးသည် သဗ္ဗညုဘုရားဆုကို လိုချင်၍ ရတ္တနာတိဆန်းကြယ်စွာ.... လေပ္လတ်မူ၏ဟု အစချီလျက် ပိဋကတ်၊ ကျောင်း၊ ကချေသဘင်၊ ရွှေပေါက်ပေါက်၊ ဆီမီး၊ သင်ပုတ်တို့ကို သခင်သံဃာတို့အား မေတ္တာဘာဝနာမူစိမ့်သောငှာ လှူဒါန်းကြောင်း ရေးထိုးသည်။

လှူဒါန်းသည့် လယ်မြေများကို အရပ်ရှစ်မျက်နှာနယ်နိမိတ်သတ်မှတ်ချက်ကို အသေးစိတ် ဖော်ပြခဲ့သည်။ နာတောင်းများမင်းသည် မိမိလှူခဲ့သည့် လယ်မြေများနှင့်စပ်လျဉ်း၍ နောင်အခါတွင် အငြင်းပွားမှု တစ်စုံတစ်ရာ မဖြစ်ပွားစေရန် ကြိုတင်စီမံခဲ့ခြင်းဖြစ်တန်ရာသည်ဟု ယူဆရသည်။ နာတောင်းများမင်းလှူခဲ့သည့် လယ်မြေများသည် အလွန်များပြားကျယ်ဝန်းလှကာ စုစုပေါင်း ၂၆၀၀ ပယ်ဖြစ်ကြောင်း အဝေးသင်တက္ကသိုလ်ကျောက်စာပို့ချချက်စာအုပ်တွင် ရေတွက်ဖော်ပြထားသည်။

နာတောင်းများမင်းသည် မိမိ၏အလှူအစုစုကို ခမ်းနားစွာရေစက်ချခဲ့ရာ စည်၊ ခရာများတီးမှုတ်လျက် မှူးမတ်၊ ဗိုလ်ပါ ပရိသတ်အပေါင်းများစွာနှင့် ရဟန်းသံဃာများရှေ့မှောက်၌ ရေစက်သွန်းချလှူဒါန်းခဲ့သည်။ မင်းကြီး၏အလှူကို ကြားသိသော မင်းသား၊ အမတ်၊ သူဌေး၊ သူကြွယ်တို့သည် ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာခေါ်ဆိုခဲ့ကြသည်။

**ကျောက်စာပါ ငရဲကြီးရှစ်ထပ်**

ခေမာဝရကျောက်စာတွင် နာတောင်းများမင်း ရေးထိုးခဲ့သည့်ကျိန်စာသည် ကြောက်ရွံ့ထိတ်လန့်ဖွယ်ကောင်းသကဲ့သို့ စိတ်ဝင်စားဖွယ်လည်း ကောင်းနေသည်။ ဤသို့ စင်လှစွာမူ၍ ငါလှူသောမြေကို အစိုးရသတည်းဟု ဖျက်ဆီးသော မင်းလည်းကောင်း၊ မင်းသား၊ မင်းမယားတို့သည်လည်းကောင်း၊ အမတ်ရာဗိုလ်တို့သည်လည်းကောင်း စားလို၍ယူသော်လည်းကောင်း၊ ဖျက်ဆီးသော်လည်းကောင်း ဤလူလက်ထက် အပြစ်ရှစ်ပါးရောက်စေသတည်းဟု ကျိန်စာ ရေးထိုးခဲ့သည်။ ဆက်လက်၍ ဗုဒ္ဓအဘိဓမ္မာပိဋကတ်တော်တွင်ပါရှိသည့်အတိုင်း ငရဲရှစ်ထပ်၏ သက်တမ်းကို လူ့သက်တမ်းနှင့်တွက်ချက် ဖော်ပြထားသည်။

ကျောက်စာတွင် ရေးထိုးထားသည့် စာသားများတွင် ခန္ဓာပျက်သောကား လူနှစ်တွက်သော အနှစ်ကိုးသန်းမှ တစ်နေ့ရှိသော သိဉ္စိုးငရဲ၊ လူနှစ် သုံးကုဋေခြောက်သန်းမှ တစ်နေ့ရှိသော ကာဠသုတ်ငရဲ၊ လူနှစ် ၁၄ ကုဋေ အမြတ် လေးသန်းမှ တစ်နှစ်ရှိသော တာပနငရဲ၊ လူနှစ်တွက်သော အကုဋေ ၂၃၀ အနှစ် လေးသန်းမှ တစ်နေ့ရှိသော သင်္ဃာတငရဲ၊ လူနှစ်တွက်သော အကုဋေ ၉၂၁ အမြတ် အနှစ် ခြောက်သန်းမှ တစ်နေ့ရှိသော ရောရုဝငရဲ၊ လူနှစ်တွက်သော အကုဋေ ၃၆၈၆ ကုဋေအမြတ် အနှစ် လေးသန်းမှ တစ်နေ့ရှိသော မဟာ ရောရုဝငရဲ၊ လူနှစ်တွက်သော အကုဋေ ၁၄၇၄၅ အမြတ် အနှစ် ခြောက်သန်းမှ တစ်နေ့ရှိသော အဝီစိငရဲ၊ ဤငရဲတို့၌လည်း ကျက်လေစေသတည်းဟု ငရဲသက်တမ်းများကို ဖော်ထုတ်ရေးထိုးထားသည်။

ကျောက်စာ စာကြောင်းရေ ၃၀ တွင် ငရဲ၏ ကြောက်မက်ဖွယ်ကောင်းပုံကို ကကုသန်ဘုရားရှင်လက်ထက်က ငရဲလားခဲ့သူတစ်ဦး ဒုက္ခခံစားရပုံကို

စာမျက်နှာ ၅ သို့ á

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကိုလက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လောက်သာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# သာပေါင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဗိုလ်ကိတ်ပဲ ၃၂၁၉ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ပုသိမ် မတ် ၃၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဗိုလ်ကိတ်ပဲ ၃၂၁၉ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

သာပေါင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက ဗိုလ်ကိတ်ပဲ ၁၃၉၇၆ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သော ဗိုလ်ကိတ်ပဲများ မတ်လ ပထမပတ်ကစတင် ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၃၂၁၉ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၆ ဒသမ ၅၈ တင်း ထွက်ရှိကြောင်း သိရသည်။

"သာပေါင်းမြို့နယ် ဒီနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ဗိုလ်ကိတ်ပဲ ၁၃၉၇၆ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ ဗိုလ်ကိတ်ပဲတွေ လက်ရှိ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့မှာ ၃၂၁၉ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဗိုလ်ကိတ်ပဲတွေက အထွက်နှုန်းကောင်းမွန်ပြီး အရည်အသွေးလဲ ကောင်းပါတယ်။ ဗိုလ်ကိတ်ပဲတွေ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်ဖို့ ပံ့ပိုးဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူ က ပြောပြသည်။

သာပေါင်းမြို့နယ်၌ ဗိုလ်ကိတ်ပဲများစိုက်ပျိုးရာတွင် မျိုးကောင်း မျိုးသန့်များ စိုက်ပျိုးရန်၊ အထွက်နှုန်းကောင်းမွန်ရန်အတွက် ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသန ဦးစီးဌာနတို့က ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဗိုလ်ကိတ်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဗိုလ်ကိတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

**ကျော်ကျော်လင်း**

➤ စာမျက်နှာ ၄ မှအဆက်

ဖော်ပြသည့် ပါသာဏတ္ထပြိတ္တာဝတ္ထုကို သာဓကပြုခဲ့သည်။ ကကုသန်ဘုရားသခင်သာသနာ၌ သဒ္ဓါသောသူတော်သည် လှူသောဝတ်လယ်ကိုလိုချင်၍ အခြား၌ဆောက်သော ကျောက်ကိုနုတ်ဘိ၍ ဝတ်လယ်ကို ယုတ်စေဘိသောကြောင့် ကျောက်တိုင်လွန်၍ လယ်ကိုယူသောထိုယောကျ်ားကား သေခဲ့သော အထုလည်း အရက် ၆၀ သွား၊ အလျားအနံလည်း အရက် ၆၀ သွားရှိသော ကျောက်ဖျာတွင် ခါးရွှေ့နစ်၍ ဘုရားသုံးယောက်လွန်ပြီး ငါဘုရားဂေါတမလွန်အောင် မလွတ်တတ်သော ပြိတ္တာသို့သော ပြိတ္တာလည်းဖြစ်စေသတည်းဟု ရေးထိုးထားသည်။

ငရဲရှစ်ထပ်ကို အသေးစိတ်ရေးထိုးထားသည့် ခေမာဝရကျောက်စာတွင် ပုဂံခေတ်စကားပြေ အရေးအသားပုံစံကို လေ့လာနိုင်ကြသည်။ မြန်မာစာပေ ပညာရှင်များက ခေမာဝရကျောက်စာကို တင်ပြပုံအစီအစဉ်ကျသောကျောက်စာတစ်ချပ်ဟု ယူဆကြသည်။ ကျောက်စာတွင် ပါဠိနှင့် သက္ကတ စကားလုံးအနည်းငယ်ကို အသုံးပြုထားပြီး မြန်မာဝေါဟာရများကိုသာ အများဆုံးအသုံးပြုထားကြောင်း သတိပြုနိုင်သည်။ သို့သော် ကျောက်စာတွင် ခါးရွှေ့နစ်၍ ဘုရားသုံးယောက်လွန်ပြီး ကဲ့သို့သော အသုံးအနှုန်းသည် ကျောက်စာရေးထိုးသည့် အချိန်တွင်ပုဂံခေတ် မြန်မာစာ အရေးအသားတည်ငြိမ်ခိုင်မာမှု အားနည်းနေသေးကြောင်း သုံးသပ်နိုင်သည်။ သို့သော် ငရဲကြီး ရှစ်ထပ်ကို အသေးစိတ်ဖော်ပြရေးထိုးထားမှုသည်ကား ပုဂံသားတို့၏ ထေရဝါဒဗုဒ္ဓဘာသာအပေါ် သက်ဝင်ယုံကြည်မှုကြီးမားပုံနှင့် ဘုရားရှင်၏တရားတော်များကို အသေအချာ သိရှိလိုက်နာကြပုံကို ချီးကျူးဖွယ်ဖြစ်သည်။

မည်သို့ပင်ဆိုစေ နားတောင်းများမင်း၏ ခေမာဝရဘုရားကျောက်စာသည် စကားပြေအရေးအသား မတည်ငြိမ်သေးသည့်တိုင် ရေးယခင်ကျောက်စာများထက် စာပေအရေးအသား တိုးတက်မြင့်မားလာပုံကို လေ့လာနိုင်သည့် ကျောက်စာတစ်ချပ်ဟု ဆိုရမည်သာဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- **ခေမာဝရဘုရားကျောက်စာ**
- **ပုဂံဆက်(ဒေါက်တာသန်းထွန်း)**
- **စာကိုးအဘိဓာန်(မြန်မာစာအဖွဲ့)**
- **မ ၃၁၀၃ ဘာသာစကား(၁)(ရန်ကုန်အဝေးသင်တက္ကသိုလ်)**

## မျိုးဆက်သစ်

\- ပြည်မြန်မာ ဘယာဘေး
စဉ်သာဝေး အေးချမ်းစေ၊
စည်းလုံးညီ တိုးတက်စွမ်း
ငြိမ်းချမ်းဌာနေ၊
ဥမကွဲသော မြန်မာ့အခြေ
အဖိုးတန်မြေ ခမ်းနား၊
ရွှေပြည်တော် ပြည်ဂုဏ်အကျိုး
ကြိုးစားစို့လား။

\- မောင်မယ်တွေ လက်ဆင့်ကမ်း
ပြည်တစ်ဝန်း လက်တွဲကာ၊
ပညာတွေ သင်ကြားမပျက်
ရှေ့ဆက်ညီညာ၊
မြန်မာတို့ ပန်းတိုင်မဟာ
ရောက်ဖို့ရာ အတွေးမမှား၊
ရွှေပြည်တော် မင်္ဂလာရှိ
ပီတိတွေပွား။

\- တို့မြန်မာ မျိုးဆက်သစ်
တိုးတက်ဖြစ် ခိုင်မြဲမည်၊
အမိမြေကို ကာကွယ်အထူး
ကြည်နူးစေသည်၊
နိုင်ငံ့၏ မြတ်ဂုဏ်ရည်
ထာဝစဉ်တည် မညှိုးဖို့၊
လူငယ်တွေ တို့မြေချစ်ကာ
မြဲထုဆစ်စို့။

ရွှေမြိုင်သူ(မြန်မာစာ)

# ဟုမ္မလင်းမြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဟုမ္မလင်း မတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟူနောင်ကျေးရွာနှင့် ဟင်နောင်ကျေးရွာတို့အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို မတ် ၃၀ ရက် နံနက်ပိုင်းက ဟူနောင်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ ဟုမ္မလင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်တင်ယုမေက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရခြင်း၏ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဟုမ္မလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရာဇ္ဇေးက ဟူနောင်ကျေးရွာနှင့် ဟင်နောင်ကျေးရွာတို့မှ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၈၄၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အဆိုပါကျေးရွာနှစ်ရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦးကို ငွေကျပ်သိန်း ၂၃၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၇ ဦးကို ငွေကျပ်သိန်း ၄၇၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦးကို ငွေကျပ်သိန်း ၁၄၀ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၄ ဦးကို ငွေကျပ်သိန်း ၈၄၀ ထုတ်ချေးပေးခဲ့ကြောင်း ဟုမ္မလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ချစ်ဦးကို**

# နိုင်ငံတကာ သတင်းများ

## ပြည်လုံးကျွတ်လူဦးရေစာရင်းကောက်ခံမှု ဧပြီ ၁ ရက်တွင် အိန္ဒိယအစိုးရစတင်မည်

**ဒေလီ မတ် ၃၁**

ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှု ကပ်ဘေးကာလအတွင်း ဆိုင်းငံ့ထားခဲ့သည့် ပြည်လုံးကျွတ်လူဦးရေစာရင်းကောက်ခံမှုကို အိန္ဒိယနိုင်ငံက ဧပြီ ၁ ရက်တွင် စတင်မည်ဖြစ်ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ ပြည်လုံးကျွတ်လူဦးရေစာရင်းကောက်ခံမှုကို အိန္ဒိယအစိုးရဝန်ထမ်း သုံးသန်းကျော်တို့က တစ်နှစ်ကြာ အချိန်ယူပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် အဆိုပါ ပြည်လုံးကျွတ် လူဦးရေစာရင်းကောက်ခံမှုကို မူလက ၂၀၂၁ ခုနှစ်တွင် ပြုလုပ်ရမည်ဖြစ်သော်လည်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုကပ်ဘေးကြောင့် အစီအစဉ်ဆိုင်းငံ့ထားရခြင်းဖြစ်သည်။

ဧပြီ ၁ ရက်တွင် စတင်မည့် ပြည်လုံးကျွတ် လူဦးရေစာရင်းကောက်ခံမှု လုပ်ငန်းစဉ်တွင် အဆင့် နှစ်ဆင့်ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ပထမအဆင့် လုပ်ငန်းစဉ်တွင် တစ်နိုင်ငံလုံးရှိ လူနေအိမ်များနှင့် လူနေထိုင်မှု အခြေအနေများကို မှတ်တမ်းယူမည်ဖြစ်ပြီး ဒုတိယ အဆင့်လုပ်ငန်းစဉ်အရ အဆိုပါ နေအိမ်များ၌ နေထိုင်သူမှန်သမျှနှင့် ၎င်းတို့၏လူမှုစီးပွားရေးအခြေအနေတို့ကို တစ်အိမ်တက်ဆင်း ကောက်ခံမည်ဖြစ်ကြောင်း အိန္ဒိယ တာဝန်ရှိသူများက ပြောကြားထားသည်။

ကမ္ဘာ့လူဦးရေအများဆုံး နိုင်ငံအဖြစ် ၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံကို ကျော်ဖြတ်ရပ်တည်ခဲ့သော အိန္ဒိယနိုင်ငံ၏ လက်ရှိ လူဦးရေမှာ ၁ ဒသမ ၄ ဘီလီယံ ကျော်ရှိကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**



## သင်္ဘောနစ်မြုပ်ပြီးနောက် ဖောင်ဖြင့်မျောပါလာသူ ၂၁ ဦးကို အင်ဒိုနီးရှားတာဝန်ရှိသူများကယ်တင်

**ဂျကာတာ မတ် ၃၁**

ပင်လယ်ပြင်အတွင်း ရေယာဉ်နစ်မြုပ်ပြီးနောက် ဖောင်တစ်စီးဖြင့် မျောပါနေသည့် ရေမျောဒုက္ခသည် ၂၁ ဦးကို အင်ဒိုနီးရှားရှာဖွေကယ်ဆယ်ရေး သမားများက ယနေ့ နံနက်ပိုင်းတွင် ကယ်တင်နိုင်ခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

နာဇီလာ-၀၅ ခရီးသည်တင်ရေယာဉ်ငယ်တစ်စီး နစ်မြုပ်ခဲ့ပြီး တစ်ရက်အကြာတွင် အဆိုပါ ရေမျောဒုက္ခသည်များကို အင်ဒိုနီးရှား ကယ်ဆယ်ရေးသမားများက ကယ်တင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နာဇီလာ-၀၅ ရေယာဉ်သည် မြောက်မာလူကူပြည်နယ် တာလီယာဘူကျွန်းမြောက်ဘက်ရေပြင်အတွင်း မတ် ၃၀ ရက်က နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။


ရေယာဉ် နစ်မြုပ်ခဲ့ပြီးနောက် နာဇီလာ-၀၅ ရေယာဉ်ပေါ်လိုက်ပါလာသူများအနက် ၂၇ ဦးပျောက်ဆုံးနေကြောင်း သိရသည်။

နာဇီလာ-၀၅ သင်္ဘောနစ်မြုပ်ပြီးနောက် ဖောင်တစ်စီးဖြင့်မျောပါနေသော အသက်ရှင်ကျန်ရစ်သူများကို သင်္ဘောနစ်မြုပ်ရာနေရာနှင့် ၃၉ မိုင်ခန့်အကွာတွင် ကယ်တင်နိုင်ခဲ့ခြင်းဖြစ်သည်။

ကျွန်းပေါင်း ၁၇၀၀၀ ကျော်ဖြင့် ဖွဲ့စည်းထားသော အင်ဒိုနီးရှားနိုင်ငံ၌ သယ်ယူပို့ဆောင်ရေးအတွက် ရေယာဉ်အသုံးများသည်ဖြစ်ရာ ရေယာဉ်မတော်တဆမှုများ မကြာခဏဖြစ်ပွားတတ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## ဝန်ကြီးချုပ် အနူတင်ချန်ဗီရာကူးလ်၏ အစိုးရအဖွဲ့သစ် ထိုင်းဘုရင်မဟာဝိဇယလောင်ကွန်း၏ အတည်ပြုချက်ရရှိ



**ဗန်ကောက် မတ် ၃၁**

ဝန်ကြီးချုပ် အနူတင်ချန်ဗီရာကူးလ်၏ ထိုင်းအစိုးရအဖွဲ့သစ်ကို ထိုင်းဘုရင်မင်းမြတ် မဟာဝိဇယလောင်ကွန်းက လက်ခံသဘောတူခဲ့ကြောင်း ယနေ့တွင် ထုတ်ပြန်ထားသော နန်းတော်ပြန်တမ်း၌ ဖော်ပြထားသည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

ထိုင်းဘုရင်မင်းမြတ်၏ အတည်ပြုချက်ရရှိခဲ့ပြီးနောက် ဝန်ကြီးချုပ် အနူတင်ချန်ဗီရာကူးလ်၏ အစိုးရအဖွဲ့သစ်အနေဖြင့် ကျမ်းသစ္စာကျိန်ဆိုနိုင်မည်ဖြစ်သည်။

အစိုးရအဖွဲ့အဖြစ် ကျမ်းသစ္စာကျိန်ဆိုပြီးနောက် ထိုင်းအစိုးရသစ်အနေဖြင့် လွှတ်တော်သို့မူဝါဒရေးရာကြေညာချက် ဆက်လက်တင်သွင်းရမည် ဖြစ်ကြောင်း သိရသည်။

လွှတ်တော်သို့ မူဝါဒရေးရာကြေညာချက် တင်သွင်းပြီးချိန်တွင် ဝန်ကြီးချုပ် ချန်ဗီရာကူးလ် ဦးဆောင်သည့် ထိုင်းအစိုးရအဖွဲ့အနေဖြင့် အစိုးရလုပ်ငန်းယန္တရားစတင် လည်ပတ်နိုင်မည်ဖြစ်ကြောင်း ထိုင်းပြည်တွင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ဖေဖော်ဝါရီ ၈ ရက်တွင်ကျင်းပခဲ့သည့် ထိုင်းလွှတ်တော်ရွေးကောက်ပွဲ၌ ဝန်ကြီးချုပ်အနူတင်ချန်ဗီရာကူးလ် ဦးဆောင်သော ဖုန်ဂျိုင်ထိုင်းပါတီက အမတ်နေရာအများဆုံးရရှိထားသည်။

ဖုန်ဂျိုင်းထိုင်းပါတီသည် အဆိုပါ ရွေးကောက်ပွဲ၌ အမတ်နေရာ တတိယအများဆုံး ရရှိထားသော ဖွေထိုင်းပါတီနှင့် ပူးပေါင်း၍ ညွန့်ပေါင်းအစိုးရအဖွဲ့ ဖွဲ့စည်းထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## ပထမဆုံးတာဝေးပစ်ဒုံးကျည်စနစ်များ အနောက်တောင်ပိုင်းဒေသ၌ ဂျပန် ဖြန့်ကြက်

**တိုကျို မတ် ၃၁**

ဂျပန်နိုင်ငံ၏ ပထမဆုံးတာဝေးပစ်ဒုံးကျည်များကို ဂျပန်အနောက်တောင်ပိုင်း ကြည်းတပ်စခန်း၌ ဖြန့်ကြက်ထားကြောင်း ဂျပန်တာဝန်ရှိသူများက ယနေ့တွင် ထုတ်ဖော်ပြောကြားထားသည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။

ဂျပန်တပ်မတော်အနေဖြင့် ၎င်း၏ ကာကွယ်ရေးစွမ်းဆောင်ရည်ကို မြှင့်တင်နေချိန်တွင် အဆိုပါ တာဝေးပစ် ဒုံးကျည်များကို ဖြန့်ကြက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ဂျပန်တပ်မတော်က ဖြန့်ကြက်ထားသော တာဝေးပစ်ဒုံးကျည်စနစ်မှာ ပုံစံ-၁၂ တာဝေးပစ်ဒုံးကျည်များ ဖြစ်ကြကြောင်း သိရသည်။



ပုံစံ-၁၂ ဒုံးကျည်များသည် အကွာအဝေး မိုင် ၆၂၀ ထိပျံသန်းနိုင်ကြောင်း ဂျပန်တပ်မတော် တာဝန်ရှိသူများက ပြောကြားထားသည်။

အဆိုပါ ဒုံးကျည်စနစ်များကို ဂျပန်တပ်မတော်က ကူမာမိုတိုစီရင်စုကမ့်ကန်းဂန် ကြည်းတပ်စခန်း၌ ဖြန့်ကြက်ထားခြင်း ဖြစ်သည်။

ဂျပန်နိုင်ငံသည် တရုတ်နိုင်ငံကို ၎င်း၏အဓိကဒေသတွင်းလုံခြုံရေးခြိမ်းခြောက်မှုအဖြစ် မှတ်ယူထားပြီး အရှေ့တရုတ်ပင်လယ်အနီးကျွန်းများပေါ်၌ ကာကွယ်ရေးအင်အားမြှင့်တင်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## ဆွီဒင်နိုင်ငံ၌ ၂၀၂၅ ခုနှစ် လူသတ်မှုဖြစ်ပွားနှုန်း ၁၀ နှစ်ကျော်ကြာကာလအတွင်း အနိမ့်ဆုံးသို့ကျဆင်း

**စတော့ဟုမ်း မတ် ၃၁**

ဆွီဒင်နိုင်ငံ၌ ၂၀၂၅ ခုနှစ်အတွင်း လူသတ်မှုဖြစ်ပွားနှုန်းမှာ ၁၀ နှစ်ကျော်ကြာကာလအတွင်း အနိမ့်ဆုံးအဆင့်သို့ ကျဆင်းခဲ့ကြောင်း မတ် ၃၀ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

၂၀၂၅ ခုနှစ်အတွင်း ဆွီဒင်နိုင်ငံ၌ လူသတ်မှုများကြောင့် သေဆုံးခဲ့ရသူအရေအတွက်မှာ ၈၄ ဦးထိရှိခဲ့ကြောင်း ဆွီဒင်အမျိုးသားရာဇဝတ်မှု တားဆီးရေးကောင်စီက မတ် ၃၀ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

နှိုင်းယှဉ်ကြည့်ပါက ၂၀၂၄ ခုနှစ်တွင် ဆွီဒင်နိုင်ငံတစ်ဝန်းလုံး၌ လူသတ်မှုများကြောင့် သေဆုံးသူ ၉၂ ဦးထိရှိခဲ့ကြောင်း သိရသည်။

ဆွီဒင်နိုင်ငံ၌ ၂၀၂၅ ခုနှစ်အတွင်း လူသတ်မှုဖြစ်ပွားနှုန်းမှာ ၂၀၁၂ ခုနှစ်နောက်ပိုင်း အနိမ့်ဆုံးဖြစ်ပွားနှုန်းဖြစ်သည်ဟု ဆွီဒင်တာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

ဆွီဒင်နိုင်ငံ၌ ပြီးခဲ့သည့် ၁၀ နှစ်ကျော်ကြာကာလအတွင်း လူသတ်မှုဖြစ်ပွားနှုန်း အမြင့်မားဆုံးနှစ်မှာ ၂၀၂၀ ပြည့်နှစ်ဖြစ်ပြီး လူသတ်မှုများကြောင့် သေဆုံးသူအရေအတွက် ၁၂၄ ဦးထိရှိခဲ့သည်။

ရာဇဝတ်ဂိုဏ်း အကြမ်းဖက်မှုပြဿနာများကို ဖြေရှင်းရာတွင် ရဲတပ်ဖွဲ့အနေဖြင့် နည်းပညာသစ်များ၊ ပစ္စည်းကိရိယာသစ်များ၊ နည်းလမ်းသစ်များ အသုံးချလာနိုင်မှုကြောင့် ဆွီဒင်နိုင်ငံ၌ လူသတ်မှုဖြစ်ပွားနှုန်း ကျဆင်းခဲ့ခြင်းဖြစ်သည်ဟု လေ့လာသူများက သုံးသပ်ထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## တရုတ်ပုဂ္ဂလိကဂြိုဟ်တုတစ်စင်းက စက်ရုပ်လက်တံတစ်မျိုးကိုသုံး၍ လောင်စာရည် ပြန်လည်ဖြည့်သွင်းမှုကို အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့



**ပေကျင်း မတ် ၃၁**

တရုတ် ပုဂ္ဂလိကဂြိုဟ်တုတစ်စင်းသည် စက်ရုပ်လက်တံတစ်မျိုးကိုအသုံးပြု၍ လောင်စာရည် ပြန်လည်ဖြည့်တင်းမှုကို အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့ကြောင်း မတ် ၃၀ ရက် သတင်းများအရ သိရသည်။

ဟူကီဒါ-၂ သို့မဟုတ် ယူရှင်း-၃၀၆ အမည်ရှိ ဂြိုဟ်တုသည် ကမ္ဘာ့ပတ်လမ်းပေါ်သို့ လောင်စာရည် ပြန်လည်ဖြည့်သွင်းမှုကို စမ်းသပ်ရာတွင် ရေဘဝဲကဲ့သို့ ပျော့ပျောင်းသောစက်ရုပ်လက်တံကိုအသုံးပြုခဲ့ကြောင်း တရုတ်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ဟူကီဒါ-၂ ဂြိုဟ်တုကို ဟူနန်တက္ကသိုလ်နှင့် ဘုကျိုးဆန်ယွန်း အာကာသ နည်းပညာကုမ္ပဏီတို့က ပူးတွဲတည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

ဟူကီဒါ-၂ဂြိုဟ်တု၏အောင်မြင်မှုသည် ကမ္ဘာပတ်လမ်းကြောင်းပေါ်ဂြိုဟ်တုများ၏ သက်တမ်းကို မြှင့်တင်ရေးအတွက် အရေးပါသည့် ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း တရုတ်မီဒီယာများက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ဟူကီဒါ-၂ ဂြိုဟ်တုကို ယခုလအတွင်း တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ကန်းဆုပြည်နယ် ချီကွမ်ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဟူကီဒါ-၂ ဂြိုဟ်တုသည် ကမ္ဘာမြေပြင်အထက် အမြင့် ကီလိုမီတာ ၅၃၀ အကွာ ပတ်လမ်းပေါ်၌ နေရာယူထားကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## ယခုနှစ် ဧပြီလအတွင်း ညပိုင်းကာလများ၌ C/2026 A1 နှင့် C/2025 R3 ကြယ်တံခွန်နှစ်စင်းကို တွေ့မြင်ရနိုင်

**ဝါရှင်တန် မတ် ၃၁**

ယခုနှစ် ဧပြီလအတွင်း ညပိုင်းကာလများ၌ C/2026 A1 နှင့် C/2025 R 3 ကြယ်တံခွန်နှစ်စင်းကို တွေ့မြင်ရနိုင်ကြောင်း သိပ္ပံပညာရှင်များ၏အဆိုကို ကိုးကား၍ မတ် ၃၀ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ ကြယ်တံခွန်တို့သည် ဧပြီလအတွင်း နေကိုအနီးဆုံး မှတ်များမှ ဖြတ်ကျော်ပျံသန်းမည်ဖြစ်ကြောင်း အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) သိပ္ပံပညာရှင်များက ပြောကြားသည်။

သိပ္ပံပညာရှင်များ၏အဆိုအရ C/2026 A 1 ကြယ်တံခွန်သည် ဧပြီ ၄ ရက်နှင့် ၅ ရက်တို့တွင် နေကို အနီးဆုံးမှတ်ဖြစ်သော မိုင်ပေါင်း ၄၈၇၀၀၀ အကွာမှ ဖြတ်ကျော်ပျံသန်းမည်ဖြစ်သည်။

ထိုကဲ့သို့ နေကိုအလွန်နီးကပ်စွာ



ဖြတ်ကျော် ပျံသန်းရမှုကြောင့် C/2026 A 1 ကြယ်တံခွန်၏အလင်းအားမှာ မြင့်တက်လာမည်ဖြစ်သော်လည်း နေ၏ပြင်းထန်သော အပူချိန်နှင့် ဖိအားတို့ကြောင့် ကြယ်တံခွန်ပြိုကွဲသွားနိုင်သည်ဟု သိပ္ပံပညာရှင်များက တွက်ချက်ထားကြောင်း သိရသည်။

C/2025 R3 ကြယ်တံခွန်ကမူ ဧပြီ ၂၀ ရက်တွင် နေကိုအနီးဆုံးမှတ်မှဖြတ်ကျော်ပျံသန်းမည်ဖြစ်ပြီး ဧပြီ ၂၇ရက်တွင်ကမ္ဘာဂြိုဟ်ကိုအနီးကပ်ဖြတ်ကျော်ပျံသန်းမည်ဖြစ်သည်။

နေကို အနီးကပ်ဖြတ်ကျော်ပျံသန်းချိန်တွင် C/2025 R3 ကြယ်တံခွန်၏ အလင်းအားမှာ မြင့်တက်လာနိုင်ပြီး ယခုနှစ်၏ အလင်းအား အကောင်းဆုံးကြယ်တံခွန်တစ်စင်းဖြစ်လာနိုင်သည်ဟု သိပ္ပံပညာရှင်များက တွက်ချက်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ၂၀၃၀ ပြည့်နှစ်အတွင်း လကမ္ဘာစူးစမ်းလေ့လာရေးမစ်ရှင်တစ်ခု လွှတ်တင်မည့်အစီအစဉ် အိုင်စပေ့စ်ကုမ္ပဏီက ဆိုင်းငံ့ထားမည်

**တိုကျို မတ် ၃၁**

၂၀၃၀ ပြည့်နှစ်အတွင်း လကမ္ဘာ စူးစမ်းလေ့လာရေးမစ်ရှင်တစ်ခု လွှတ်တင်မည့်အစီအစဉ်ကို ဆိုင်းငံ့ထားမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံအခြေစိုက် အိုင်စပေ့စ်ကုမ္ပဏီက မတ် ၃၀ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အိုင်စပေ့စ်ကုမ္ပဏီသည် အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ အကူအညီဖြင့် ၂၀၃၀ ပြည့်နှစ်တွင် လကမ္ဘာစူးစမ်းလေ့လာရေးမစ်ရှင် တစ်ခုလွှတ်တင်ရန် စီစဉ်ထားသည်။

သို့ရာတွင် မိမိတို့အနေဖြင့် အထက်ပါ လကမ္ဘာစူးစမ်းလေ့လာရေးမစ်ရှင်ကို ဆိုင်းငံ့ထားမည်ဖြစ်ပြီး ဂျပန်နှင့် အမေရိကန်နိုင်ငံတို့ရှိ ဝန်ထမ်းအင်အားတို့လည်း လျှော့ချမည်ဖြစ်ကြောင်း အိုင်စပေ့စ် ကုမ္ပဏီက ပြောကြားသည်။

အိုင်စပေ့စ်ကုမ္ပဏီသည် လမျက်နှာပြင်ပေါ်သို့ လဆင်းယာဉ် စမ်းသပ်မှုမစ်ရှင်နှစ်ခု ပျက်ပြားခဲ့ရပြီးနောက် နာဆာ၏အကူအညီဖြင့် လကမ္ဘာစူးစမ်းလေ့လာရေး မစ်ရှင် လွှတ်တင်မည့်အစီအစဉ်ကို ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။

အထက်ပါ အစီအစဉ်ပြောင်းလဲမှုများကြောင့် အိုင်စပေ့စ်ကုမ္ပဏီအနေဖြင့် အမေရိကန်ဒေါ်လာ သန်းနှင့်ချီ၍ ဆုံးရှုံးနစ်နာသွားနိုင်ကြောင်း သိရသည်။

လဆင်းယာဉ်မစ်ရှင်များ ပျက်ပြားခဲ့ရပြီးနောက် အိုင်စပေ့စ်ကုမ္ပဏီ၏ အစုရှယ်ယာဈေးနှုန်းများလည်း ကျဆင်းခဲ့ရသည်။

Ref : Russia Today

Trs : KKO

# HEALTH

## ဘီသွေးအုပ်စုပိုင်ဆိုင်ထားသူများ၌ ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေမြင့်တက်လာနိုင်

**ပေကျင်း မတ် ၃၁**

ဘီသွေးအမျိုးအစား ပိုင်ဆိုင်ထားသူများ၌ ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကိုကိုးကား၍ မတ် ၃၀ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

တရုတ်နိုင်ငံ ရှန်ကျန်း တက္ကသိုလ်မှ သုတေသနပညာရှင်များ၏လေ့လာတွေ့ရှိချက်အရ ဘီသွေးအမျိုးအစား ပိုင်ဆိုင်ထားသူများသည် အခြားသွေးအမျိုးအစား ပိုင်ဆိုင်ထားသူများထက် ပုံစံ-၂ ဆီးချိုရောဂါဖြစ်ပွားနိုင်ခြေ ၂၇ ရာခိုင်နှုန်း ပို၍မြင့်မားသည်။

သို့ဖြစ်ရာ ဘီသွေးအမျိုးအစား ပိုင်ဆိုင်ထားသူများအနေဖြင့် ပုံစံ-၂ ဆီးချိုရောဂါနှင့်ဆက်စပ်နေသော ဘဝနေထိုင်မှုပုံစံများကို သတိထားရန်လိုကြောင်း၊ တရုတ်သုတေသနပညာရှင်များသည် ယခင်ပြုလုပ်ခဲ့သော လေ့လာသူပေါင်း ၄၅ ဦးတို့မှရရှိသောသတင်းအချက်အလက်များကို ပြန်လည်စိစစ်လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြရာ လူတို့၏ သွေးအုပ်စုများကို သွေးနီဆဲလ်မျက်နှာပြင်ပေါ်၌ သကြားမော်လီကျူးနှင့်ပရိုတင်းများ တည်ရှိမှုကို အခြေခံ၍ အမျိုးအစား ရှစ်မျိုးထိ ခွဲခြားသတ်မှတ်ထားကြောင်း သိရသည်။

သွေးဆဲလ်များကြား ကွဲပြားမှုများသည် ရောဂါဘယဖြစ်ပွားနိုင်ခြေများနှင့် ဆက်စပ်နေကြောင်း ဆေးပညာရှင်များက လက်ခံထားကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## ယောဂကျင့်စဉ်လေ့ကျင့်ခြင်းဖြင့် အိပ်စက်မှုအရည်အသွေးကို မြှင့်တင်နိုင်

**ပေကျင်း မတ် ၃၁**

ယောဂကျင့်စဉ်တို့သည် ရေရှည်တွင် အိပ်စက်မှုအရည်အသွေးကို မြှင့်တင်ပေးနိုင်သည့်အကောင်းဆုံး လေ့ကျင့်ခန်းပုံစံတစ်ခုဖြစ်နိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကိုကိုးကား၍ မတ် ၃၀ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

တရုတ်နိုင်ငံ ဟာဘင် အားကစားတက္ကသိုလ်မှ သုတေသနပညာရှင်များသည် ယောဂကျင့်စဉ်နှင့်ပတ်သက်၍ ပြုလုပ်ထားသည့် လေ့လာချက်ပေါင်း ၃၀ တို့မှရရှိသော သတင်းအချက်အလက်များကို လေ့လာစိစစ်ခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ယောဂကျင့်စဉ်ကို သီတင်းတစ်ပတ်လျှင် နှစ်ကြိမ်အနည်းဆုံး မိနစ် ၃၀ အချိန်ပေး၍ ဖိဖိစီးစီးပြုလုပ်ခဲ့ပါက အိပ်စက်မှု အရည်အသွေးကို အကောင်းဆုံးမြှင့်တင်နိုင်ကြောင်း တရုတ် သုတေသနပညာရှင်များက ပြောကြားသည်။

ယောဂကျင့်စဉ်ပြီးလျှင် အိပ်စက်မှုအရည်အသွေးကို ဒုတိယအကောင်းဆုံး မြှင့်တင်ပေးနိုင်သည့်လေ့ကျင့်ခန်းပုံစံမှာ လမ်းလျှောက်လေ့ကျင့်ခန်းဖြစ်ကြောင်း တရုတ်သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ယောဂကျင့်စဉ်၏ အသက်အရှူအထုတ် ထိန်းချုပ်မှုပုံစံသည် နားနေမှုကို အားပေးတတ်သည့် အာရုံနဗ်ဆဲလ်စနစ်များကို စေ့ဆော်ပေးနိုင်ကြောင်း သုတေသနပညာရှင်များက ယူဆထားသည်။

ထို့ပြင် ယောဂကျင့်စဉ်သည် ဦးနှောက်၏ လှုပ်ရှားမှုပုံစံများကိုလည်း ထိန်းညှိပေးနိုင်ကြောင်း သုတေသန ပညာရှင်အချို့က ယူဆထားသည်။

Ref : Xinhua News

Trs : KKO



# လက်ဆင့်ကမ်းအမွေ

ပြည်စိုးညိမ်း



စာရေးသူမှာ တပ်မတော်သားမိသားစုဝင်တစ်ဦးမဟုတ်သော်လည်း တပ်မတော်နှင့် မစိမ်းလှပေ။ နိုင်ငံ့ဝန်ထမ်းတစ်ဦးအဖြစ် နေရာဒေသအနှံ့သို့ ရောက်ရှိတာဝန်ထမ်းဆောင်စဉ် ဒေသခံတပ်ရင်း၊ တပ်ဖွဲ့အသီးသီးမှ တပ်မတော်သားများနှင့် အကြောင်းအားလျော်စွာ ထိတွေ့ဆက်ဆံခဲ့ရသည်။ လုပ်ငန်းတာဝန်များ အတူတကွထမ်းဆောင်ခဲ့ရဖူးသည်။

နေရာဒေသအလိုက် တပ်ဖွဲ့အမျိုးအစားများမတူညီကြသော်လည်း သူတို့အားလုံးတွင် တူညီသောအရာတစ်ခုရှိနေသည်ကို သတိထားမိပါ၏။ ထိုအရာမှာ အထက်အောက် ရိုသေလေးစားမှု၊ အမိန့်နာခံမှုနှင့် စည်းကမ်းကို ကျောရိုးမဏ္ဍိုင်ပြုထားသည်ဆိုသော အချက်ပင်။ ပမာပြုရသော် ပန်းတို့မည်သည် အမျိုးမျိုးအစားစားကွဲပြားကြသော်ငြား လှပသောအဆင်အသွေးနှင့် မွှေးပျံ့သောရနံ့တို့ကိုယ်စီရှိကြသည့်နှယ် ဖြစ်ပါသည်။ တပ်မတော်သားတို့ မည်သည်လည်း ထမ်းဆောင်ရသည့် တာဝန်နှင့် ရာထူးအဆင့်အလိုက် ကွဲပြားနိုင်သော်ငြား နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးကို ရှေးရှု၍ ဒို့တာဝန်အရေးသုံးပါးကို အစဉ်အမြဲ ဦးထိပ်ထားလေ့ရှိသည်မှာ တစ်သားတည်း တစ်ထပ်တည်းပင်ဖြစ်ကြပါ၏။

တပ်မတော်၏ ဒီအင်န်အေဟုဆိုအပ်သည့် ထိုကျောရိုးမဏ္ဍိုင်အမှတ်လက္ခဏာများနှင့် ယုံကြည်ချက်၊ ခံယူချက်များ ယနေ့တိုင် တပ်မတော်သားအားလုံး၏ ရင်ထဲ၊ နှလုံးသားထဲတွင် ရှင်သန်ခိုင်မြဲနေရခြင်းမှာ မွန်မြတ်သည့်အစဉ်အလာကောင်းများအဖြစ် မျိုးဆက်ပေါင်းများစွာက ခေတ်သမိုင်းအဆက်ဆက်လက်ဆင့်ကမ်းအမွေအဖြစ် တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်ခဲ့ကြခြင်းကြောင့် ဖြစ်မည်ဟု စာရေးသူယူဆမိပါ၏။ စာရေးသူကြည့်လိုက်ရသော ရုပ်သံသတင်းတစ်ပုဒ်ကလည်း ထိုအယူအဆကို ပို၍ခိုင်မာစေခဲ့ပါသည်။

မှန်ပါသည်။ ယခုနှစ် မတ် ၃၀ ရက်က ကြည့်ရှုလိုက်ရသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် မြန်မာ့တပ်မတော်၏ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန် လွှဲပြောင်းလက်ခံခြင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားပင်ဖြစ်ပါ၏။

စာရေးသူလုပ်ငန်းခွင်မှ သက်ပြည့်ပင်စင်ယူခဲ့သည်မှာ ဆယ်စုနှစ်တစ်ခုမျှကြာမြင့်ခဲ့ပါပြီ။ လျင်မြန်စွာစီးဆင်းနေသော သတင်းခေတ်ကြီးထဲတွင် မျက်မှောက်ခေတ်ကမ္ဘာ့အရေး၊ နိုင်ငံ့အရေးများနှင့် မျက်ခြည်မပြတ်စေခြင်းငှာ သတင်းများကို နေ့စဉ်စားသုံးနေရပါသည်။

သတင်းများ စီးဆင်းပုံကလည်း အမျိုးမျိုးဖြစ်သည်။ လူမှုကွန်ရက်မီဒီယာများတွင် သတင်းများက အဆီးအတားမရှိ အရှိန်အဟုန်ပြင်းပြင်းဖြင့် စီးဆင်းနေကြသည်။ သို့သော် တာဝန်ယူမှု၊ တာဝန်ခံမှုကင်းမဲ့နေတတ်သည်။ အဆိပ်အတောက်၊ အညစ်အကြေးများ ပြည့်နှက်ဖုံးလွှမ်းနေတတ်သည်။ သတင်းများ၏ မှန်ကန်စိတ်ချရမှုတန်ဖိုးက အထိန်းအကွပ်မဲ့စွာ ပရမ်းပတာဖြစ်နေတတ်သည်။ တစ်ဖက်တွင် တရားဝင်ထုတ်ဝေနေသည့် ပုံနှိပ်မီဒီယာများရှိသည်။ တရားဝင်ထုတ်လွှင့်နေသည့် ရုပ်သံမီဒီယာများရှိသည်။ သတင်းစီးဆင်းမှု အနည်းငယ်ကြန့်ကြာသည်ဟု ထင်ရသော်လည်း ၎င်းတို့၏ အားသာချက်မှာ ရာနှုန်းပြည့် မှန်ကန်စိတ်ချရမှု ရှိခြင်းပင်ဖြစ်သည်။ အဆင့်ဆင့်သော နေရာဌာနတိုင်းတွင် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် သတင်းစစ်၊ သတင်းမှန်များကို ပြည်သူလူထုလက်ဝယ်သို့ မွန်မြတ်သောရည်ရွယ်ချက်ကောင်းများဖြင့် ပို့ဆောင်ပေးနေကြခြင်းဖြစ်သည်။

စာရေးသူတို့အိမ်တွင် မြန်မာ့အလင်း၊ ကြေးမုံနှင့် မြဝတီသတင်းစာသုံးစောင်လုံး ယူထားသည်။ ဈေးနှုန်းများကလည်း သင့်တင့်မျှတသည်။ သတင်းစာသုံးစောင်လုံးအတွက် တစ်လတာကျသင့်ငွေမှာ လက်ဖက်ရည်ဝိုင်း တစ်ဝိုင်းစာမျှသာရှိသည်။ ည ၈ နာရီဆိုလျှင် စာရေးသူတို့မိသားစုအားလုံး ဧည့်ခန်းသို့ စုရုံးရောက်ရှိနေတတ်သည်မှာ အစဉ်အလာတစ်ခုလိုပင်ဖြစ်နေသည်။ မြဝတီနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှထုတ်လွှင့်မည့် နေ့စဉ်သတင်းများကို ကြည့်ရှုနိုင်ရန်ဖြစ်သည်။ ကျေနပ်စရာအကောင်းဆုံးမှာ စာရေးသူအဖို့ လက်ရှိဖြစ်ပျက်နေသော အခြေအနေများကို ခိုင်ခိုင်လုံလုံ၊ တိတိကျကျနှင့် မှန်မှန်ကန်ကန် သုံးသပ်နိုင်ရန်အတွက် အထောက်အပံ့ကောင်းများ ရရှိစေခြင်းပင်ဖြစ်သည်။

စာရေးသူညွှန်းဆိုလိုသည့် အခမ်းအနားမြင်ကွင်းမှာ ခမ်းနားလေးနက်လှသည်နှင့်အမျှ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်လျှမ်း၍နေပါသည်။ လက်ရှိ မြန်မာ့တပ်မတော်၏ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန်ထမ်းဆောင်လျက်ရှိသည့် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန် လွှဲပြောင်းလက်ခံတာဝန်ထမ်းဆောင်မည့် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူရဲဝင်းဦးတို့ အလေးပြုခံစင်မြင့်ထက်တွင် အတူ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က တပ်မတော် ကာကွယ်ရေးဦးစီးချုပ် တာဝန်လွှဲပြောင်း လက်ခံတာဝန်ထမ်းဆောင်မည့် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူရဲဝင်းဦးထံသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အဆောင်အယောင်ဓားနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏အလံတို့ကို လွှဲပြောင်းပေးအပ်ပေးပြီး

**မြန်မာနိုင်ငံသမိုင်းကြောင်းတစ်လျှောက်မှ ယနေ့အချိန်ထိ တပ်မတော်အနေဖြင့် နိုင်ငံတော်ကို ဦးဆောင်နိုင်ခြင်း၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ခြင်းဆိုသည်မှာ ခေတ်အဆက်ဆက် လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလမှစ၍ လွတ်လပ်ရေးရပြီးနောက် မျက်မှောက်ကာလအထိ အဆင့်ဆင့်သော တပ်မတော်ခေါင်းဆောင်ကြီးများ၊ မိဘ၊ ဆရာသမားများ၏ သွန်သင်ဆုံးမမှုများ၊ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများ၏ အဆင့်ဆင့်လက်ဆင့်ကမ်း သွန်သင်ဆုံးမမှုများကြောင့် ခိုင်မာစွာရပ်တည်နေနိုင်ခြင်းဖြစ် . . .**

ယှဉ်တွဲလျက် ဂုဏ်ပြုတပ်ခွဲ၏ အလေးပြုခြင်းကို ခံယူကြပုံ၊ ဂုဏ်ပြုတပ်ခွဲကို စစ်ဆေးနေပုံတို့မှာ တပ်မတော်၏ စည်းစနစ်ကျနမှု၊ စည်းကမ်းသေဝပ်မှုနှင့် လေးနက်သောအဓိပ္ပာယ်တို့ ထင်ဟပ်ပေါ်လွင်နေပါသည်။ ဂုဏ်ပြုတပ်ခွဲ၏ အလေးပြုခြင်းကို ခံယူနေစဉ်ဂုဏ်ပြုအမြောက်တပ်ဖွဲ့ကလည်း အမြောက် ၁၉ ချက်ကို စစ်ရေးပြအခမ်းအနားဖြင့် ထပ်မံဂုဏ်ပြုပစ်ဖောက်လိုက်ပုံမှာ ကြက်သီးမွေးညင်းထဖွယ်ဖြစ်ပါသည်။

လက်ရှိ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန် ထမ်းဆောင်လျက်ရှိသည့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဦးစီးကွပ်ကဲမှုတံဆိပ်ကို တပ်ဆင်ပေးပုံ၊ တစ်ဖန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန် လက်ခံထမ်းဆောင်သည့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူရဲဝင်းဦးက တာဝန်လွှဲပြောင်းပေးအပ်ခဲ့သည့် ယခင်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ဂုဏ်ပြုအဆောင်အယောင်ဓားကို ဂါရဝပြု ပြန်လည်ပေးအပ်နေပုံ မြင်ကွင်းတို့မှာ အထက်အောက် ရိုသေလေးစားမှုသဘော၊ စည်းလုံးညီညွတ်မှုသဘောနှင့် ရဲဘော်အချင်းချင်းအပေါ် ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရားနှင့် သစ္စာစောင့်သိမှုတရားဆိုသည့် ရဲဘော်စိတ်ကို ပေါ်လွင်စွာထင်ဟပ်ဖော်ကျူးနေသည်ဟု စာရေးသူခံစားရပါ၏။

အခမ်းအနားတွင် တပ်မတော်အကြီးအကဲနှစ်ဦး၏ မိန့်မှာချက်များမှာလည်း တပ်မတော်အတွက်သာမက မိမိတို့နိုင်ငံတော်အတွက်ပါ အလေးအနက်ထားလိုက်နာကျင့်သုံးရမည့် လမ်းညွှန်ချက်များပင်ဖြစ်ပါသည်။ လက်ရှိ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန် ထမ်းဆောင်လျက်ရှိသည့် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်၏ ဂုဏ်ပြုမိန့်ခွန်းတွင် **“မျိုးဆက်သစ် တပ်မတော်ခေါင်းဆောင်များအနေနှင့်လည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်တို့၏ ဦးဆောင်မှုအောက်တွင် တပ်မတော်၏တာဝန်များကို စုစည်းညီညွတ်စွာဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ကမ္ဘာတည်သရွေ့ မြန်မာတည်ရမည်၊ မြန်မာတည်သရွေ့ မြန်မာ့တပ်မတော်တည်ရှိရမည်၊ ကောင်းမြတ်သည့် တပ်မတော်၏ သမိုင်းအစဉ်အလာများကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံတော်က အားထားရသော၊ ပြည်သူလူထုက အားကိုးရသော တပ်မတော်အဖြစ် ဆက်လက်ရပ်တည်သွားကြပါဟု ဆန္ဒပြုကြောင်း”** အပြန်အလှန်အမှီသဟဲပြုလျက်ရှိသည့် နိုင်ငံတော်နှင့် တပ်မတော်ဖြစ်တည်မှုနှစ်ရပ်၏ အခန်းကဏ္ဍကို ထည့်သွင်းပြောကြားခဲ့ပါသည်။ စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံတော်နှင့် တပ်မတော်အကျိုးကို သယ်ပိုးဆောင်ရွက်ကြရန် အတွေ့အကြုံရင့်ကျက်သော နောင်တော်ကြီးတစ်ဦး၏ မေတ္တာနှင့်ယှဉ်သော ဆုံးမလမ်းညွှန်မှုအဖြစ် ခံစားရစေပါသည်။

ထို့အတူ မြန်မာ့တပ်မတော်၏ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ တာဝန်များကို လွှဲပြောင်းလက်ခံတာဝန်ထမ်းဆောင်သည့် ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူရဲဝင်းဦးက

စာမျက်နှာ ၉ သို့

စာမျက်နှာ ၈ မှအဆက်

“ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အရ “အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရန်၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို စောင့်ရှောက်ရန်” တာဝန်ပေးထားသည့်အတွက် ယခုတာဝန်များကို သစ္စာရှိရှိ ကျေပွန်စွာဖြင့် ဆက်လက်ကြိုးပမ်း ထမ်းဆောင်သွားမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတစ်ရပ်လုံး၏ လိုလားချက်ဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်းကို ဆက်လက်လျှောက်လှမ်းနိုင်ရေးအတွက် တာဝန်များကို ထမ်းဆောင်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ရာတွင် အပြည့်အဝပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း” ထည့်သွင်းပြောကြားခဲ့ပါသည်။ နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် နောင်တော်ခေါင်းဆောင် အဆက်ဆက်တို့၏ ဆုံးမသွန်သင်မှုများ၊ လမ်းညွှန်မှာကြားမှုများအပေါ် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်မည့် တက်ကြွထက်သန်သော စိတ်နေစိတ်ထားကို အတိုင်းသား တွေ့မြင်ရပါသည်။

တပ်မတော်အကြီးအကဲ နှစ်ဦးတို့၏ ထိုမြင်ကွင်းပုံရိပ်များမှာ ကြည်နူးခြင်း၊ ဝမ်းသာခြင်း၊ ဂုဏ်ယူခြင်းတို့နှင့်အတူ ကြည့်ရှုနေသူ စာရေးသူတို့ကိုပင် ကူးစက်ခံစားရစေပါသည်။ တပ်မတော်အကြီးအကဲနှစ်ဦးသည် တက်ရောက်လာကြသည့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ဖိတ်ကြားထားသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်နေကြပုံမှာ နွေးထွေးရင်းချာလှသည့် မိသားစုများ သဖွယ် စည်းလုံးညီညွတ်သည့် မြင်ကွင်း သရုပ်နှင့် ချစ်ခင်လေးစားသည့် ပြယုဂ်ကို တစ်ပြိုင်တည်း တွေ့လိုက်ရခြင်းပင်ဖြစ်ပါသည်။

တီဗီဖန်သားပြင်မှ သတင်းပုံရိပ်များပေါ်တွင် သက်ဝင်စီးမျောနေသော စာရေးသူတို့မိသားစုမှာ မြန်မာ့တပ်မတော် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ တာဝန်များအား လက်ဆင့်ကမ်းလွှဲပြောင်း ပေးအပ်ခဲ့သည့် ဗိုလ်ချုပ်မှူးကြီး သတိုး မဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ လိုက်ပါလာသည့် မော်တော်ယာဉ် ဇေယျာသီရိဗိမာန်မှ ပြန်လည်ထွက်ခွာလာသည်အထိ ကြည့်ရှုနေကြရာ ဂုဏ်ပြုစစ်တီးဝိုင်း၏ ဂုဏ်ပြုတီးခတ်သီဆိုလိုက်သည့် သီချင်းသံကို ကြားလိုက်ရမှပင် သတိပြန်ဝင်လာပါတော့သည်။

အလားတူပင် လက်ရှိ မြန်မာ့တပ်မတော်၏ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူစိုးဝင်းနှင့် ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် တာဝန်လွှဲပြောင်းလက်ခံ တာဝန်ထမ်းဆောင်မည့် ညွှန့်ပေါင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် သရေစည်သူကျော်စွာလင်း တို့၏ တာဝန်လွှဲပြောင်းမှုအခမ်းအနားကိုလည်း တပ်မတော်၏ကောင်းမြတ်သော အစဉ်အလာများကို လက်ဆင့်ကမ်းထမ်းဆောင်ကြသည်နှင့်အညီ အနှစ်သာရပြည့်ဝစွာ ကြည့်ရှုတွေ့မြင်ခဲ့ရပါသည်။

ထိုမြင်ကွင်းများကို ကြည့်ရှုပြီးနောက် တပ်မတော်၏ အစဉ်အလာကောင်းများနှင့် လက်ဆင့်ကမ်းအမွေဆိုသည့် အဓိပ္ပာယ်ကို စာရေးသူပိုမိုနားလည်လာမိပါသည်။ မြန်မာနိုင်ငံသမိုင်းကြောင်း တစ်လျှောက်မှ ယနေ့အချိန်ထိ တပ်မတော် အနေဖြင့် နိုင်ငံတော်ကိုဦးဆောင်နိုင်ခြင်း၊ နိုင်ငံတော် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ခြင်းဆိုသည်မှာ ခေတ်အဆက်ဆက် လွတ်လပ်ရေးကြိုးပမ်းစဉ် ကာလမှစ၍ လွတ်လပ်ရေးရပြီးနောက် မျက်မှောက်ကာလအထိ အဆင့်ဆင့်သော တပ်မတော်ခေါင်းဆောင်ကြီးများ၊ မိဘ၊ ဆရာသမားများ၏ သွန်သင်ဆုံးမမှုများ၊ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများ၏ အဆင့်ဆင့်လက်ဆင့်ကမ်း သွန်သင်ဆုံးမ မှုများကြောင့် ခိုင်မာစွာရပ်တည်နေနိုင် ခြင်းဖြစ်ပါသည်။ ပြည်တွင်းရန်၊ ပြည်ပရန် တို့ကို တွန်းလှန်တိုက်ဖျက်နိုင်ခြင်းဖြစ်ပါသည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန် အရေး သုံးပါးကို ကာကွယ်စောင့်ရှောက် နိုင်ခြင်းဖြစ်ပါသည်။

ဝန်ထမ်းငယ်ဘဝမှသည် ယနေ့ အငြိမ်းစားယူပြီးသည်အထိ စာရေးသူ မျက်ခြည်မပြတ် သတိပြုမိသည်မှာ တပ်မတော်သားများအနေဖြင့် တိုင်းရင်း သားပြည်သူများက မွေးဖွားလာသော မျိုးချစ်တပ်မတော်သားများအဖြစ် ခံယူ ကြပြီး အဆင့်ဆင့်သောခေါင်းဆောင်များ နှင့် ချမှတ်ထားသော လမ်းညွှန်ချက် များကို တစ်သဝေမတိမ်း လိုက်နာဆောင် ရွက်လျက် ရှိနေကြသည်ဆိုသော အချက်ပင်ဖြစ်ပါသည်။ အစဉ်အလာ ကောင်းများနှင့်အညီ တပ်မတော်ကြီး ထာဝစဉ်နုပျိုနေစေရန် အရည်အချင်း ပြည့်ဝသည့် တပ်မတော်၊ အင်အားပြည့်ဝ သည့် တပ်မတော်၊ စွမ်းရည်ထက်မြက် သည့် တပ်မတော်အဖြစ် ဆက်လက်တည် ဆောက်လျက် ရှိနေကြသည်ဆိုသော အချက်ပင်ဖြစ်ပါသည်။

> **တပ်မတော်သားများအနေဖြင့် တိုင်းရင်းသားပြည်သူများက မွေးဖွားလာသော မျိုးချစ်တပ်မတော်သားများအဖြစ်ခံယူကြပြီး အဆင့်ဆင့်သော ခေါင်းဆောင်များနှင့် ချမှတ်ထားသော လမ်းညွှန်ချက်များကို တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်လျက်ရှိနေကြသည်ဆိုသော အချက်ပင်ဖြစ်၊ အစဉ်အလာကောင်းများနှင့်အညီ တပ်မတော်ကြီး ထာဝစဉ်နုပျိုနေစေရန် အရည်အချင်းပြည့်ဝသည့် တပ်မတော်၊ အင်အားပြည့်ဝသည့် တပ်မတော်၊ စွမ်းရည်ထက်မြက်သည့် တပ်မတော်အဖြစ် ဆက်လက်တည်ဆောက်လျက်ရှိနေကြသည်ဆိုသော အချက်ပင်ဖြစ် . . .**

စာရေးသူတို့နိုင်ငံ၌ မကြာမြင့်သော ကာလမှာပင် ပြည်သူများလိုလားသည့် ဒီမိုကရေစီအစိုးရသစ်တစ်ရပ် ပေါ်ထွက် လာတော့မည်ဖြစ်ပါသည်။ ၎င်းအစိုးရ သစ်သည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်စေ ရန်၊ တရားဥပဒေစိုးမိုးစေရန်၊ ပြည်သူ လူထု၏ စားဝတ်နေရေးအဆင်ပြေစေရန်၊ နိုင်ငံတော်နှင့် ပြည်သူများ၏ လူမှုစီးပွား ဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ကြတော့မည် ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်နိုင်ရန် တိုင်းပြည် တည်ငြိမ်အေးချမ်းရေးသည် အထူး လိုအပ်သည့်အတွက် တပ်မတော်၏ အခန်းကဏ္ဍမှာလည်း အလွန်မှပင် အရေးကြီးပြီး အမျိုးသားနိုင်ငံရေး ဦးဆောင်မှုတွင် အစဉ်အလာမပျက် တာဝန်ကျေပွန်စွာ ဆက်လက်ထမ်း ဆောင်သွားရမည်ဖြစ်ပါသည်။ ထို့ကြောင့် တပ်မတော်၏ အဓိကတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များကို ကျေပွန်စွာထမ်းဆောင် ရန်အတွက် စွမ်းရည်ပြည့်ဝသည့် တပ်မတော်ဖြစ်အောင် သမိုင်းကြောင်း အစဉ်အလာကောင်းများကို လက်ဆင့်ကမ်း အမွေအဖြစ် ဤသို့ခမ်းနားလေးနက်စွာ လွှဲပြောင်းဆက်ဆံနေသည့် မြင်ကွင်းမှာ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံ လှပါသည်။ တပ်မတော်အကြီးအကဲ နှစ်ဦး၏ နိုင်ငံတော်နှင့် တပ်မတော် အတွက် မိန့်မှာချက်များမှာလည်း အထူးပင် မှတ်သားလိုက်နာဖွယ်ဖြစ် ပါသည်။

ထို့အတူပင် နိုင်ငံတော်သီချင်း၌ “ဒါတို့ပြည် ဒါတို့မြေ တို့ပိုင်နက်မြေ” ဟူ၍ ပါရှိပါသည်။ စာရေးသူတို့၏ ဘိုးဘွားမိဘ များ ခေတ်အဆက်ဆက် လက်ဆင့်ကမ်း ပေးခဲ့သော အမွေဖြစ်ပါသည်။ ထိုအမွေမှာ “မြန်မာပြည်”ပင်ဖြစ်ပါသည်။စာရေးသူတို့ လက်ရှိနေထိုင်နေသော အမိမြန်မာပြည် ကြီးသည် ဘိုးဘွားအစဉ်အဆက်တို့ အသက်၊ သွေး၊ ချွေး များစွာစတေးပြီး ရယူပေးခဲ့သော နိုင်ငံတော်ဖြစ်ပါသည်။ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာ၊ ကိုယ့်သာသနာအတွက် မိမိတို့၏ အသက်ကို မငဲ့ကွက်ဘဲ ကာကွယ်စောင့် ရှောက်၍ လက်ဆင့်ကမ်းပေးခဲ့သော ထိုအမွေကို တန်ဖိုးထားထိန်းသိမ်း ကာကွယ်ကြရမည် ဖြစ်ပါသည်။

အနှစ်ချုပ်ဆိုရပါသော် တပ်မတော် သားများအပါအဝင် မိမိတို့နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့ကလည်း နိုင်ငံတော် နှင့် ခေါင်းဆောင်အဆက်ဆက်က အမြော်အမြင်ရှိရှိ ချမှတ်ထားခဲ့သည့် မွန်မြတ်သည့်လက်ဆင့်ကမ်းအမွေများကို ထိန်းသိမ်းပြီး နိုင်ငံတော်နှင့် တပ်မတော်၏ ဂုဏ်ကို ဆက်လက်မြှင့်တင်သွားကြရမည် ဖြစ်ပါကြောင်း ညွတ်နူးသောစိတ်နှလုံးဖြင့် ဂုဏ်ပြုရေးသားလိုက်ရပါသည်။

## ရိုးရာအတာသင်္ကြန်ပွဲတော်ကာလ ကျန်းမာရေးအသိပေးနှိုးဆော်ချက်

၂၀၂၆ ခုနှစ်ရိုးရာအတာသင်္ကြန်ပွဲတော်တွင် မိဘပြည်သူများ ကျန်းမာရေးနှင့် အညီပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြနိုင်ရေးအောက်ဖော်ပြပါ ကျန်းမာရေးအသိပေးချက်များကို သတိပြုလိုက်နာဆောင်ရွက်ပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(က) အပူဒဏ်အန္တရာယ်မှ ကာကွယ်ရန်အတွက် နေ့လယ်ပိုင်း နေရောင်ပြင်းထန်ချိန်တွင် အရိပ်ရသည့် နေရာများတွင်နားနေပါ၊ အပြင်ထွက်ပါက (ထီး၊ ဦးထုပ် စသည်)တို့ကို အသုံးပြုပါ၊ ရေဓာတ်ခန်းခြောက်မှုမှကာကွယ်ရန် သန့်ရှင်းသည့်သောက်ရေကို မကြာခဏသောက်ပါ၊ အရက်သောက်သုံးခြင်းသည် အပူဒဏ်အန္တရာယ် ပိုမိုပြင်းထန်စွာခံစားရနိုင်သည်ကို အထူးသတိပြုပါ၊

(ခ) ရေမှတစ်ဆင့်ကူးစက်တတ်သောရောဂါများမှ ကြိုတင်ကာကွယ်ရန်အတွက် ရေကစားရာတွင် သန့်ရှင်းသောရေကိုသာ အသုံးပြုနိုင်ရေးဆောင်ရွက်ပါ၊ ရေကစားရာတွင် အသုံးပြုသောရေကို သောက်ခြင်းမပြုသင့်ပါ၊ ရေကစားရာတွင် မျက်လုံး၊ နား၊ ပါးစပ်ထဲသို့ ရေများမဝင်အောင်သတိပြုပါ၊ ဖိအားမြင့် အားပြင်းသည့်ရေပန်းဖြင့် မျက်နှာကိုတိုက်ရိုက်ပက်ခြင်းမှ ရှောင်ကြဉ်ပါ၊

(ဂ) ထိခိုက်ဒဏ်ရာနှင့် မတော်တဆမှုများ ကာကွယ်ရန်အတွက် စိုစွတ်လျက်ရှိသော လမ်းများတွင် ချော်လဲနိုင်၍ သတိထားပါ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာပါ၊ အရက်သေစာသောက်သုံး၍ ယာဉ်မောင်းနှင်ခြင်းမှ လုံးဝရှောင်ကြဉ်ပါ၊

(ဃ) တစ်ကိုယ်ရေသန့်ရှင်းရေးကောင်းမွန်ရန် လက်များကို မကြာခဏဆေးကြောပါ၊ လတ်ဆတ်ပြီး သန့်ရှင်းသော အစားအစာများကိုသာ စားသုံးပါ၊ အစားအသောက်ရောင်းချသူများအနေဖြင့် တစ်ကိုယ်ရေသန့်ရှင်းရေးသတိပြုဆောင်ရွက်ပါ၊ အစားအစာများကို ယင်နားခြင်းနှင့် အခြားအညစ်အကြေးများ မဝင်ရောက်နိုင်ရန် စနစ်တကျဖုံးအုပ်ပါ၊

(င) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်းနှင့် ထိခိုက်ဒဏ်ရာတစ်စုံတစ်ရာရရှိပါက နီးစပ်ရာ ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်း သို့မဟုတ် ပြည်သူ့ဆေးရုံသို့ အမြန်ဆက်သွယ်၍ ဆေးကုသမှု ခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန

**“ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့်အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”**အစီအစဉ်မှ **“ PDF လူငယ်တွေကို ခုတုံးလုပ်ခဲ့တဲ့ နွေဦးတော်လှန်ရေးကြီး ဇာတ်သိမ်းလေပြီ”**ခေါင်းစဉ်ဖြင့် ၁-၄-၂၀၂၆ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၈-၄-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **“ ပြည်တွင်းဓာတ်အားလိုင်းများ၊ တာဝါတိုင်များ၊ လမ်း၊တံတားများ၊ အဆောက်အအုံများ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများကို မိုင်းခွဲမီးရှို့ဖျက်ဆီးနေတဲ့ PDF အကြမ်းဖက်သမားများ”**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# မြန်မာတို့၏အထင်ကရ ဒြပ်မဲ့ယဉ်ကျေးမှုအတာသင်္ကြန်ပွဲတော်

**သိရိုသော်**

**❖ မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို ယူနက်စကို၏ လူသားမျိုးနွယ်ကိုယ်စားပြုဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် ပါဝင်နိုင်ရေးအတွက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ယူနက်စကိုဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ကော်မတီသို့ ၂၀၂၃ ခုနှစ် မတ် ၂၄ ရက်တွင် ပေးပို့တင်သွင်းခဲ့သည်။ မြန်မာနိုင်ငံမှ တင်သွင်းထားသည့် အဆိုပြုစာတွဲကို ပါရာဂွေးနိုင်ငံ အာဆွန်စီယွန်မြို့တွင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂ ရက်မှ ၇ ရက်ထိကျင်းပသည့် ၁၉ ကြိမ်မြောက် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ညီလာခံတွင် တရားဝင် အတည်ပြုဆုံးဖြတ်ခဲ့သည်။ ❖**

တန်ခူးလသည် မြန်မာနှစ်ဦး၊ နှစ်သစ်အစ ပထမဆုံးသောလဖြစ်သည်။ သင်္ကြန်အကြို မိုးပြေးအောက်ဝယ် ပန်းပိတောက်ရွှေဝါတို့သည် ပင်လုံးညွတ်ဖူးပွင့်ကြလေပြီ။ သင်္ကြန်၏ပုံရိပ် ပန်းပိတောက်နှင့်အတူ ကံ့ကော်ပန်း၊ ငုဝါပန်း၊ ရင်ခတ်ပန်းတို့သည်လည်း ပတ်ဝန်းကျင်အနှံ့ မွှေးပျံ့ထုံသင်းလျက်ရှိသည်။ တောတောင်အနှံ့ ရာသီပန်းတို့၏အလှများ ပေါင်းဆုံလွှမ်းခြုံနေသော လတန်ခူးတွင် မြန်မာတို့၏ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ရေသဘင်ပွဲတော်ကို ဆင်နွှဲကြသည်။ နှစ်ဟောင်းကုန်၍ နှစ်သစ်ကူးပြောင်းသည့် သင်္ကြန်ပွဲတော်တွင် တစ်ဦးကိုတစ်ဦး ရေပက်ဖျန်းကစားသည့်ဓလေ့မှာ မြန်မာတို့၏ချစ်စရာရိုးရာယဉ်ကျေးမှုအစဉ်အလာလည်းဖြစ်သည်။

မြန်မာတို့၏သင်္ကြန်ပွဲတော်ဖြစ်သော တန်ခူးလသည် အကြို၊ အကျ၊ အကြတ်၊ အတက်၊ ရံဖန်ရံခါ အကြတ်နှစ်ရက်ဖြစ်ကာ အတက်နေ့ပြီးသော် မြန်မာနှစ်ဆန်းတစ်ရက်နေ့ကို ရောက်ရှိသည်။ သင်္ကြန်ပွဲတော်သည် တန်ခူးလ၏နေပူရှိန်ကို ရက်အနည်းငယ်မျှဖြင့် အေးမြမှု ပျော်ရွှင်မှုကို ပေးနိုင်ခဲ့လေသည်။ တန်ခူးမည်မှတ်၊ ဖက်စွတ်ရေတိုး၊ သင်္ကြန်မိုး ဆိုသော ဆိုရိုးစကားအတိုင်း တန်ခူးလတွင် ဖက်ရွက်များစိုရုံသာရွာသောမိုးကို သင်္ကြန်မိုးဟုခေါ်သည်။ လေရူးနှင့် အတူ ရော်ရွက်ဝါတို့သည် ဝေ့ကာဝဲကာဖြင့်မြေသို့ ကြွေကျလေသည်။ မိုးအခါ ပုန်းရှောင်နေသည့် နွေဦးဥသြကလေးကလည်း ဥသြ၊ ဥသြဟု အော်မြည်ကာ အလွမ်းသီချင်းတစ်ပုဒ်ကို သီကျူးနေသည်။ "မခူးချင်စမ်းပါနဲ့၊ နှစ်ဆန်း ခါတော်မီမို့၊ ဇမ္ဗော်ရည်ပြေပြေလိမ်းကာပ၊ ခပ်သိမ်းနွယ် စုံစုံသို့၊ ပွင့်ငုံကို လင့်ကုန်ကြတော့လို့ ခေါင်းကြွကာ တဝေဝေနဲ့၊ သူလည်းလေလောကီသားလိုပ၊ ကြွားချင်လှပေလိမ့်မယ်" ဟူသော ဆရာဇော်ဂျီ၏ကဗျာစာသားကဲ့သို့ ပိတောက်ပန်းများသည် နှစ်ဆန်းချိန်တွင် ရွှေရည်များကို လူးခြယ်ထားသည့်အလား ပင်ယံထက်၌ အခက်အလက်များဖြင့် ဝေဝေဆာဆာပွင့်နေကြသည်။ ထိုပန်းများကို မခူးကြပါနှင့်။ သူတို့သည်လည်း လောကီသားများဖြစ်သည့်အားလျော်စွာ ကြွားချင်ကြပါလိမ့်မည်။ တစ်နှစ်မှ တစ်ခါ၊ တစ်ခါသော်သည်တစ်လ၊ တစ်လမှာတစ်ရက်တည်း၊ ခက်ခဲတဲ့ ပိတောက်ဝါဆိုသည့်အတိုင်း တစ်နှစ်လျှင်တစ်ကြိမ် တန်ခူးလရောက်မှသာ ဖူးပွင့်ကြ၏ဟု ညွှန်းဆိုထားသည်။

တန်ခူးဟူသော ဝေါဟာရသည် တန်းခူးမှဆင်းသက်လာခြင်းဖြစ်၏။ တန်းဆိုသောစကားမှာ ထန်းဖြစ်၍ ခူးဆိုသည်ကား ခူးဆွတ်ခြင်းဖြစ်သည်။ ထို့ကြောင့် ထန်းသီးများခူးဆွတ်သောလဟု အဓိပ္ပာယ်ရသည်။ တန်ခူးလ၌ တောင်အရပ်မှလေများ တိုက်ခတ်လေ့ရှိပြီး ထန်းရည်များ လှိုင်လှိုင်ထွက်သောအချိန်လည်းဖြစ်ပေသည်။

မြန်မာနိုင်ငံသည် ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများဖြင့် ထင်ရှားသောနိုင်ငံ တစ်နိုင်ငံဖြစ်သည်။ တိုင်းရင်းသားတို့၏ ရိုးရာပွဲတော်များနှင့် လအလိုက်ကျင်းပသော ၁၂ လရာသီပွဲများလည်း ဆင်နွှဲလျက်ရှိ၏။ ၎င်းတို့အနက် တန်ခူးလတွင် ကျင်းပသည့် သင်္ကြန်ပွဲတော်သည် ပျော်ရွှင်စရာအကောင်းဆုံးဖြစ်ပေသည်။ လရာသီပွဲတော်အဖြစ်နှင့်သာမကဘဲ ရိုးရာပွဲတော်တစ်ခုအနေဖြင့်လည်း ဂုဏ်တင့်လျက်ရှိ၏။ သင်္ကြန်ဟူသော ဝေါဟာရသည် "သင်္ကန္တ" ဟုခေါ်သော ပါဠိဘာသာ၊ "သင်္ကြန္တ" ဟူသော သက္ကတဘာသာမှ ဆင်းသက်လာခြင်းဖြစ်၍ "ပြောင်းရွှေ့ခြင်း၊ ကူးပြောင်းခြင်း" ဟုအဓိပ္ပာယ်ရသည်။ တန်ခူးလသည် ရာသီအားဖြင့် မိန်ရာသီမှ မိဿရာသီသို့ ကူးပြောင်းသည့်ကာလဖြစ်သည်။

ထိုကဲ့သို့ ကူးပြောင်းချိန်သည်တန်ခူးလဖြစ်ပြီး သင်္ကန္တဟုခေါ်ဆိုခဲ့ရာမှ သင်္ကြန်အဖြစ်သို့ ပြောင်းလဲလာခဲ့ပြီး နှစ်သစ်ကူးပွဲတော်တစ်ရပ် သတ်မှတ်ပေါ်ပေါက်လာခြင်း ဖြစ်ပေသည်။ သင်္ကြန်ပွဲတော်သည် မြန်မာပြည်သူပြည်သားအားလုံး၏ ဘဝင်နှလုံးကို ရွှင်ပြုံးစေသည်။ ပုဂံခေတ်မှယနေ့ခေတ်ထိ နှစ်စဉ်နှစ်တိုင်း စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပလာခဲ့ဖြစ်ပေသည်။ ရှေးမြန်မာတို့သည် ရေသဘင်ပွဲတော်ဓလေ့ကို သိမ်မွေ့ယဉ်ကျေးစွာပြုမူခဲ့ကြ၏။ သင်္ကြန်ရေလောင်းပက်ကြရာတွင် အေးမြမြန့်သာရည်ကို ငွေဖလားအတွင်း၌ထည့်၍ သပြေခက်များဖြင့် တစ်ဦးနှင့်တစ်ဦး ရွှင်မြူးစွာပက်ဖျန်းကြသည်။ နှစ်ဟောင်းတွင် ကိန်းအောင်းနေသည့် ဘေးဥပဒ်အန္တရာယ်များ၊ မကောင်းသောစိတ်များအား ပပျောက်ကင်းစင်ကာ သန့်ရှင်းခြင်းသို့ရောက်ရှိစေရန် ရည်သန်၍ လုပ်ဆောင်ကြသည်။

ပူအိုက်သည့်ဒဏ်ကိုခံစားနေရာမှ သင်္ကြန်ရေလောင်းလိုက်သည်နှင့် အေးချမ်းမှုကိုရရှိစေသည်။ သင်္ကြန်ကာလ၌ တောရောမြို့ပါမကျန် သင်္ကြန်တေးသံများမှာ လွင့်ပျံ့နေ၏။ ဆရာမြို့မငြိမ်း၏ မန်းတောင်ရိပ်ခို၊ ညိုမြနှင့် တူးပို့တူးပို့စသည့် သီချင်းများမှာ ယနေ့ထက်တိုင် မရိုးနိုင်သောသီချင်းများဖြစ်ကြသည်။ ရပ်ကွက်အလိုက်၊ ဌာနဆိုင်ရာအလိုက် သက်ဆိုင်ရာယိမ်းအကမဏ္ဍပ်များ ဆောက်လုပ်ပြီး ညပိုင်းတွင်ယှဉ်ပြိုင်စေခြင်း၊ နေ့ခင်းပိုင်းတွင် အလှပြကားများဖြင့် သီဆိုကခုန်ခြင်းတို့ကို ပြုလုပ်ကြ၏။ စတုဒိသာကျွေးသော မဏ္ဍပ်များလည်း ရှိပါသေးသည်။ စတုဆိုသည်မှာ လေးဂဏန်းဖြစ်ပြီး ဒိသာဟူသောစကားမှာ အရပ်လေးမျက်နှာကို ခေါ်ဆိုခြင်းဖြစ်သည်။ ထို့ကြောင့် အရပ်လေးမျက်နှာမှ အယုတ်အလတ်အမြတ်မရွေး မည်သူမဆို ဝင်ရောက်စားသုံးနိုင်ပေရာ ချစ်စရာကောင်းသော ဓလေ့တစ်ခုလည်းဖြစ်ပေသည်။ ရင်ကိုအေးမြစေရန်ရည်ရွယ်၍ ရွှေရင်အေးတိုက်ကျွေးခြင်း၊ ကံနိမ့်သူများကံပေါ်လာစေရန်အတွက် မုန့်လုံးရေပေါ်ဖြင့် ကျွေးမွေးဧည့်ခံခြင်း၊ ဘေးဘယာများ ဝေးကွာစေရန်အတွက် ဗယာကြော်များကျွေးခြင်း စသည့်ဓလေ့တို့ကို ဆောင်ရွက်ကြ၏။

မြန်မာလူမျိုးတို့သည် မြန်မာ့ရိုးရာသင်္ကြန်ကို ပျော်ရွှင်စွာဆင်နွှဲကြသည့်အပြင် ကုသိုလ်ကောင်းမှုများကိုလည်း ပြုလုပ်လေ့ရှိကြသည်။ ဘုရား၊ ပုထိုး၊ စေတီတို့ကို ရေသပ္ပာယ်ခြင်း၊ သက်ကြီးရွယ်အိုတို့ကို ခေါင်းဆေးပေးခြင်း၊ ခြေသည်း၊ လက်သည်းညှပ်ပေးခြင်း၊ ရေချိုးပေးခြင်း၊ ဥပုသ်သီလ ဆောက်တည်ခြင်း၊ ငါးလွှတ်ခြင်း၊ သံဃာတော်များကို ဆွမ်းကပ်ခြင်း၊ အိမ်နီးချင်းနှင့် မိတ်ဆွေသင်္ဂဟတို့အား မုန့်များဝေငှခြင်း၊ သင်္ကြန်အတက်နေ့တွင် ခုနစ်ရက်မွေးနံပန်းများနှင့် အောင်သပြေခက်များ စုံလင်စွာဖြင့် ထိုးထားသော အတာအိုးမှရေကို မြေပေါ်သို့ သွန်းလောင်းကာ ဝေနေယျသတ္တဝါများအတွက် ဆုမွန်ကောင်းများ တောင်းခြင်း၊ အမျှဝေခြင်းတို့ကိုလည်း ပြုလုပ်ဆောင်ရွက်လေ့ရှိကြသည်။ ချုပ်နှောင်ခံထားရသော ငှက်ကလေးများအား လွှတ်ပေးခြင်း၊ ငါးကလေးများ လွှတ်ပေးခြင်း၊ ကျွဲ၊ နွားတို့ကို ဘေးမဲ့လွှတ်ပေးခြင်းဖြင့် ကုသိုလ်ပြုကြသည်။ မြန်မာလူမျိုးတို့သည် ကုသိုလ်ပြုကြရင်းဖြင့် သူတစ်ပါးအသက်သတ်ခြင်းသည် မကောင်းသောလုပ်ရပ်အဖြစ် ယုံကြည်ကာ နှစ်သစ်ကူးနေ့တွင် အထူးစောင့်ထိန်းကြသည်။

ယခုအခါ "မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်"ကို လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းတွင် မြန်မာနိုင်ငံအနေဖြင့် ပထမဆုံးတရားဝင်အသိအမှတ်ပြုခံခဲ့ရပြီဖြစ်သည်။ မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကို ယူနက်စကို၏ လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း တွင် ပါဝင်နိုင်ရေးအတွက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ယူနက်စကိုဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ကော်မတီသို့ ၂၀၂၃ ခုနှစ် မတ် ၂၄ ရက်တွင် ပေးပို့တင်သွင်းခဲ့သည်။ မြန်မာနိုင်ငံမှ တင်သွင်းထားသည့် အဆိုပြုစာတွဲကို ပါရာဂွေးနိုင်ငံ အာဆွန်စီယွန်မြို့တွင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂ ရက်မှ ၇ ရက်ထိ ကျင်းပသည့် ၁၉ ကြိမ်မြောက် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ညီလာခံတွင် တရားဝင် အတည်ပြုဆုံးဖြတ်ခဲ့သည်။

ထိုကဲ့သို့ လူသားမျိုးနွယ်ကိုယ်စားပြုဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ် ပါဝင်နိုင်ခြင်းသည် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ဦးဆောင်မှုဖြင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအသင်းများအပါအဝင် မြန်မာနိုင်ငံ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပြည်သူများအားလုံး၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ရှေးအစဉ်အဆက် တည်ထွန်းနေသော မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအားလုံးက မြတ်နိုးတန်ဖိုးထားပြီး အစဉ်အလာမပျက် ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ခဲ့ကြသည့် အကျိုးရလဒ်ဖြစ်သည်။

ခေတ်ကာလအဆက်ဆက် သင်္ကြန်ပွဲတော်ကျင်းပရာတွင် ယနေ့ကာလ၌ လမ်းလျှောက်သင်္ကြန်ကိုပါ ဆင်နွှဲလာကြသည်။ လမ်းလျှောက်သင်္ကြန်သည် လမ်းလျှောက်ရင်း သင်္ကြန်ပွဲတော်ကို ဆင်နွှဲရခြင်းဖြစ်သည်။ လမ်းမများပေါ်တွင် လူများ၊ ပြည့်ကျပ်နေပြီး မဏ္ဍပ်များပေါ်မှလည်း ဖျော်ဖြေပွဲများ၊ ခေတ်ပေါ်သီချင်းသီဆိုမှုများ၊ တိုက်ရိုက်ထုတ်လွှင့် မှုအစီအစဉ်များဖြင့် သင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။ ဒေသအလိုက် ကွဲပြားသောသင်္ကြန်ပွဲတော်ကျင်းပပုံအမျိုးမျိုးရှိရာ ရခိုင်ရိုးရာသင်္ကြန်ပွဲတော်တွင် ရေများကိုလောင်းလှေ (လှေအရှည်)ထဲတွင် ဖြည့်ထားလေ့ရှိသည်။ မိန်းကလေးများက လောင်းလှေကို ဘေးပတ်လည်တွင် ဝိုင်းထိုင်လေ့ရှိပြီး ယောကျ်ားလေးများက မိန်းကလေးများကို ရေပက်ရန် အကွာအဝေးတစ်ခုထိ လာရောက်ပြီး ခွင့်ပြုချက်တောင်းရသော ဓလေ့ဖြစ်သည်။

နှစ်ဟောင်းမှနှစ်သစ်သို့ကူးပြောင်းသော တန်ခူးလအချိန်အခါတွင်အရေးကြီးသော ရက်တစ်ရက်မှာ နှစ်ဆန်းတစ်ရက်နေ့ဖြစ်သည်။ မြန်မာနှစ်ဆန်းတစ်ရက်နေ့သည် မြန်မာလူမျိုးတို့အတွက် ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံသော နေ့တစ်နေ့ပင်ဖြစ်သည်။ ထိုနေ့ရက်တွင် မြန်မာပြည်သူအပေါင်းတို့သည် မကောင်းမှုကိုရှောင် ကောင်းမှုကိုဆောင်ကြပေသည်။ မိမိတို့နေထိုင်ရာ အရပ်ဒေသ ဝန်းကျင်အသီးသီးတို့၌ မင်္ဂလာအပေါင်းနှင့် ပြည့်စုံစေရန်အတွက် ဒုစရိုက် ၁၀ ပါးဖြစ်သော ကာယဒုစရိုက်သုံးပါး၊ ဝစီဒုစရိုက်လေးပါးနှင့် မနောဒုစရိုက်သုံးပါးတို့ကို အထူးရှောင်ကြဉ်ကြသည်။ ထို့ပြင် ကိုယ်ဖြင့်စောင့်ရှောက်အပ်သော ကာယသုစရိုက်၊ ဝစီသုစရိုက်နှင့်စိတ်ဖြင့် စောင့်ရှောက်အပ်သည့် မနောသုစရိုက်တို့ကို ကျင့်ကြံအားထုတ်စောင့်ရှောက်ကြသည်မှာ မြန်မာလူမျိုးတို့၏ နှစ်သစ်ကူးကာလ ကောင်းမြတ်သော အစဉ်အလာများအဖြစ် ယနေ့ထိတိုင် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။

ထို့အတူ သကြန်ပွဲတော် ကျင်းပခြင်းနှင့်အတူ ဥပုသ်သီတင်းသီလစောင့်တည်မှုပြုခြင်း၊ ရှင်ပြုအလှူမင်္ဂလာနှင့် ဒုလ္လဘရဟန်းခံ ပြုကြခြင်း၊ သက်ကြီးရွယ်အိုဘိုးဘွားတို့အား နွေးထွေးကြင်နာစွာဖြင့် ရိုသေသမှုပူဇော်မှုပြုခြင်း၊ လယ်ယာလုပ်ငန်းခွင်တွင် အကျိုးပြုခဲ့သော ခိုင်းနွားများကို ဘေးမဲ့စေလွှတ်ခြင်း၊ မြစ်ချောင်းအင်းအိုင်များတွင် ငါးလွှတ်ပွဲများကို မြို့ရွာဒေသအနှံ့ပြုလုပ်ကြခြင်းဖြင့် ချစ်စဖွယ်ကောင်းသည့် မြန်မာ့ဓလေ့စရိုက်များကိုဖော်ညွှန်းနေသည်။ ကောင်းမြတ်သော အချိန်ကာလတို့ကို ညွှန်းဆိုထားသော လရာသီဖြစ်သည့်အပြင် သန့်စင်မွန်မြတ်သော ဒါနတရားတို့ ဖြင့် ပီတိဖြာဝေစေသော တန်ခူးလရာသီခါပင်ဖြစ်သည်။ ရွက်ဟောင်းကြွေ၍ ရွက်သစ်ဝေသော ဂိမှာန်အခါဝယ် ကံ့ကော်၊ ကြက်ရန်း၊ ဂမုန်း၊ ခတ္တာ၊ ငုဝါ၊ ပိတောက်တို့ ထိန်တောက်စွာ ပွင့်လန်းသည့် နှစ်ဆန်းချိန်သည် မင်္ဂလာအပေါင်း ခညောင်းလျက်ရှိသည်။ ထိုကဲ့သို့ အခင်းသာသော ရာသီမိတ္တာတန်ခူးလတွင် မြန်မာလူမျိုးတို့သည် သင်္ကြန်ပွဲတော်ကို နွှဲပျော်ကြသည်။ ဒါနက တဝေဝေ၊ ရေတွေက တရွှဲရွှဲဖြင့် ကောင်းမှုများပြုလုပ်၍ တောင်းဆုယူကြသည်မှာ အခြားအခြားသော နှစ်သစ်ကူးပွဲတော်များနှင့် မတူ တစ်မူထူးခြားသည့် ဝိသေသရှိသော ရေသဘင်ပွဲတော်ဟု ခေါ်ဆိုနိုင်ပါတော့သည်။

**ကိုးကား**

- **နေ့စဉ်ထုတ်သတင်းစာများ၊**
- **မြန်မာ့ယဉ်ကျေးမှုဆယ့်နှစ်လရာသီ ဓလေ့ထုံးစဉ်လာ**

**(အောင်စိုး- တိရစ္ဆာန်ဆေးကုဆရာဝန်)**

# အလွှာရုပ်ရှင်ဇာတ်ကားကို ဧပြီ ၁၇ ရက်တွင် နိုင်ငံတစ်ဝန်းအဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်



ရန်ကုန် မတ် ၃၁

မိုးကောင်းကင် ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် အလွှာရုပ်ရှင်ဇာတ်ကားကို ဧပြီ ၁၇ ရက်တွင် နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် အဓိက သရုပ်ဆောင်အဖြစ် ပါဝင်ထားသူ သရုပ်ဆောင် အေးချမ်းမောင်ထံမှ သိရသည်။

အလွှာ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို စိုးမိုးမင်းက ရေးသားထားပြီး မိုးကောင်းကင် ရုပ်ရှင် ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ စိုးမိုးမင်းကပင် တာဝန်ယူပုံဖော်ရိုက်ကူးပေးထားကြောင်း သိရသည်။

"အလွှာရုပ်ရှင်ဇာတ်ကားမှာ မင်းသူရဆိုတဲ့ ကာရိုက်တာနဲ့ ပါဝင်ထားပါတယ်။ ဒီဇာတ်ကားကြီးမှာ လောဘစိတ်နဲ့ငွေနောက်ကိုလိုက်ရင်း မတူညီတဲ့လူ့ဘောင် အလွှာတွေခြားနားကြတဲ့ဘဝတွေ ဘယ်လောက်တောင် ပေးဆပ်ခဲ့ရမလဲဆိုတာ တွေ့မြင်ရမှာပါ"ဟု သရုပ်ဆောင် အေးချမ်းမောင်က ပြောပြသည်။

အလွှာရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် အေးချမ်းမောင်၊ တိုင်ရွှန်း၊ ဟိန်းသီဟ၊ ရဲရင့်စည်သူ၊ ဆန်းမင်းဟိန်းထွဋ်၊ နေဆန်း၊ ဇော်ဝင်းမောင်၊ ခြူးလေး၊ မေဂရေ့စ်၊ ထွန်းပုလဲရတနာ၊ စိုးမိုးကြည်၊ ဝါဝါအောင်၊ အက်ခရာနှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# ယူနီဗာဆယ်၏ Mummy ဇာတ်ကားသစ်၌ မင်းသား ဂျွန်ဟန်နာ ပါဝင်မည်

နယူးယောက် မတ် ၃၁

ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီ၏ Mummy ဇာတ်ကားသစ်တွင် မူလ Mummy ဇာတ်ကားများ၌ ပါဝင်ခဲ့သော မင်းသား ဂျွန်ဟန်နာလည်း ပြန်လည် ပါဝင်မည်ဖြစ်ကြောင်း မတ် ၃၀ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

အဆိုပါ ဇာတ်ကားသစ်တွင် မင်းသား ဂျွန်ဟန်နာသည် မင်းသား ဘရန်ဒန်ဖရေဆာ၊ မင်းသမီး ရာချယ်ဝိုက်တို့နှင့်အတူ ပြန်လည် သရုပ်ဆောင်ရမည်ဖြစ်သည်။

Mummy ဇာတ်ကားသစ်တွင် မင်းသား ဂျွန်ဟန်နာသည် မင်းသမီး ရာချယ်ဝိုက်၏အစ်ကိုအဖြစ် ဆက်လက် သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Mummy ဇာတ်ကားသစ်၏ ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကို ယူနီဗာဆယ်က လျှို့ဝှက်ထားဆဲဖြစ်ပြီး အဆိုပါ ဇာတ်ကားသစ်ကို ဒါရိုက်တာ မက်ဘက်တီနယ်လီအော်ပင်နှင့် တေလာဂျီးလက်တို့က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားသစ်ကို ၂၀၂၈ ခုနှစ် မေ ၁၉ ရက်တွင် ရုံတင်ပြသရန် ယူနီဗာဆယ်က စီစဉ်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# သကြိန်ရောက်ပြီ ရုပ်သံဇာတ်လမ်းတွဲကို ဧပြီ ၉ ရက်မှစတင်ကာ M Channel ရုပ်သံလိုင်းမှ ထုတ်လွှင့်သွားမည်ဖြစ်




ရန်ကုန် မတ် ၃၁

သကြိန်ရောက်ပြီ ရုပ်သံဇာတ်လမ်းတွဲကို ဧပြီ ၉ ရက်မှ စတင်ကာ M Channel ရုပ်သံလိုင်းမှ ထုတ်လွှင့်သွားမည် ဖြစ်ကြောင်း အဆိုပါ သကြိန်ရောက်ပြီ ရုပ်သံဇာတ်လမ်းတွဲတွင် ပါဝင်ထားသူ သရုပ်ဆောင် မင်းဘုန်းမြတ်က ပြောပြသည်။

သကြိန်ရောက်ပြီ ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဖြိုးသဉ္ဇာကျော်က ရေးသားထားပြီး ရိုက်ကွင်းဇာတ်ညွှန်းကို ချစ်ဆုခင်နှင့်ကိုတုတ်တို့က ရေးသားထားခြင်းဖြစ်ကာ ဒါရိုက်တာလူနေက တာဝန်ယူပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"သကြိန်မှာဖူးစာဆုံမဲ့ စုံတွဲလေးတစ်တွဲရဲ့ ချစ်စရာကောင်းတဲ့ သကြိန်ဖူးစာ ဇာတ်လမ်းလေးပါ။ Game Streamer ဖြစ်ချင်တဲ့ ကောင်လေးနဲ့ ချစ်ဖို့ကောင်းတဲ့ ရွာတေးမလေးတို့ရဲ့ ဆုံတွေ့မှုဟာ ဒီသကြိန်ကို အရောင်စုံစေမဲ့ ဇာတ်လမ်းလေးတစ်ပုဒ်အဖြစ် ပရိသတ်ရှေ့မှောက် ရောက်ရှိလာမှာ ဖြစ်ပါတယ်"ဟု သရုပ်ဆောင် မင်းဘုန်းမြတ်က ပြောပြသည်။

အဆိုပါ သကြိန်ရောက်ပြီ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် မင်းဘုန်းမြတ်၊ ခန့်အုပ်စိုး၊ ဖြိုးဟန်ကျော်၊ အောင်ဖြိုးဟိန်း၊ ရဲမာန်၊ မြတ်ကို၊ ရွှေအိုး၊ အေးအေးအောင်၊ ထံတူလင်း၊ ယမင်းအိအိဇော်၊ ကျော့ကျော့သာသာနှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကာ ဧပြီ ၉ ရက်မှ စတင်ကာ ဧပြီ ၁၇ ရက်ထိ ည ၇ နာရီ မိနစ် ၃၀ တိုင်း ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# Project Hail Mary ဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေ ကန်ဒေါ်လာ သန်း ၃၀၀ ကျော်ရရှိလာ

နယူးယောက် မတ် ၃၁

Project Hail Mary အာကာသ စွန့်စားခန်း ရုပ်ရှင်ဇာတ်ကား၏ ဒုတိယသီတင်းပတ်ကုန်ချိန် ကမ္ဘာတစ်ဝန်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ သန်း ၃၀၀ ကျော်ထိ ရှိလာကြောင်း မတ် ၃၀ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

Amazon MGM ကုမ္ပဏီသည် Project Hail Mary ဇာတ်ကားကို မတ် ၂၀ ရက်တွင် အမေရိကန်ဈေးကွက်နှင့် နိုင်ငံတကာဈေးကွက်တို့၌ စတင်ရုံတင်ပြသခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Project Hail Mary ဇာတ်ကား၏ ကမ္ဘာတစ်ဝန်း ဝင်ငွေမှာ အမေရိကန်ဒေါ်လာ သန်း ၃၀၀ ထိရှိလာခဲ့ရာ ၂၀၂၆ ခုနှစ်၏ ဝင်ငွေအကောင်းဆုံးဇာတ်ကားဖြစ်လာသည်။

စတင်ရုံတင်ပြီး ဒုတိယသီတင်းပတ်ကုန်ဆုံးချိန်တွင် Project Hail Mary ဇာတ်ကားသည် ပြည်တွင်း ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၆၅ ဒသမ ၃ သန်းထိရရှိထားပြီး နိုင်ငံတကာဝင်ငွေမှာအမေရိကန်ဒေါ်လာ ၁၃၆ ဒသမ ၂ သန်းထိရရှိထားသည်။

Project Hail Mary ဇာတ်ကားကို ဒါရိုက်တာ ဖီးလော့နှင့် ခရစ္စတိုဖာမီလာတို့က ရိုက်ကူးပေးထားကြောင်း၊ အဆိုပါဇာတ်ကားတွင် မင်းသား ရိုင်ယန်ဂိုးစလင်း၊ မင်းသမီး စန်ဒရာဟော်လာနှင့် မီလာနာဇင်းထရပ်တို့ ပါဝင်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# Apparatus လျှို့ဝှက်သည်းဖိုဟာသဇာတ်ကား၌ ဒီလန်အိုဘရိုင်ယန်နှင့်ဟက်ဆန်ဝီလျံတို့ ပါဝင်မည်

နယူးယောက် မတ် ၃၁

Apparatus အမည်ရှိ လျှို့ဝှက်သည်းဖို ဟာသဇာတ်ကားသစ်၌ မင်းသား ဒီလန်အိုဘရိုင်ယန်နှင့် ဟက်ဆန်ဝီလျံတို့ ပါဝင်မည်ဖြစ်ကြောင်း မတ် ၃၀ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်ဟု သိရသည်။

Apparatus ဇာတ်ကားကို ကနေဒါရုပ်ရှင်မင်းသမီး ဆိုဖီယာဘန်းဟက်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

၎င်းဇာတ်ကားသည် မင်းသမီး ဆိုဖီယာဘန်းဟက် ဒါရိုက်တာအဖြစ် တာဝန်ယူရိုက်ကူးမည့် ပထမဆုံးရုပ်ရှင် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါ Apparatus ဇာတ်ကားသည် လုပ်ငန်းရှင်တစ်ဦး၏ ဩဇာအောက် ရောက်နေသည့် အငှားယာဉ်မောင်း လူငယ်တစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

၎င်းဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို မင်းသမီး ဆိုဖီယာဘန်းဟက်နှင့် ဇာတ်ညွှန်းရေးဆရာ ဂရေဆန်မိုးတို့ ပူးတွဲရေးသားထားကြောင်း သိရသည်။

Apparatus ဇာတ်ကား ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့် ရက်တို့ကို ထုတ်လုပ်သူများက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# Tatmadaw columns recontrol Winwa bridge that was under brief control of terrorist, and reopen Dawei-Myeik road

**Nay Pyi Taw March 31**

KNLA and PDF terrorist insurgents launched a surprise attack against the security forces stationed at Winwa bridge, a vitally important facility on Dawei-Myeik road in Thayetchaung Township, Taninthayi Region, with drones and much superior force on 17 February 2026. They then temporarily dominated the bridge and its surrounding areas and cut off transport in the area.

Security forces fought back the terrorists with valour, but they were outnumbered by the massive enemy force and had to systematically retreat to Gonnyinseik. During the temporary retreat, the security troops joined forces with Tatmadaw columns and made necessary mobilization and preparations.

Tatmadaw columns made systematic step-by-step security processes to recapture the areas in and around the bridge, and recontroled Citaw village on 28 March, Yaychochuang village on 29 March, and Point 168 hill and Chaungwa village on 30 March respectively. Today, they were able to totally recontrol the former Winwa police station and the bridge, restoring the regular flow of passenger and freight transport on Dawei-Myeikroad.

Normal commodity flow in the area can be resumed as the Tatmadaw columns have completely controlled and reopened the Dawei-Myeik road that was under a brief control of terrorist insurgents. So, local national races are happy and grateful to the Tatmadaw.

100



Military columns have regained control around the Winwa Bridge area and reopened the Dawei-Myeik communication route.

# Mingin Township sees completion of harvesting green gram plantations

**Mingin March 31**

Agricultural data compiled by Mingin Township Agriculture Department, local farmers have reaped 3,731 acres of green gram in Mingin Township of Sagaing Region.

During the winter cropping season in Mingin Township, a total of 5,639 acres of green gram were cultivated. Harvesting of these fields began in January this year, and as of today, 3,731 acres have been harvested, with an average yield of 14.87 baskets per acre.

"In Mingin Township, 5,639 acres of green gram were cultivated during the winter season. At present, harvesting is ongoing, and more than 3,000 acres have been completed to date. Green gram cultivation has been increasing year by year. We are also providing education to expand cultivation and encouraging the use of high-quality seeds to achieve better yields," said Daw Hayman Kyaw Win, Head of the Department of Agriculture in Mingin Township.

In Mingin Township, the relevant Township Department of Agriculture has been providing farmers with guidance and awareness on accessing regionally suitable high-quality seeds, applying correct cultivation methods, preventing pest infestations, using fertilizers systematically, and improving yields.

During this year's winter cropping season, in order to ensure good yield and quality of various pulses, necessary quality seeds, agricultural inputs, and post-harvest technological support are being provided in cooperation with farmers.

206



Farmers harvesting green gram in a field.

# European Council president stresses de-escalation, diplomacy in call with Iran's president

**Brussels March 31**

European Council President Antonio Costa said on Tuesday that he has made a phone conversation with Iranian President Masoud Pezeshkian and called for de-escalation, restraint and the protection of civilians and civilian infrastructure in the Middle East.

In a post on X, Costa, describing the situation in the region as "extremely dangerous," stressed the need for all parties to fully respect international law.

Costa also stressed the need to protect civilians and civilian infrastructure. Referring to the Feb. 28 strike on a school in Minab, which occurred during U.S. operations targeting a nearby Iranian military base, he said the loss of innocent lives was "deeply regrettable."

Preliminary findings from an ongoing U.S. military investigation suggest that a U.S. Tomahawk missile struck the Shajarah Tayyebeh elementary school in Minab, southern Iran, killing at least 165 people, mostly schoolgirls, and injuring dozens more.

The European Council president also said he had encouraged Iran to engage on the diplomatic track, notably with the United Nations to ensure freedom of navigation in the Strait of Hormuz, the shipping route of 20 percent of world's oil.

"There must be space for diplomacy," Costa wrote, adding that the European Union stood ready to contribute to diplomatic efforts aimed at reducing tensions and reaching a lasting solution to end the hostilities.

There is no comment so far on the phone talks from the Iranian side.

Ongoing tensions in the Middle East, triggered by joint U.S.-Israeli strikes against Iran on Feb. 28, have now entered their fifth week with no clear resolution in sight.

In a major escalation, Iran has effectively blockaded the Strait of Hormuz, allowing only ships it considers non-hostile to pass. This maritime squeeze, along with damage to regional energy facilities, has pushed oil prices higher, keeping Brent Crude above 100 U.S. dollars a barrel and up more than 50 percent since the war began.

Xinhua

# Italy denies U.S. use of military base over lack of authorization Italy denies U.S. use of military base over lack of authorization

**Rome March 31**

The Italian government has recently denied the United States permission to use the Sigonella military air base in Sicily due to the absence of prior notification and required authorization, Italian media reported Tuesday.

Italian Defense Minister Guido Crosetto made the decision several days ago after being informed of a U.S. flight plan, though the matter was not made public at the time, according to Italian newspaper Corriere della Sera.

Italian Air Force authorities learned that several U.S. bombers planned to land at Sigonella before proceeding to the Middle East without prior notification or consent from the Italian side. The flight plan was reportedly communicated only after the aircraft had already taken off.

Preliminary checks by Italian authorities indicated that the flights were neither routine nor logistical, and therefore fell outside the scope of bilateral agreements governing the U.S. use of military bases in Italy. Such operations require prior authorization and appropriate political and military consultations, the report said.

Italy hosts multiple air and joint-use military bases used by U.S. forces under bilateral defense agreements and the North Atlantic Treaty Organization (NATO) framework. Sigonella, located in eastern Sicily, serves as a key strategic hub for U.S. operations in the Mediterranean.

Xinhua

# All plantations of black gram harvested in Kyunhla Township


Photo shows piles of newly harvested black gram.

**Kyunhla March 31**

Local farmers have harvested all sown acreage of black gram in Kyunhla Township of Sagaing Region, according to the township Agriculture Department.

During the winter cropping season in Kyunhla Township, a total of 11,728 acres of black gram were cultivated. Harvesting of these fields began in January this year, and as of today, 100 percent of the acreage has been completed, with an average yield of 12.54 baskets per acre.

"In Kyunhla Township, 11,728 acres of black gram were cultivated during the winter season. At present, all of the cultivated fields have been fully harvested. During the cultivation period, we also carried out field-level support, providing necessary techniques, quality seeds, and methods for pest and disease prevention," said Daw Myint Myint Yi, Head of the Department of Agriculture in Kyunhla Township.

In Kyunhla Township, the Department of Agriculture has been providing farmers with awareness and guidance on accessing regionally suitable high-quality seeds, applying correct cultivation methods, preventing pest infestations, using fertilizers systematically, and achieving better yields.

During this year's winter cropping season, in order to ensure good yield and quality of various pulses, the relevant Township Department of Agriculture worked in cooperation with farmers to provide quality seeds, necessary inputs, and post-harvest technical support.

206

# Chickpea plantations reaped in Htigyaing Township

**Htigyaing March 31**

Statistics of Htigyaing Township Agriculture Department mentioned that local farmers have harvested all acres of chickpea in Htigyaing Township of Sagaing Region.

In Htigyaing Township, during the winter cropping season, chickpea was cultivated on a total of 4,710 acres. Harvesting of these chickpea fields began in January this year, and as of now, 100 percent of the acreage has been fully harvested, with an average yield of 18.24 baskets per acre.

"To increase the production of pulses and ensure food sufficiency during the winter cropping season in Htigyaing Township, chickpea was cultivated on 4,710 acres. At present, all cultivated chickpea fields have been completely harvested. As chickpea is widely consumed domestically, it has a strong market, and farmers who grow it are doing well," said U Ko Ko Aung, Head of the Department of Agriculture in Htigyaing Township.

In Htigyaing Township, the Township Department of Agriculture provided technical guidance and awareness to chickpea farmers to achieve better yields. This included ensuring access to suitable, high-quality seeds adapted to the local area, correct cultivation methods, pest control measures, and systematic use of fertilizers.

During this year's winter cropping season, for the cultivation of various pulses, the relevant Township Department of Agriculture also cooperated with farmers to supply quality seeds, necessary agricultural inputs, and post-harvest technology to improve both yield and crop quality.

206

# YeU Township finishes harvesting of all sown acreage of black gram

**YeU March 31**

Local farmers have harvested all plantations of black gram in YeU Township of Sagaing Region, accrding to the YeU District Agriculture Department.

In YeU Township, during the winter cropping season, black gram was cultivated on a total of 25,786 acres. Harvesting of these black gram fields began in January this year, and as of now, 100 per cent of the acreage has been fully harvested, with an average yield of 19.98 baskets per acre.

"During the winter cropping season in YeU Township, black gram was cultivated on 19,039 acres. At present, all cultivated black gram fields have been completely harvested. During the cultivation period, necessary technologies, quality seeds, and pest and disease prevention methods were provided through field-based support," said U Zaw Myint Tun, Head of the Department of Agriculture in YeU District.

In YeU Township, the Township Department of Agriculture provided awareness and technical assistance to black gram farmers to ensure better yields. This included access to high-quality, locally suitable seeds, correct cultivation methods, pest control, and systematic use of fertilizers.

During this year's winter cropping season, in the cultivation of various pulses, the relevant Township Department of Agriculture also cooperated with farmers to provide quality seeds, agricultural inputs, and post-harvest technologies to improve both yield and crop quality.

206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Sagaing Township grows more than 2,000 acres of summer paddy this year

**Sagaing March 31**

Statistics of the township Agriculture Department, local farmers planted summer paddy on 2,422 acres of farmlands in Sagaing Township of Sagaing Region this year.

During the 2025-2026 summer cropping season, Sagaing Township has targeted the cultivation of 4,350 acres of summer paddy. Planting began in January this year, and as of today, a total of 2,422 acres have already been completed.

"In Sagaing Township, more than 4,000 acres of summer paddy were planned for cultivation this season, and over 2,000 acres have already been planted. Efforts are being made to meet the full target acreage. Farmers growing summer paddy are being provided with agricultural technical guidance, pest prevention awareness, and advice to prevent crop losses, as well as to ensure harvested paddy is promptly stored under proper shelter," said U Myo Thant Aung, head of the Sagaing Township Department of Agriculture.


In Sagaing Township, to help farmers increase yield per acre and achieve target outputs, the distribution of high-quality seeds, dissemination of technical pamphlets, organization of farmer training courses and educational talks, and timely provision of necessary agricultural inputs are being carried out.

Farmers are also being urged to coordinate with the Department of Agriculture and make advance preparations—such as following issued guidelines on pest and disease prevention, improving soil fertility, and collecting quality seeds in advance—so they can plant summer paddy and other crops on time after harvesting monsoon paddy and other seasonal crops.

206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဂျာမနီ၏ လေဆာဆက်သွယ်ရေးနည်းပညာကို စစ်ဘက်ကဏ္ဍတွင်အသုံးပြုရန် အစ္စရေး အခွင့်အရေးရရှိ



အစ္စရေးနိုင်ငံ Elbit Systems ၏ ဂျာမနီအခြေစိုက် ကုမ္ပဏီခွဲသည် ဂျာမနီ Cucuyo GmbH ကုမ္ပဏီနှင့် သဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးခဲ့ပြီး အဆိုပါကုမ္ပဏီ၏ လေဆာအခြေပြုဆက်သွယ်ရေးနည်းပညာကို စစ်ဘက်ဆိုင်ရာကဏ္ဍများတွင်အသုံးပြုရန် အခွင့်အရေးများရရှိခဲ့သည်ဟု The Defense Post သတင်းဌာနက မတ် ၂၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Elbit Systems ကုမ္ပဏီအနေဖြင့် Cucuyo GmbH ကုမ္ပဏီ၏ နည်းပညာကို ကာကွယ်ရေးဆိုင်ရာ ရည်ရွယ်ချက်များအတွက် အသုံးပြုခြင်းနှင့် ဆက်လက်အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့ပြင် နည်းပညာဆိုင်ရာမူပိုင်ခွင့်များကို Elbit Systems ကုမ္ပဏီက ရယူပိုင်ဆိုင်မည့် စနစ်သစ်များကိုလည်း နှစ်ဖက်ပူးပေါင်းကာ ဆက်လက်ထုတ်လုပ်သွားမည်ဖြစ်သည်။

အဆိုပါသဘောတူညီချက်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် Elbit Systems ကုမ္ပဏီသည် စစ်ဘက်ဆိုင်ရာပလက်ဖောင်းများအတွက် လေဆာဆက်သွယ်ရေးစနစ်များ ပိုမိုတိုးတက်လာစေရန် သီးသန့်သုတေသနနှင့် ဖွံ့ဖြိုးရေး(R&D) အဖွဲ့အစည်းတစ်ခုကို တည်ထောင်လျက်ရှိသည်။ စတင်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များတွင် လေဆာဆက်သွယ်ရေးစနစ်များကို ဒရုန်းများနှင့် မြေပြင်အခြေစိုက်စနစ်များ၌ ပေါင်းစပ်တပ်ဆင်နိုင်ရေးအတွက် အဓိကထားလုပ်ဆောင်သွားမည်ဖြစ်သည်။

လေဆာဆက်သွယ်ရေးနည်းပညာသည်အချက်အလက်များကို သမားရိုးကျရေဒီယိုလှိုင်းနှုန်းများအစား အလင်းလှိုင်းများမှတစ်ဆင့် ပေးပို့ခြင်းဖြစ်သည်။ ၎င်းနည်းပညာသည် သတင်းအချက်အလက်ပေးပို့မှုနှုန်း ပိုမိုမြန်ဆန်ခြင်း၊ လျှပ်စစ်သံလိုက်လှိုင်းဖြင့် ဖိဖျက်၊ နှောင့်ယှက်မှုများကို ခံနိုင်ရည်ရှိခြင်းနှင့် ရန်သူ့ဘက်မှ ကြားဖြတ်ခိုးယူနားထောင်နိုင်ခြေအလွန်နည်းပါးခြင်း စသည့် အားသာချက်များစွာကို ပေးစွမ်းနိုင်မည်ဖြစ်သည်။

ယခုသဘောတူညီချက်သည် ဥရောပဒေသအတွင်း နည်းပညာပိုင်းဆိုင်ရာခြေလှမ်းသစ်များချဲ့ထွင်ရန် Elbit Systems ကုမ္ပဏီ၏ မဟာဗျူဟာမြောက်ရည်မှန်းချက်ကို များစွာအထောက်အကူပြုမည်ဖြစ်သည်။ Elbit Systems ကုမ္ပဏီသည် ပြီးခဲ့သည့်နှစ်အနည်းငယ်အတွင်း ဂျာမနီနိုင်ငံတွင် ပြည်တွင်းထုတ်လုပ်မှုနှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများကိုတိုးမြှင့်ကာ ၎င်းတို့၏အခန်းကဏ္ဍကို ပိုမိုခိုင်မာအောင် တည်ဆောက်လျက်ရှိသည်။

Cucuyo GmbH ကုမ္ပဏီ အတွက်လည်း ယခုပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် Elbit Systems ကုမ္ပဏီ၏ အီလက်ထရို-အော့ပတစ်စနစ်များ၊ ဆက်သွယ်ရေးနည်းပညာများနှင့် စစ်ဘက်ဆိုင်ရာပလက်ဖောင်းများတွင် အချက်အလက် ပေါင်းစပ်ညှိနှိုင်းမှုဆိုင်ရာ ကျွမ်းကျင်မှုများကို ရရှိနိုင်မည်ဖြစ်သည်။ ဘဏ္ဍာရေးဆိုင်ရာ အသေးစိတ်အချက်အလက်များကို ထုတ်ဖော်ပြောကြားခြင်း မရှိသော်လည်း မကြာမီကာလအတွင်း လက်တွေ့စစ်ဆင်ရေးနယ်ပယ်သို့ စတင်ဝင်ရောက်လာနိုင်ခြေရှိသည်။

Elbit Systems ကုမ္ပဏီက ဂျာမနီ Cucuyo GmbH ကုမ္ပဏီ၏ လေဆာဆက်သွယ်ရေးနည်းပညာကို ရယူလိုက်ခြင်းမှာ နောင်ဖြစ်ပွားလာမည့် ပဋိပက္ခများတွင် အီလက်ထရွန်နစ်စစ်ဆင်ရေးကဏ္ဍသည် အဆုံးအဖြတ်ပေးမည့် အခန်းကဏ္ဍတွင်ရှိနေကြောင်း သက်သေပြလိုက်ခြင်းဖြစ်သည်။ သမားရိုးကျ ရေဒီယိုလှိုင်း (RF)များသည် ရန်သူ့ဘက်မှ ဖိဖျက်၊ နှောင့်ယှက်ခြင်းနှင့် ကြားဖြတ်ခိုးယူခြင်းတို့ကို ခံရနိုင်ခြေမြင့်မားသော်လည်း လေဆာအခြေပြုဆက်သွယ်ရေးစနစ်မှာမူ အလင်းလှိုင်းကို အသုံးပြုခြင်းကြောင့် ထိုအန္တရာယ်များကို သိသိသာသာ လျှော့ချပေးနိုင်မည်ဖြစ်သည်။

အထူးသဖြင့် ဒရုန်းစစ်ဆင်ရေးများတွင် ရန်သူ့ဘက်မှ ဆက်သွယ်ရေးလှိုင်းများကို ဖြတ်တောက်ရန်ကြိုးပမ်းလေ့ရှိရာ ဤနည်းပညာသစ်သည် ဒရုန်းများနှင့် မြေပြင်ကွပ်ကဲမှုဌာနကြား အချက်အလက်များကို အနှောင့်အယှက်ကင်းစွာဖြင့် အရှိန်အဟုန်ပြင်းပြင်း ပေးပို့နိုင်မည်ဖြစ်ကြောင်း သိရသည်။

**Elbit Secures Rights to German Laser Comms Tech for Defense Use ကို ဘာသာပြန်ဆိုထားပါသည်။**

## ဂျပန် Terra Drone ကုမ္ပဏီက အမေရိကန်တွင် Terra Defense ကုမ္ပဏီ တည်ထောင်သွားရန်စီစဉ်နေ

ဂျပန်နိုင်ငံအခြေစိုက် Terra Drone ကုမ္ပဏီသည် ကမ္ဘာ့အဓိက စစ်ဘက်ကာကွယ်ရေးဈေးကွက်များသို့ အဆင့်လိုက် တိုးချဲ့ဝင်ရောက်သွားမည့်အစီအစဉ်များကို အမေရိကန်နိုင်ငံတွင် "Terra Defense" အမည်ရှိ ကုမ္ပဏီတစ်ခုကို တည်ထောင်သွားရန် စီစဉ်နေကြောင်း The Defense Post သတင်းဌာနက မတ် ၂၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤခြေလှမ်းသည် Terra Drone ကုမ္ပဏီအနေဖြင့် ယခင်က လုပ်ဆောင်ခဲ့သော အခြေခံအဆောက်အအုံများတွင် အကဲဖြတ်စစ်ဆေးခြင်း၊ စွမ်းအင်နှင့် စက်မှုဝန်ဆောင်မှု စသည့်အရပ်ဘက်လုပ်ငန်းများမှသည် အရပ်ဘက်-စစ်ဘက် နှစ်မျိုးသုံး(Dual-use)နှင့် ကာကွယ်ရေးဆိုင်ရာလုပ်ငန်းများဆီသို့ သိသာထင်ရှားစွာ ကူးပြောင်းလိုက်ခြင်းဖြစ်သည်။ ကုမ္ပဏီ၏နှစ်ရှည်လများ အတွေ့အကြုံရှိထားသော ဒရုန်းနည်းပညာများကို စစ်ဘက်ဆိုင်ရာတွင် အသုံးချနိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။

Terra Drone ကုမ္ပဏီ၏ အချက်အလက်များအရ ကမ္ဘာ့တစ်ဝန်းရှိ စစ်ဘက်သုံး ဒရုန်းဈေးကွက်သည် ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၈ ဘီလီယံ ခန့်ရှိခဲ့ပြီး ၂၀၃၀ ပြည့်နှစ်တွင် ဒေါ်လာ ၂၂ ဒသမ ၈ ဘီလီယံထိ တိုးတက်လာမည်ဟု ခန့်မှန်းထားသည်။ "ဤဈေးကွက်အတွင်းသို့ ဝင်ရောက်ရန် ဆုံးဖြတ်ချက်သည် Terra Drone ကုမ္ပဏီ၏ ရေရှည်စီးပွားရေးမဟာဗျူဟာတွင် အလွန်အရေးကြီးသော ပထမခြေလှမ်းဖြစ်သည်"ဟု Tokushige က ပြောကြားခဲ့သည်။

Terra Drone ကုမ္ပဏီ၏ တိုးချဲ့မှုမဟာဗျူဟာတွင် ဂျပန်နိုင်ငံသည် အဓိကဗဟိုချက်အဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်သည်။ ၎င်းသည် အဆင့်မြင့်အရပ်ဘက်နည်းပညာများကို နိုင်ငံ၏ကာကွယ်ရေးကဏ္ဍအတွင်းသို့ ပေါင်းစပ်ထည့်သွင်းရန် ဂျပန်အစိုးရ၏ ကြိုးပမ်းအားထုတ်မှုများကို ထင်ဟပ်နေခြင်းဖြစ်သည်။ တစ်ချိန်တည်းမှာပင် အမေရိကန်အခြေစိုက် တည်ထောင်မည့် Terra Defense လက်အောက်ခံကုမ္ပဏီသည် ထောက်ပံ့ပို့ဆောင်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးဗဟိုဌာန (Logistics & Coordination Hub) အဖြစ် ဆောင်ရွက်သွားမည်ဖြစ်သည်။ ၎င်းသည် နိုင်ငံဖြတ်ကျော် ထောက်ပံ့ရေးကွင်းဆက်များကို ချောမွေ့စေပြီး ဒရုန်းစနစ်များကို နိုင်ငံတကာသို့ ပိုမိုမြန်ဆန်စွာ တပ်ဖြန့်နိုင်ရန်နှင့် ပေါင်းစပ်အသုံးပြုနိုင်ရန် ရည်ရွယ်သည်။



Terra Drone ကုမ္ပဏီသည် ၎င်း၏ နည်းပညာစွမ်းဆောင်ရည်များကို လေကြောင်း၊ မြေပြင်နှင့်ရေကြောင်းကဏ္ဍ (Air, Land & Maritime) သုံးမျိုးစလုံးသို့ ကျယ်ပြန့်စွာ တိုးချဲ့ထုတ်လုပ်လျက်ရှိသည်။ စီစဉ်ထားသော ထုတ်ကုန်အမျိုးအစားသစ်များတွင် FPV ဒရုန်းများ၊ ရန်သူ့ဒရုန်းများကို လေပေါ်တွင်ကြားဖြတ်ဟန့်တားမည့် Interceptor ဒရုန်းအမျိုးမျိုး၊ အဆင့်မြင့်ကင်းထောက်နှင့် ထောက်လှမ်းရေးစနစ်များ (Reconnaissance Platforms) နှင့် ကမ်းရိုးတန်းလုံခြုံရေးအတွက် အဓိကကျသော မောင်းသူမဲ့ရေယာဉ်များ (Unmanned Surface Vessels - USV)တို့ပါဝင်သည်။ ဤစနစ်များသည် ထောက်လှမ်းရေးနှင့် သတင်းအချက်အလက် စုဆောင်းခြင်းလုပ်ငန်းများသာမက ဒရုန်းကာကွယ်ရေးစစ်ဆင်ရေးများနှင့် ကမ်းရိုးတန်းလုံခြုံရေး အစရှိသည့် ဘက်စုံလုပ်ငန်းတာဝန်များကို ထိရောက်စွာ အထောက်အကူပြုနိုင်ရန် ရည်ရွယ်ထားခြင်းဖြစ်ကြောင်း သိရသည်။

**Japan's Terra Drone Enters Defense Market With US Hub, Global Push ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနေကြာဧက ၂၀၈၅၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**မုံရွာ မတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနေကြာ ဧက ၂၀၈၅၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၃၁၃၃၉ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နေကြာစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင် ရိတ်သိမ်းခဲ့ရာ ယနေ့ထိဧက ၂၀၈၅၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၂၅ ဒသမ ၅၄ တင်းထွက်ရှိကြောင်း သိရသည်။

"စစ်ကိုင်းမြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ နေကြာ ၃၁၃၃၉ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့နေကြာခင်းတွေ အခုလက်ရှိအချိန်မှာတော့ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ဧက ၂၀၈၅၀ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြည်ပမှ တင်သွင်းတဲ့စားအုန်းဆီကို လျှော့ချနိုင်ရန်အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးရေး ဆောင်ရွက်ပေးခဲ့ပါတယ်။ နေကြာတစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက်များပါတယ်" ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

နေကြာကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ရေကြည်မြို့နယ်တွင် ငါးကွမ်းရှပ်ခြောက်များ ဝယ်ယူမှုကောင်းသောကြောင့် အရောင်းအဝယ်ကောင်းမွန်နေ

**ရေကြည် မတ် ၃၁**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်တွင် ငါးကွမ်းရှပ်ခြောက်များ ဝယ်ယူမှုကောင်းသောကြောင့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း ရေကြည်မြို့နယ် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးက ပြောပြသည်။

ရေကြည်မြို့နယ်တွင် ငါးပိ၊ ငါးခြောက်၊ ငံပြာရည်ဈေးကွက်တွင် ယခုနှစ်မတ်လတတိယပတ်မှစတင်ပြီး ယနေ့ထိ ငါးကွမ်းရှပ်ခြောက်များ ဝယ်ယူမှုအားကောင်းမွန်ပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသမှ ရောင်းချသည့် ငါးကွမ်းရှပ်ခြောက်များ လက်ရှိ တစ်ရက်လျှင် ပိဿာချိန် ၂၀၀၀ မှ ၄၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ပင်လယ်ငါးကွမ်းရှပ်ခြောက်တွေ အရောင်းအဝယ်ကောင်းနေပါတယ်။ အခုလ တတိယပတ်ကတည်းကစတင် အရောင်းအဝယ်ကောင်းမွန်ခဲ့တာပါ။ ဒေသထွက် ငါးကွမ်းရှပ်ခြောက်တွေ အပါအဝင် အခြားငါးခြောက်တွေကို ဒေသအစုံက ဝယ်ယူမှုအားကောင်းနေပါတယ်။ ငါးကွမ်းရှပ်ခြောက်က ရန်ကုန်ဈေးကွက်မှာ ပိုမိုရောင်းအား ကောင်းနေတာပါ" ဟု ရေကြည်မြို့နယ် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးက ပြောပြသည်။



ရေကြည်မြို့နယ်တွင်ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ငါးပိ၊ ငါးခြောက်များကို ပြုလုပ်ပြီး ဒေသထွက် ငါးကွမ်းရှပ်ခြောက်များအပါအဝင် ငါးခြောက်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးကွန်းရှပ်ခြောက် ပိဿာချိန် ၁၀ လျှင် ငွေကျပ် ၃၅၀၀၀၀ မှ ၅၅၀၀၀၀ ထိ အရည်သွေးနှင့် အရွယ်အစားပေါ်မူတည်ပြီး ဈေးပေါက်နေကြောင်း သိရသည်။

ကျော်ကျော်လင်း

# ဥတ္တရသီရိမြို့နယ် မင်းနောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် မတ် ၃၁**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် တောင်ညိုကျေးရွာအုပ်စု မင်းနောင်ကျေးရွာ၌ သတ္တမအကြိမ်မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇာကြည်မွန်က မင်းနောင်ကျေးရွာရှိ ကျေးရွာရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာ ကျေးလက်ဒေသဆင်းရဲမှုနှုန်းလျော့ကျလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များ၊ စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ပေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၃၁ ဒသမ ၂၅ သန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်း၏ ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မင်းနောင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၉ ဦးကို၊ ငွေကျပ် ၁၁ ဒသမ ၉၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၈ ဦးကို ငွေကျပ် ၈ ဒသမ ၇ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၇ ဦးကို ငွေကျပ် ၁၀ ဒသမ ၆ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၄ ဦးကို ရန်ပုံငွေကျပ် ၃၁ ဒသမ ၂၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ချိုလေး**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# ပြည်မြို့နယ် ပေါင်းတရာကျေးရွာ၌ မြေနီလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး



**ပြည် မတ် ၃၁**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ပေါင်းတရာကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်းမြေနီလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးဇော်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ပေါင်းတရာကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်းမြေနီလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေးသက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းပေးရန်ဆွေးနွေးပြောကြားခဲ့သည်။

ပြည်မြို့နယ် ပေါင်းတရာကျေးရွာ၌ လမ်းအရှည် ပေ ၁၀၀၀၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မရှိသော ကျေးရွာကုန်ထုတ်လမ်းမြေနီလမ်းခင်းခြင်းလုပ်ငန်း၊ Pipe Culvert တစ်စင်းတည်ဆောက်ခြင်း လုပ်ငန်းများကို ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၃၄ ဒသမ ၅၉ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အင်ဂျင်နီယာ ဝန်ထမ်းများက တာဝန်ယူ၍ ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၂ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများအားလုံးရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုကြောင့် ပေါင်းတရာကျေးရွာရှိပြည်သူများ သွားလာမှုလွယ်ကူစေပြီး၊ လယ်ယာထွက်ကုန်ပစ္စည်းများကို ဈေးကွက်သို့ အချိန်တိုအတွင်းတင်ပို့ရောင်းချနိုင်ပြီဖြစ်ကြောင်း ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးဇော်က ပြောပြ၍ သိရသည်။

ကိုညို


**ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။






သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ဒုတိယနေ့သို့ လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း လက်မှတ်ရေးထိုးကြစဉ်။

ရှေ့ဖုံးမှအဆက်

ယနေ့အစည်းအဝေးသို့ ဦးရေ ၂၆၀ တက်ရောက်ပြီး တက်ရောက်မှုရာခိုင်နှုန်း ၉၈ ဒသမ ၈၆ ရှိသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ အတည်ပြု မှတ်တမ်းတင်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုတိယသမ္မတလောင်းများအဖြစ် အဆိုပြုလွှာများကို နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၁၃ အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌတို့ကစိစစ်ခဲ့ရာ ပြည့်စုံမှုရှိသည်ကိုတွေ့ရှိရကြောင်း၊ ကိုယ်စားလှယ်များက အဆိုတင်သွင်းထားသည့် ဒုတိယသမ္မတလောင်းနှစ်ဦး၏ အက္ခရာစဉ်အလိုက် အမည်စာရင်းမှာ (၁) ဒေါက်တာကျော်ဆွေတောင်တွင်းကြီးမဲဆန္ဒနယ်၊(၂)ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့ဖြစ်ကြောင်း လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံရသူတစ်ဦးထက်ပိုသည့်အတွက် ဒုတိယသမ္မတတစ်ဦး ရွေးချယ်တင်မြှောက်နိုင်ရန် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၁၆ အရ ဆန္ဒမဲလက်မှတ်ဖြင့် လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်တင်မြှောက်မည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများအရ ဆန္ဒမဲပေးပုံ ပေးနည်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတရွေးချယ်တင်မြှောက်နိုင်ရန် ဆန္ဒမဲပေးပွဲတွင်အသုံးပြုမည့် ဆန္ဒမဲလက်မှတ်များကို နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများနှင့်အညီ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့ဝင်များ၏ရှေ့မှောက်၌ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူတစ်ဦးက ရေတွက်သည်။

ဆက်လက်၍ ဒုတိယသမ္မတတစ်ဦး ရွေးချယ်တင်မြှောက်ရန် လျှို့ဝှက်ဆန္ဒမဲပေးခြင်းအစီအစဉ်ကိုဆောင်ရွက်ရာ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အစုအဖွဲ့ဝင်များသည် ဆန္ဒမဲလက်မှတ်များကို တစ်ဦးချင်းလက်မှတ်ရေးထိုးထုတ်ယူပြီး သတ်မှတ်ထားသည့်နေရာတွင် လျှို့ဝှက်ဆန္ဒပြုကာ ဆန္ဒမဲပုံးများအတွင်းသို့ ဆန္ဒမဲလက်မှတ်များ ထည့်ကြသည်။

ထို့အတူ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကလည်း ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့ဝင်များနှင့်အတူ သတ်မှတ်ထားသည့်နေရာတွင် လျှို့ဝှက်ဆန္ဒပြုကာ ဆန္ဒမဲပုံးများအတွင်းသို့ ဆန္ဒမဲလက်မှတ်များထည့်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၁၈၊ နည်းဥပဒေခွဲ(ဋ)အရ ကိုယ်စားလှယ်များကို ထုတ်ပေးထားသည့် ဆန္ဒမဲလက်မှတ်အရေအတွက်နှင့် ဆန္ဒမဲပုံးများအတွင်းမှထုတ်ယူရရှိသည့် ဆန္ဒမဲလက်မှတ်အရေအတွက်တို့ ကိုက်ညီခြင်း ရှိမရှိကို လွှတ်တော်၏ရှေ့မှောက်၌ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများက ရေတွက်စစ်ဆေးကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့ဝင်များကို ထုတ်ပေးထားသည့် ဆန္ဒမဲလက်မှတ်အရေအတွက် ၂၆၀ ဖြစ်ပြီး ယခုဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၆၀ ဖြစ်သည့်အတွက် ကိုက်ညီမှုရှိသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၁၈၊ နည်းဥပဒေခွဲ(ဋ)၊ နည်းဥပဒေခွဲငယ်(၅)အရ ဆန္ဒမဲပေးပွဲ အထမြောက်ကြောင်း ကြေညာသည်။

ထို့နောက် ဒုတိယသမ္မတတစ်ဦးရွေးချယ်တင်မြှောက်ရန် လျှို့ဝှက်ဆန္ဒပြုထားသည့် ဆန္ဒမဲလက်မှတ်များကို ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့ဝင်များ၏ရှေ့မှောက်၌ရေတွက်ကြရာ ဆန္ဒမဲပေးသည့်ဦးရေ စုစုပေါင်း ၂၆၀ ရှိသည့်အနက် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ထောက်ခံမဲ ၂၄၇ မဲ၊ ဒေါက်တာကျော်ဆွေက ထောက်ခံမဲ ၁၀ မဲရရှိပြီး ပယ်မဲသုံးမဲဖြစ်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုတိယသမ္မတရွေးချယ်တင်မြှောက်ပွဲတွင် ထောက်ခံဆန္ဒမဲ အများဆုံးရရှိသူမှာ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဖြစ်သည့်အတွက် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၂၂ အရ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကို ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ကြောင်း အတည်ပြုကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ရွေးချယ်တင်မြှောက်လိုက်သည့် ဒုတိယသမ္မတ၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်နာယကထံ တင်ပြသွားမည်ဖြစ်ကြောင်း အသိပေးကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သမ္မတရွေးချယ် တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ဒုတိယနေ့ပြီးဆုံးကြောင်း ကြေညာပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(ရန်ကုန်) ၂၉ ကြိမ်မြောက်နှင့် အကြိမ် ၃၀ မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

**ရန်ကုန် မတ် ၃၁**

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်(ရန်ကုန်) ၂၉ ကြိမ်မြောက်နှင့် အကြိမ် ၃၀ မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ပါမောက္ခဒေါက်တာခင်စောဦးနှင့် ပညာရေးအဖွဲ့ဝင်များ၊ စီမံခန့်ခွဲရေးအဖွဲ့ဝင်များက သက်ဆိုင်ရာ ဝတ်ရုံများဝတ်ဆင်လျက် ဘွဲ့နှင်းသဘင်စင်မြင့်ပေါ်တွင် နေရာယူကြသည်။

ထို့နောက်ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံဘွဲ့၊ ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့များအတွက် ကောင်းစွာအောင်မြင်ပေါက်မြောက်ခဲ့ပြီဟု ပညာရေးအဖွဲ့က ကြေညာခြင်းခံရသူများကို ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာခင်စောဦးက ဘွဲ့များအပ်နှင်းပေးအပ်သည်။

ယနေ့ကျင်းပသည့် ၂၉ ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံ (ဓာတ်ခွဲနည်းပညာ) သုံးဦး၊ ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံ(ခန္ဓာသန်စွမ်းမှုနည်းပညာ) နှစ်ဦး၊ ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့များဖြစ်ကြသည့် ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ ၃၁ ဦး၊ ဆေးဘက်ဆိုင်ရာ ခန္ဓာသန်စွမ်းမှုနည်းပညာ ၂၈ ဦး၊ ဆေးဘက်ဆိုင်ရာ ဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ ၃၆ ဦး၊ ကျန်းမာရေး သတင်းအချက်အလက်နည်းပညာ ၁၂ ဦး၊ ဓာတ်ရောင်ခြည်ကုသမှုနည်းပညာ သုံးဦးဖြစ်ပြီး အကြိမ် ၃၀ မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဆေးဘက်ဆိုင်ရာ ဓာတ်ခွဲနည်းပညာ ၅၅ ဦး၊ ဆေးဘက်ဆိုင်ရာ ခန္ဓာသန်စွမ်းမှုနည်းပညာ ၄၇ ဦး၊ ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့် ပုံရိပ်ဖော်နည်းပညာ ၃၉ ဦး၊ ကျန်းမာရေးသတင်းအချက်အလက် နည်းပညာ နှစ်ဦး၊ ဓာတ်ရောင်ခြည်ကုသမှုနည်းပညာ ခုနစ်ဦးတို့ကို ဘွဲ့အပ်နှင်းပေးအပ်ခဲ့သည်။

ယခုနှစ် ဘွဲ့နှင်းသဘင် အပါအဝင် ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်(ရန်ကုန်)မှ မွေးထုတ်ပေးခဲ့သည့်ဆေးနည်းပညာဘက်ဆိုင်ရာ ဘွဲ့ရရှိသူများမှာ ဆေးဘက်ဆိုင်ရာ နည်းပညာပါရဂူဘွဲ့ရရှိသူ သုံးဦး၊ ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံဘွဲ့ရရှိသူ ၁၆၄ ဦး၊ ဆေးဘက်ဆိုင်ရာ အသံလွှန်လှိုင်းဖြင့်ရောဂါရှာဖွေခြင်း နည်းပညာဒီပလိုမာဘွဲ့ရရှိသူ နှစ်ဦး၊ ဆေးဘက်ဆိုင်ရာအင်ဂျင်နီယာဒီပလိုမာဘွဲ့ရရှိသူ ၃၁ ဦး၊ ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့များဖြစ်ကြသည့် ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ ၁၀၈၂ ဦး၊ ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ ၉၂၄ ဦး၊ ဆေးဘက်ဆိုင်ရာ ဓာတ်မှန်နှင့် ပုံရိပ်ဖော်နည်းပညာဘွဲ့ရရှိသူ ၉၅၉ ဦး၊ ကျန်းမာရေးသတင်းအချက်အလက် နည်းပညာဘွဲ့ရရှိသူ ၃၇ ဦး၊ ဓာတ်ရောင်ခြည်ကုသမှုနည်းပညာဘွဲ့ရရှိသူ ၁၉ ဦးနှင့် ဆေးဘက်ဆိုင်ရာခြေတုလက်တုနှင့် အားပြုကိရိယာနည်းပညာဘွဲ့ရရှိသူ ၃၃ ဦးတို့ကို မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




# သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကျင်းပပြီးစီး၊ ဒုတိယသမ္မတအဖြစ် ဒေါ်နန်းနီနီအေးကို ရွေးချယ်တင်မြှောက်




သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့အစည်းအဝေး ဒုတိယနေ့ကျင်းပစဉ်။

နေပြည်တော် မတ် ၃၁

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၁၅၇ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၁၅၅ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် ရွေးကောက်ခံအမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့အစည်းအဝေး ပထမနေ့တွင် ဒုတိယသမ္မတလောင်းအဖြစ် ကိုယ်စားလှယ်များ အဆိုတင်သွင်းထားသည့် ကရင်ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းနီနီအေးနှင့် ကချင်ပြည်နယ် အမျိုးသားလွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာမနာမ်တူးဂျာတို့၏ အမည်စာရင်းနှင့် ဒုတိယသမ္မတလောင်းနှစ်ဦး၏ အဆိုပြုလွှာများကို နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာနည်းဥပဒေ (၁၃)အရစိစစ်ရာ ပြည့်စုံမှုရှိသည်ကို တွေ့ရှိရကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများအရ ဆန္ဒမဲပေးရမည့် နည်းလမ်းများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်က ဆန္ဒမဲလက်မှတ်များကို ရေတွက်ပြီး လျှို့ဝှက်ဆန္ဒမဲပေးခြင်းအစီအစဉ်ကို ဆောင်ရွက်ရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အစုအဖွဲ့ကိုယ်စားလှယ်များသည် ဒုတိယသမ္မတလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံရသူ နှစ်ဦးအနက်မှ တစ်ဦးကို ရွေးချယ်တင်မြှောက်နိုင်ရန် ဆန္ဒမဲလက်မှတ်များကို အမျိုးသားလွှတ်တော်ရုံးဝန်ထမ်းများထံမှ လက်မှတ်ရေးထိုးထုတ်ယူကြကာ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ လျှို့ဝှက်ဆန္ဒမဲပေးကြသည်။

ဆန္ဒမဲပေးပြီးနောက် အမျိုးသားလွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်က နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၁၈၊ နည်းဥပဒေခွဲ(ဌ)အရ ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှေ့မှောက်တွင် ဆန္ဒမဲပုံးများကိုဖွင့်လှစ်ပြီး သက်ဆိုင်ရာ နည်းဥပဒေများနှင့်အညီ စိစစ်ရေတွက်သည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ကိုယ်စားလှယ်များကိုထုတ်ပေးထားသည့်ဆန္ဒမဲလက်မှတ်အရေအတွက် ၁၅၅ မဲဖြစ်ပြီး ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲလက်မှတ်အရေအတွက်သည် ၁၅၅ မဲဖြစ်သည့်အတွက်ကိုက်ညီမှုရှိသဖြင့် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၁၈၊ နည်းဥပဒေခွဲ(ဌ)၊နည်းဥပဒေခွဲငယ် ၅ အရ ဆန္ဒမဲပေးပွဲအထမြောက်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်က ရွေးကောက်ခံအမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှေ့မှောက်၌ ဒုတိယသမ္မတလောင်းတစ်ဦးစီ ရရှိသည့် ဆန္ဒမဲလက်မှတ်များကိုသီးခြားစီ ခွဲ၍ရေတွက်ပြီး ဒုတိယသမ္မတလောင်းများ ရရှိသည့် ထောက်ခံဆန္ဒမဲ အနည်းအများ အလိုက် အမည်စာရင်းကို ပုံစံ(၈)တွင် ဖြည့်စွက်၍အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ဒုတိယသမ္မတလောင်းများ၏ တစ်ဦးချင်း ထောက်ခံဆန္ဒမဲရရှိမှုအခြေအနေမှာ ကရင်ပြည်နယ်လွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းနီနီအေး ထောက်ခံဆန္ဒမဲ ၁၁၇ မဲနှင့် ကချင်ပြည်နယ် အမျိုးသားလွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ် အမှတ်(၂)မှ ဒေါက်တာမနာမ်တူးဂျာ ထောက်ခံဆန္ဒမဲ ၃၈ မဲတို့ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၂၂ အရ ထောက်ခံဆန္ဒမဲ အများဆုံးရရှိသည့် ကရင်ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းနီနီအေးကို ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ရွေးကောက်ခံအမျိုးသားလွှတ်တော် ကိုယ်စားလှယ်အစုအဖွဲ့က ရွေးချယ်တင်မြှောက်သည့် ဒုတိယသမ္မတ ကရင်ပြည်နယ်လွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းနီနီအေး၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော် နာယကထံ တင်ပြသွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးကောက်ခံအမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့ ဒုတိယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ဒုတိယနေ့သို့ လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း လက်မှတ်ရေးထိုးကြစဉ်။

# သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကျင်းပ






သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကျင်းပစဉ်။

နေပြည်တော် မတ် ၃၁

နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများအရ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ဒုတိယသမ္မတရွေးချယ်ရေး အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် စစ်ကြောရေးနှင့်တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်ချုပ်ရဲကျော်သူက သဘာပတိအဖြစ်ဆောင်ရွက်ပြီး သဘာပတိက ယနေ့ကျင်းပပြုလုပ်သည့် အစည်းအဝေးကို တက်ရောက်ခွင့်ရှိသည့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ၁၆၆ ဦးစလုံး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းပြည့်ဖြစ်သဖြင့် တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ဦးစွာ သဘာပတိက ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်ရေးဆိုင်ရာနှင့် ပတ်သက်သည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းပြောကြားပြီး တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ရွေးချယ်တင်မြှောက်မည့် ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်နိုင်ရေးအတွက် အဆိုပြုလွှာများကို အခမ်းအနားမှူးမှတစ်ဆင့် သဘာပတိထံတင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် တပ်မတော်သားအမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်ချုပ်ကျော်သူရအေးက ဦးညိုစော (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကိုကိုးကျွန်းမဲဆန္ဒနယ်)အား တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ရွေးချယ်တင်မြှောက်သည့် ဒုတိယသမ္မတအဖြစ် အဆိုပြုတင်သွင်းရာ တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးချုပ်စိုးညွန့်က ထောက်ခံတင်သွင်းသည်။

ယင်းအဆိုတင်သွင်းမှုအပေါ် ကန့်ကွက်သူမရှိသဖြင့် ဦးညိုစော(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကိုကိုးကျွန်းမဲဆန္ဒနယ်)ကို တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့က ရွေးချယ်တင်မြှောက် သည့် ဒုတိယသမ္မတအဖြစ် အတည်ပြုခဲ့ပြီး သဘာပတိက ပြည်ထောင်စုလွှတ်တော် နာယကထံ ပေးပို့တင်ပြသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို တွေ့ဆုံ




အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် မတ် ၃၁ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယား ပြည်နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ တွေ့ဆုံပွဲကို ယနေ့ နေ့လယ်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ရာ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များက အသီးသီးလက်ခံရယူကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (ဧဝ၁)

# ထိုင်းဘုရင့်ရေတပ်မှ စစ်ရေယာဉ်တစ်စီး ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ ရောက်ရှိ

နေပြည်တော် မတ် ၃၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ထိုင်းဘုရင့်ရေတပ်မှ စစ်ရေယာဉ် HTMS Kraburi(FFG-457)သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းရေတပ်စစ်သံမှူးတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါစစ်ရေယာဉ်ကို အဖွဲ့ခေါင်းဆောင်ဖြစ်သူ ထိုင်းဘုရင့်ရေတပ် 3rd Naval Area Command မှ Captain Natthawat Wichakul ဦးဆောင်၍ ချစ်ကြည်ရေးခရီးအဖြစ် လာရောက်ခြင်းဖြစ်ပြီး ရန်ကုန်မြို့တွင် ဧပြီ ၄ ရက်ထိ ငါးရက်ကြာနေထိုင်၍




ထိုင်းဘုရင့်ရေတပ်မှ အဖွဲ့ခေါင်းဆောင်ဖြစ်သူ ထိုင်းဘုရင့်ရေတပ် 3rd Naval Area Command မှ Captain Natthawat Wichakul ဦးဆောင်သည့်အဖွဲ့ကို တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။




အထင်ကရနေရာများသို့ သွားရောက်လေ့လာလည်ပတ်ခြင်းနှင့် နှစ်နိုင်ငံရေတပ် ချစ်ကြည်ရေးအားကစားပြိုင်ပွဲများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ဧဝ၁)

ထိုင်းဘုရင့်ရေတပ်မှ ချစ်ကြည်ရေးခရီးလည်ပတ်ရန် လာရောက်သည့် စစ်ရေယာဉ် HTMS Kraburi(FFG-457)ကို တွေ့ရစဉ်။

# အစိုးရဓမ္မာစရိယစာမေးပွဲ နဝမနေ့နှင့် ပါဠိပထမပြန်စာမေးပွဲ တတိယနေ့ ဆက်လက်ကျင်းပ

နေပြည်တော် မတ် ၃၁

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၆ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲ နဝမနေ့ကို ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၆၅ ဌာနတွင်လည်းကောင်း၊ ပါဠိပထမပြန်စာမေးပွဲ တတိယနေ့ကို စာဖြေဌာန ၂၀၄ ဌာနတွင်လည်းကောင်း ဆက်လက်ဖြေဆိုကြသည်။

အစိုးရဓမ္မာစရိယစာမေးပွဲ နဝမနေ့တွင် စာဖြေစာရင်းသွင်း ၄၃၀ ပါး/ဦးအနက် ၂၇၂ ပါး/ဦး ဖြေဆိုကြသဖြင့် ၆၃ ဒသမ ၂၅ ရာခိုင်နှုန်း ဖြေဆိုကြပြီး ပါဠိပထမပြန်စာမေးပွဲ(ပထမကြီး၊ ပထမလတ်၊ ပထမငယ်၊ အခြေပြုမူလတန်း) တတိယနေ့တွင် စာရင်းသွင်း ၆၁၇၀၃ ပါး/ဦးအနက် ၅၁၄၃၁ ပါး/ဦး ဖြေဆိုကြသဖြင့် ၈၃ ဒသမ ၂၁ ရာခိုင်နှုန်းဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။
(ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။
(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန် မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။
(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။
**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။
(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
(စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။
(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။
(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDFအမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။
၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။
၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## ၂၀၂၆ ခုနှစ် မတ် ၃၁ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၀၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# မန္တလေးလမ်းလျှောက်သင်္ကြန်ပွဲတော်တွင် လက်ဖက်ယဉ်ကျေးမှု ဆင်နွှဲ၊ ဒြပ်မဲ့သနပ်ခါးအလှ မန်းသင်္ကြန်ပွဲ ဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်

မန္တလေး မတ် ၃၁

၂၀၂၆ ခုနှစ် မန္တလေးလမ်းလျှောက်သင်္ကြန်ပွဲတော်တွင် ဒြပ်မဲ့ယဉ်ကျေးမှုဖြစ်သည့် လက်ဖက်နှင့် သနပ်ခါးကို ဂုဏ်ပြုသည့်အနေဖြင့် လက်ဖက်ယဉ်ကျေးမှု ဆင်နွှဲ၊ ဒြပ်မဲ့ သနပ်ခါးအလှ မန်းသင်္ကြန်ပွဲ ဓာတ်ပုံပြိုင်ပွဲကိုလည်း ထူးခြားသည့် အစီအစဉ်တစ်ခုအဖြစ် ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

နှစ်စဉ်နှစ်တိုင်း ကျင်းပခဲ့သည့် ပျော်ရွှင်ဆင်နွှဲမန်းသင်္ကြန်ပွဲ ဓာတ်ပုံပြိုင်ပွဲနှင့်အတူ ယခုနှစ်တွင် ထည့်သွင်းကျင်းပမည့် ဓာတ်ပုံပြိုင်ပွဲ နှစ်ခုလုံးနှင့် ပတ်သက်သည့် စည်းကမ်းချက်များကို ထုတ်ပြန်ကြေညာခဲ့ပြီး ဆုရရှိသူများကိုလည်း ထိုက်တန်စွာ ဆုများ ချီးမြှင့်သွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အခွန်ဌာနမှ ဌာနမှူး ဦးတင်ထွန်းဦးက ပြောသည်။

"ဓာတ်ပုံပြိုင်ပွဲနှစ်ခုစလုံးမှာ ပထမ၊ ဒုတိယ၊ တတိယဆု သုံးဆုအပြင် နှစ်သိမ့်ဆု ခုနစ်ဆုကိုလည်း ချီးမြှင့်သွားဖို့ ရှိပါတယ်။ ပြိုင်ပွဲဝင် ဓာတ်ပုံတွေကို ဧပြီ ၂၂ ရက် သင်္ကြန်အပြီးမှာ ပေးပို့ရမှာဖြစ်ပါတယ်။ ဧပြီ ၂၃ ရက်မှာ ရွေးချယ်သွားမှာ ဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။



၂၀၂၄ ခုနှစ် မဟာသင်္ကြန်ပွဲတော်တွင် မန္တလေးမြို့၌ ကျင်းပခဲ့သည့် ပျော်ရွှင်ဆင်နွှဲ မန်းသင်္ကြန်ပွဲ ဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့်ပြိုင်ပွဲဝင် ဓာတ်ပုံကို တွေ့ရစဉ်။

ထို့ပြင် ယခုနှစ်တွင် ထူးခြားစွာ ကျင်းပသည့် လက်ဖက်ယဉ်ကျေးမှု ဆင်နွှဲ၊ ဒြပ်မဲ့သနပ်ခါးအလှ မန်းသင်္ကြန်ပွဲ ဓာတ်ပုံပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဧပြီ ၂၁ ရက်အရောက် ပေးပို့ရမည်ဖြစ်ပြီး ဧပြီ ၂၂ ရက်တွင် ဓာတ်ပုံပညာရှင်များက ရွေးချယ်ကာ ဧပြီ ၂၃ ရက်မှ ၂၉ ရက်အထိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ လူမှုကွန်ရက်စာမျက်နှာတွင် ကြေညာထားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"ကျွန်တော်တို့ လူမှုကွန်ရက်စာမျက်နှာမှာ တင်ထားတဲ့ပုံထဲက ကိုယ်ကြိုက်တဲ့ပုံကို နှစ်သက်ကြောင်း Like ပေးနိုင်ပါတယ်။ Like အများဆုံးရတဲ့ဓာတ်ပုံကို ဆုချီးမြှင့်သွားမှာဖြစ်ပါတယ်။ ဒါကြောင့် ပြိုင်ပွဲဝင်တွေအနေနဲ့ Facebook like များများရအောင် ကြိုးစားကြဖို့ တိုက်တွန်းလိုပါတယ်" ဟု ၎င်းက ပြောသည်။

ယခုနှစ် မန္တလေးလမ်းလျှောက်သင်္ကြန်ပွဲတော်ကို ကျုံးပတ်လည်တစ်လျှောက်၌ မန္တလေးမြို့တော်မဟာသင်္ကြန်ဇာတိမဏ္ဍပ်၊ တိုင်းရင်းသားရုပ်မျိုး၏ မဏ္ဍပ်များအပါအဝင် မဏ္ဍပ်ပေါင်း ၄၅ မျိုးနှင့်အတူ နိုင်ငံကျော်အနုပညာရှင်များ၊ ယိမ်းအကအဖွဲ့များ၊ မြန်မာ့ဆိုင်းဝိုင်းအဖွဲ့များ၏ ဖျော်ဖြေရေးအစီအစဉ်များ၊ စတုဒိသာအကျွေးအမွေးအစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်၍ ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

## ❑ ဥပဒေဘောင်အတွင်းမှ

ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ ကျင်းပပြုလုပ်သည်။

ထိုသို့ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာကြသည့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့မှ နှစ်ဦး၊ တနင်္သာရီမြို့မှ နှစ်ဦး၊ ဘုတ်ပြင်းမြို့မှ တစ်ဦး၊ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့မှ တစ်ဦး၊ အင်္ဂပူမြို့မှ တစ်ဦးတို့ကို တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် အဖွဲ့ဝင်များ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးတို့က ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကို အသိပညာပေးအမှာစကား ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် HK-33 သေနတ် တစ်လက်၊ M-16 သေနတ် တစ်လက်၊ ကျည်အိမ် ငါးခု၊ ၅ ဒသမ ၅၆ ကျည် ၁၈၈ တောင့်၊ MG-1 လက်ပစ်ဗုံး တစ်လုံးနှင့် ကျည်ကာအင်္ကျီ တစ်ထည်တို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။

ယင်းနောက် တိုင်းမှူးက လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအတွက် သေနတ် တစ်လက်လျှင် ဆုကြေးငွေ ကျပ်သိန်း ၅၀ နှုန်းဖြင့် သေနတ် နှစ်လက်အတွက် ကျပ်သိန်း ၁၀၀၊ လက်ပစ်ဗုံးတစ်လုံး အတွက် ဆုကြေးငွေ သုံးသိန်းကျပ်နှင့် လက်နက်မဲ့အလင်းဝင်ရောက်လာသူ ငါးဦးအတွက် တစ်ဦးလျှင် ၁၀ သိန်းကျပ်နှုန်းဖြင့် ငွေကျပ်သိန်း ၅၀ စုစုပေါင်း ချီးမြှင့်ငွေကျပ် ၁၅၃ သိန်းနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်သည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများကို ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံခဲ့ရာ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ ကိုယ်စား ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူ တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံအဖွဲ့ဝင်များသည် မိသားစုဝင်ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မ စုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများကို ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်လုပ်ဆောင်နေမှုများကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစား ဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရခြင်းနှင့် တပ်မတော်၏တိုက်စစ်ကို ခုခံနိုင်ခြင်း မရှိတော့ဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

"PDF ထဲဝင်ရောက်တဲ့ ခုနှစ်ကတော့ ၂၀၂၅ ခုနှစ် စက်တင်ဘာလဖြစ်ပါတယ်။ တောထဲရောက်တဲ့အတွေ့အကြုံကတော့ အိမ်မှာနေရသလိုမနေရဘူး။ အိပ်ကောင်းလဲမအိပ်ရဘူး။ စားကောင်းလဲမစားရဘူး။ ဟိုအထဲရောက်တဲ့အချိန်မှာ ထင်ထားတာနဲ့တခြားဆီဖြစ်နေတယ်။ နေရတာလဲ သိပ်အဆင်မပြေဘူး။ စိတ်တွေမွန်းကျပ်တယ်။ စိတ်ဆင်းရဲတဲ့ ဒဏ်ကိုလဲခံရတာပေါ့။ ခဏခဏလဲ ငိုရတယ်။ အိမ်ကိုလွမ်းလို့၊ ထွက်ပြေးဖို့ အကြိမ်ကြိမ်ကြိုးစားခဲ့တယ်။ သုံးကြိမ်ကြိုးစားခဲ့တယ်။ နှစ်ကြိမ်က မအောင်မြင်ခဲ့ဘူး။တစ်ကြိမ်တော့ လွတ်လာခဲ့တယ်။ ယခုလို ဥပဒေဘောင်အတွင်း အလင်းဝင်လာတဲ့သူတွေကို အခုလို အစားအသောက်တွေ ကျွေးမွေးပေးတဲ့အပြင် ထောက်ပံ့ငွေပေးပြီး နွေးနွေးထွေးထွေး ကြိုဆိုတဲ့အတွက် နိုင်ငံတော်နဲ့ တပ်မတော်အကြီးအကဲများကို ကျေးဇူးတင်ရှိပါတယ်



ရှင်။ တောထဲကျန်ခဲ့တဲ့ PDF လူငယ်တွေကို ဥပဒေဘောင်အတွင်းသို့ အမြန်ဆုံးအလင်းဝင်ကြဖို့ တိုက်တွန်းပြောကြားချင်ပါတယ်ရှင်"ဟု ပြောသည်။ (၅၀၁)

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် မတ် ၃၁

စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာ တစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

## ဧရာဝတီမြစ်ရေ နည်းမည်

နေပြည်တော် မတ် ၃၁

ဧရာဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မန္တလေးမြို့တွင် ၃၁၈ စင်တီမီတာသို့ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ဧပြီလပထမ ၁၀ ပတ်အတွင်း လက်ရှိရေမှတ်အထက် နှစ်ပေခန့်မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ ရေနည်းသတိပေးမှတ် စင်တီမီတာ ၃၆၀ အထက်သို့ ပြန်လည်ရောက်ရှိနေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

## ပြည်သူများထံ အသိပေးပန်ကြားချက်

- အရေးကြီး၊ အရေးပေါ်ဖြင့် ပြည်ပသို့ သွားရောက်လိုသူများ Online Booking တင်ရာတွင်လည်းကောင်း၊ ရုံးတွင်းဆောင်ရွက်ရာတွင်လည်းကောင်း စောင့်ဆိုင်းရန်မလိုဘဲ အမြန်ဝန်ဆောင်မှု(Express Service) ဖြင့် လျှောက်ထားနိုင်ရေး စီစဉ်ထားပါကြောင်း၊
- လျှောက်လွှာလက်ခံပြီး ငါးရက်အကြာတွင် နိုင်ငံကူးလက်မှတ်စာအုပ်ရမည်ဖြစ်ပါကြောင်း၊
- အမြန်ဝန်ဆောင်ခမှာ စာအုပ်ဖိုးအပါအဝင် ၅၄၅၀၀၀ ကျပ် ဖြစ်ပါကြောင်း၊
- အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ website ဖြစ်သည့် www.passport.gov.mm တွင် ဖော်ပြထားပါကြောင်း၊
- အမြန်ဝန်ဆောင်မှု (Express Service)ကို ၅-၁-၂၀၂၆ ရက်မှ စတင်မည်ဖြစ်ပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား သုံးဦးကို သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်နိုင်ခဲ့ပြီး အိန္ဒိယနိုင်ငံသား တစ်ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေးစစ်ဆေးနိုင်ခဲ့





အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား သုံးဦးကို သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်စဉ်။

**နေပြည်တော် မတ် ၃၁**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား နှစ်ဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား သုံးဦးတို့ကို ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး အိန္ဒိယနိုင်ငံသား တစ်ဦးကို ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံရုံးမှ အုပ်ချုပ်မှုအရာရှိနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှတာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ထို့အတူ ကရင်ပြည်နယ် မြဝတီမြို့အနီးတွင် တရားမဝင်လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် အိန္ဒိယနိုင်ငံသားတစ်ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် မတ် ၃၁ ရက်ထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၆၁၇ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကိုစစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၄၀၄ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၁၃ ဦးတွင် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁) အရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၄၁ ဦး ရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၄၇၂ ဦးတို့ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများ၊ နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများ၊ လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)



တပ်မတော်စစ်ကြောင်းများက ဝင်းဝတံတားနေရာတစ်ဝိုက်ကို ပြန်လည်ထိန်းချုပ်ပြီး ထားဝယ်-မြိတ် ဆက်သွယ်ရေးလမ်းကြောင်း ပြန်လည်ဖွင့်လှစ်မှု မှတ်တမ်းဓာတ်ပုံ။

☆ **တပ်မတော်စစ်ကြောင်းများမှ** မတ် ၃၀ ရက်တွင် ပွိုင့်-၁၆၈ တောင်ကုန်းနှင့်ချောင်းဝပြင်ကျေးရွာကိုလည်းကောင်း အဆင့်ဆင့် ပြန်လည်ထိန်းချုပ်ခဲ့ပြီး ယနေ့တွင် ဝင်းဝရဲစခန်းဟောင်းနေရာနှင့် ဝင်းဝတံတားနေရာတစ်ဝိုက်တို့ကို တပ်မတော်စစ်ကြောင်းများက အပြည့်အဝ ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သဖြင့် ထားဝယ်-မြိတ်သွားကားလမ်းတွင် ခရီးသွားပြည်သူများနှင့် မော်တော်ယာဉ်များ ပုံမှန်အတိုင်း ပြန်လည်သွားလာနိုင်ပြီဖြစ်သည်။



အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းဆည်းရမိသည့် မိုင်းများနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

ယခုကဲ့သို့ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဝင်းဝတံတားကို တပ်မတော်စစ်ကြောင်းများက အပြည့်အဝ ပြန်လည်ထိန်းချုပ်ပြီး ထားဝယ်-မြိတ်သွား ဆက်သွယ်ရေးလမ်းကြောင်းကို ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် ဒေသတွင်း ကုန်စည်စီးဆင်းမှုများ ပုံမှန်အတိုင်း ပြန်လည်ဆောင်ရွက်နိုင်တော့မည် ဖြစ်သည့်အတွက် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် တပ်မတော်အပေါ် များစွာ ကျေးဇူးတင် ပျော်ရွှင်ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

## တောမီးလောင်ကျွမ်းမှုမရှိစေရေး သတိပြုရန်

တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောသယံဇာတအရင်းအမြစ်များ ဆုံးရှုံးခြင်း၊ မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများဆုံးရှုံးခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ တောမီးလောင်ကျွမ်းမှု မရှိစေရေးအတွက် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရန်-

(က) တောထဲတွင် မီးမွှေးခြင်း၊ ချက်ပြုတ်ခြင်း၊ မီးရှို့ခြင်း မပြုလုပ်ရန်၊
(ခ) တောမီးရှို့၍ အမဲလိုက်ခြင်း လုံးဝမပြုလုပ်ရန်၊
(ဂ) ဆေးလိပ်မီး အကြွင်းအကျန်များကို စည်းကမ်းမဲ့စွန့်ပစ်ခြင်း မပြုလုပ်ရန်၊
(ဃ) အိမ်သုံးစွန့်ပစ်အမှိုက်များကို သတ်မှတ်နေရာတွင် စွန့်ပစ်ရန်၊
(င) တောမီးလောင်ကျွမ်းမှုတွေ့ရှိရပါက သက်ဆိုင်ရာသို့ အမြန်ဆုံးသတင်းပို့ရန်။

## တောင်ယာခုတ်ထွင် မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် အောက်ပါအချက်များ ဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေးထိခိုက်နိုင်ခြင်း၊
(ခ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှု ဖြစ်ပေါ်ခြင်း၊
(ဂ) မြေဆီသြဇာခန်းခြောက်ခြင်းနှင့် သီးနှံများ အထွက်နှုန်း လျော့နည်းခြင်း၊
(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

# နိုင်ငံတကာ အားကစားသတင်းများ

## ဘာစီလိုနာအသင်းက လီဝမ်ဒေါ်စကီးကို တစ်နှစ်သက်တမ်းတိုးစာချုပ်သစ် ချုပ်ဆိုမည်

**ဘာစီလိုနာ မတ် ၃၁**

ဘာစီလိုနာအသင်းက အသင်းမှ ဝါရင့်တိုက်စစ်မှူး လီဝမ်ဒေါ်စကီးကို နောက်ထပ် တစ်နှစ်သက်တမ်းတိုးစာချုပ်သစ်ချုပ်ဆိုမည်ဖြစ်ကြောင်း TNT Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၇ နှစ်ရှိ လီဝမ်ဒေါ်စကီးသည် ၂၀၂၂ ခုနှစ်က ဘိုင်ယန်မြူးနစ်အသင်းမှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြသနေသူဖြစ်သည်။

ဘာစီလိုနာအသင်းနှင့် လီဝမ်ဒေါ်စကီးတို့ စာချုပ်သက်တမ်းမှာ ယခုနှစ်ဘောလုံးရာသီအကုန်တွင် ကုန်ဆုံးမည်ဖြစ်ပြီး အစောပိုင်းက ရာသီအကုန်တွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့်လက်လွှတ်ရန်ဆုံးဖြတ်ထားသော်လည်း အသင်းငွေကြေးပိုင်း အခက်အခဲကြောင့် ကစားသမားသစ်ခေါ်ယူရန် အဆင်မပြေသည့်အတွက် လီဝမ်ဒေါ်စကီးကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုပြီး အသင်းတွင် ဆက်လက်ထိန်းသိမ်းရန်သာ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

လီဝမ်ဒေါ်စကီးသည် ယခုနှစ် ဘောလုံးရာသီတွင် အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၃၇ ပွဲကစားပြီးချိန်တွင် သွင်းဂိုး ၁၆ ဂိုးသွင်းယူထားသကဲ့သို့ အသင်းနှင့်အတူ လေးရာသီအတွင်း ပြိုင်ပွဲစုံ ၁၈၄ ပွဲပါဝင်ကစားထားပြီး ၁၁၇ ဂိုး သွင်းယူထားကြောင်း သိရသည်။

Ref : TNT Football
Trs : STA

## ၂၀၂၇ အာရှဖလားပြိုင်ပွဲ ခြေစစ်ပွဲအုပ်စုနောက်ဆုံးပွဲစဉ်တွင် မြန်မာအသင်းက ပါကစ္စတန်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရ



**ရန်ကုန် မတ် ၃၁**

၂၀၂၇ အာရှဖလားပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ၃ နာရီခွဲက ပါကစ္စတန်နိုင်ငံတွင် ပါကစ္စတန်အသင်းနှင့် မြန်မာအသင်းတို့ကစားခဲ့ရာ မြန်မာအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် နှစ်သင်းလုံး အဓိက ကစားသမားအစုံအလင်ဖြင့်ပွဲထွက်လာခဲ့ပြီး ပွဲစကတည်းက အပြန်အလှန်ဖိအားပေးမှုများဖြင့် ဂိုးသွင်းခွင့်အချို့အပြန်အလှန် ရရှိခဲ့ကြသော်လည်း အဆုံးသတ်ပိုင်း အားနည်းမှုများကြောင့် ပထမပိုင်းတွင် ဂိုးမရှိသရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ထို့နောက် ဒုတိယပိုင်း ပြန်လည်စတင်ချိန်တွင် မြန်မာအသင်းက ပိုမိုတိုက်စစ်ဆင်ဖိအားပေးကစားခဲ့ရာမှ ဒုတိယပိုင်းအစ ပွဲချိန် ၄၆ မိနစ်တွင် ပါကစ္စတန်ကစားသမား ဟာနစ်က ကိုယ့်ဂိုးကိုယ် သွင်းယူမိခဲ့သည့်အတွက် မြန်မာအသင်းက ဦးဆောင်ဂိုး စတင်ရရှိခဲ့ပြီး ပွဲချိန် ၅၉ မိနစ်တွင် သန်းပိုင်က မြန်မာအသင်းအတွက် ဒုတိယဦးဆောင်ဂိုး သွင်းယူခဲ့ကာ ပွဲချိန် မိနစ် ၉၀ ပြည့်ပြီး အချိန်ပို တစ်မိနစ်တွင် ဒုတ်စ်က ပါကစ္စတန်အသင်းအတွက် ချေပဂိုးတစ်ဂိုး သွင်းယူခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် မြန်မာအသင်းက ပါကစ္စတန်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါ ပွဲစဉ်အတွက် အကောင်းဆုံး ကစားသမားဆုကို မြန်မာအသင်းအတွက် သွင်းဂိုး တစ်ဂိုးသွင်းယူပြီး ခြေစွမ်းပြသခဲ့သည့် သန်းပိုင်က ဆွတ်ခူးနိုင်ခဲ့သည်။

၂၀၂၇ အာရှဖလား ပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စုပွဲစဉ်များအားလုံး ပြီးဆုံးချိန်တွင်မြန်မာအသင်းသည် လေးပွဲနိုင် နှစ်ပွဲရှုံး ရမှတ် ၁၂ မှတ်ဖြင့် အုပ်စုဒုတိယနေရာတွင် ရပ်တည်ခဲ့ကြောင်း သိရသည်။

STA

## ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကျင်းပရန် ၁၀ ပတ်အလိုတွင် ဂါနာအသင်းက နည်းပြအော်တိုအက်ဒိုကို ရာထူးမှထုတ်ပယ်

**အက်ကရာ မတ် ၃၁**

ဂါနာဘောလုံးအဖွဲ့ချုပ်သည် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ မစတင်မီ ၁၀ ပတ်အလိုတွင် ရလဒ်ပိုင်းဆိုးရွားလာသည့် နည်းပြ အော်တိုအက်ဒိုကို ရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း Daily Mail သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

နည်းပြ အော်တိုအက်ဒိုသည် ၂၀၂၂ ခုနှစ် ကာတာဖလားပြိုင်ပွဲမှ စတင်ကာ ဂါနာအသင်းကို ယာယီနည်းပြအဖြစ် တာဝန်ယူခဲ့သူဖြစ်ပြီး အဆိုပါပြိုင်ပွဲအုပ်စုအဆင့်တွင် တောင်ကိုရီးယားအသင်းကို နိုင်ပွဲရယူနိုင်ခဲ့ကာ ပေါ်တူဂီအသင်းနှင့် ဥရုဂွေးအသင်းတို့ကို ရှုံးနိမ့်ခဲ့သဖြင့် ပြိုင်ပွဲမှထွက်ခွာခဲ့ရသော်လည်း ဂါနာဘောလုံးအဖွဲ့ချုပ်က နည်းပြ အော်တိုအက်ဒိုကို အမြဲတမ်းနည်းပြအဖြစ် ခန့်အပ်ခဲ့သည်။

ထို့နောက် ဂါနာအသင်းသည် အာဖရိကဖလား ခြေစစ်ပွဲအဆင့်မှ ထွက်ခွာခဲ့ရသည့်အပြင် နောက်ဆုံးကစားခဲ့သည့် ခြေစမ်းပွဲ ငါးပွဲဆက် ရှုံးနိမ့်ခဲ့သည့်အတွက် ဂါနာဘောလုံးအဖွဲ့ချုပ်က နည်းပြ အော်တိုအက်ဒို၏ စွမ်းဆောင်ရည်ကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲ မကျင်းပမီ ၁၀ ပတ်အလိုတွင် ရာထူးမှထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

ဂါနာအသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု(L)တွင် ပနားမားအသင်းနှင့် ဇွန် ၁၈ ရက်၌ အဖွင့်ပွဲစဉ် ကစားရမည်ဖြစ်ပြီး ဒုတိယပွဲစဉ်ကို ဇွန် ၂၃ ရက်တွင် အင်္ဂလန်အသင်း၊ တတိယပွဲစဉ်ကို ဇွန် ၂၇ ရက်တွင် ခရိုအေးရှားအသင်းတို့နှင့် ကစားရမည်ဖြစ်သောကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အောင်မြင်မှုရယူရန်ပစ်မှတ်ထားနေသည့် ဂါနာဘောလုံးအဖွဲ့ချုပ်က ရလဒ်ပိုင်းဆိုးရွားနေသည့် နည်းပြအော်တိုအက်ဒိုနှင့် လမ်းခွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Daily Mail
Trs : STA



## WBA ၊ WBO စူပါဝယ်သာဝိတ်တန်း လက်ရှိချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် ဇန်ဒါဇာယက်က ဂျာရွန်အန်နစ်နှင့် ထိုးသတ်မည်

**နယူးယောက် မတ် ၃၁**

WBA ၊ WBO စူပါဝယ်သာဝိတ်တန်း လက်ရှိချန်ပီယံ ပွာတိုရီကို လက်ဝှေ့သမား ဇန်ဒါဇာယက်သည် စိန်ခေါ်သူ အမေရိကန်လက်ဝှေ့သမား ဂျာရွန်အန်နစ်၏ စိန်ခေါ်မှုကို လက်ခံကြောင်း ကြေညာခဲ့ပြီးနောက် ယခုနှစ် ဇွန် ၂၇ ရက်တွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ထိုးသတ်မည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု Fight Mag သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဇန်ဒါဇာယက်သည် ရှုံးပွဲမရှိသေးသည့် လက်ဝှေ့သမားတစ်ဦးဖြစ်သကဲ့သို့ စိန်ခေါ်သူ ဂျာရွန်အန်နစ်ကလည်း ရှုံးပွဲမရှိသေးသည့် လက်ဝှေ့သမားဖြစ်သည်။

ဂျာရွန်အန်နစ်သည် WBA စူပါဝယ်သာဝိတ်တန်း၏ ယာယီချန်ပီယံတစ်ဦးဖြစ်ပြီး ချန်ပီယံကို စိန်ခေါ်ခွင့် ရထားသည့်အတွက် ဇန်ဒါဇာယက်အနေဖြင့် ၎င်း၏ စိန်ခေါ်မှုကို လက်ခံခဲ့ခြင်းဖြစ်သည်။

ဂျာရွန်အန်နစ်၏ Promoter ဖြစ်သူ အက်ဒီဟန်းက "လက်ဝှေ့လောကအတွက် သိပ်ကိုရင်ခုန်စိတ်လှုပ်ရှားစရာကောင်းမဲ့ စိန်ခေါ်ပွဲတစ်ပွဲပါ။ ဂျာရွန်အတွက် ဒီပွဲစဉ်ဖြစ်မြောက်အောင် စီစဉ်ပေးခွင့်ရခဲ့တာကိုလဲ ကျွန်တော့်အနေနဲ့ ဝမ်းမြောက် ဂုဏ်ယူပါတယ်။ နှစ်ဦးစလုံးက အကောင်းဆုံးပုံစံကို ရောက်နေတဲ့ အခြေအနေပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Fight Mag
Trs : AZL

## U.S. Men's Clay Court Championships တင်းနစ်ပြိုင်ပွဲ ပထမအဆင့်တွင် လက်ရှိချန်ပီယံ ဘာရော့စ်ဘိုင် ရှုံးနိမ့်ခဲ့

**ဟောက်စတန် မတ် ၃၁**

အမေရိကန်နိုင်ငံ ဟောက်စတန်မြို့တွင် ကျင်းပနေသည့် U.S. Men's Clay Court Championships တင်းနစ်ပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် အမေရိကန် တင်းနစ်ကစားသမားများဖြစ်ကြသည့် လက်ရှိချန်ပီယံ ဘာရော့စ်ဘိုင်သည် မက္ကင်ဇီနှင့် ယှဉ်ပြိုင်ခဲ့ရာ ဘာရော့စ်ဘိုင်က (၆-၄၊ ၆-၂) ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ကြောင်း ATP သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဘာရော့စ်ဘိုင်သည် လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ရန် ပစ်မှတ်ထားခဲ့ရာ ပထမအဆင့် ပွဲစဉ်တွင် ပုံစံကောင်းပျောက်ဆုံးခဲ့ပြီး ထင်မှတ်မထားသည့်ရလဒ်ဖြင့်ရှုံးနိမ့်ခဲ့ကာ ၎င်းအနေဖြင့် ပထမပွဲငယ်တွင် မက္ကင်ဇီကို အပြန်အလှန် ကစားနိုင်ခဲ့သော်လည်း ဒုတိယပွဲငယ်တွင်မှ Double Fault များစွာကျူးလွန်ခဲ့ပြီး ပြတ်သားသည့်ရလဒ်များဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။



ဘာရော့စ်ဘိုင်က "အကောင်းဆုံးပြင်ဆင်ခဲ့ပေမဲ့ ပွဲအတွင်း စွမ်းဆောင်ရည်ကတော့ စိတ်ပျက်စရာပါပဲ။ အထူးသဖြင့် ဒုတိယ ပွဲငယ်မှာ အမှားတွေများခဲ့ပြီးတော့ မများသင့်တဲ့ အမှားမျိုးကိုကျူးလွန်ခဲ့တယ်။ စွမ်းဆောင်ရည်က ပုံမှန်အောက်ကို ရောက်နေခဲ့ပါတယ်။ အရင်အတိုင်း ပြန်ကစားနိုင်ဖို့ အများကြီး ပြင်ဆင်သွားဖို့လိုအပ်နေပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : ATP
Trs : AZL

# ပေါ်တူဂီအသင်းတွင် စီရော်နယ်နယ်ဒိုသည် အရေးကြီးသည့် ကစားသမားအဖြစ်ရှိနေကြောင်း နည်းပြမာတီနက်ဇ် ပြောကြား



**လစ္စဘွန်း မတ် ၃၁**

နိုင်ငံတကာ ပြိုင်ပွဲကာလအတွင်း စီရော်နယ်ဒိုသည် ဒဏ်ရာကြောင့် ပေါ်တူဂီအသင်းတွင် ပါဝင်နိုင်ခြင်း မရှိသော်လည်း နည်းပြမာတီနက်ဇ်က စီရော်နယ်ဒိုမှာ ပေါ်တူဂီတွင် အရေးကြီးသည့် ကစားသမားအဖြစ် ရှိနေဆဲဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်ဟု ESPN သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြထားသည်။

စီရော်နယ်ဒိုသည် ယခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်က အယ်နာဆာအသင်း၏ လေ့ကျင့်ရေးအစီအစဉ်တွင် ကြွက်သားဒဏ်ရာရရှိခဲ့သဖြင့် ယခုနိုင်ငံတကာပြိုင်ပွဲကာလအတွင်း ကြံ့ခိုင်မှုအားနည်းချက်ရှိနေသောကြောင့် နည်းပြမာတီနက်ဇ်က ကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်မီ ကြိုတင်ပြင်ဆင်မှုအဖြစ် ကစားခဲ့သည့် မက္ကဆီကိုအသင်း၊ အမေရိကန် အသင်းတို့နှင့်ပွဲစဉ်တွင် အသင်းလူစာရင်းမှ ချန်လှပ်ခဲ့ခြင်းဖြစ်သည်။

စီရော်နယ်ဒိုသည် နိုင်ငံအသင်းအတွက် ၂၀၀၃ ခုနှစ်က စတင်ပါဝင်ကစားခွင့် ရပြီးနောက် ပြိုင်ပွဲစုံ ၂၂၆ ပွဲတွင် သွင်းဂိုး ၁၄၃ ဂိုးထိ သွင်းယူထားသကဲ့သို့ နိုင်ငံတကာပြိုင်ပွဲတွင်လည်း သွင်းဂိုးအများဆုံး ကစားသမားအဖြစ် ရပ်တည်ထားသည်။

နည်းပြ မာတီနက်ဇ်က "ရော်နယ်ဒိုဟာ ပေါ်တူဂီအသင်းရဲ့ ခေါင်းဆောင်းတစ်ဦးပါ။ ဒါ့ပြင် အသင်းမှာရှိတဲ့ ကစားသမားတိုင်းက အားကျရတဲ့ ကစားသမားတစ်ဦးလဲဖြစ်ပါတယ်။ သူဟာ အသက် ၄၁ နှစ်လို့ မထင်ရသလို အမြဲတမ်း ကိုယ့်ကိုယ်ကိုယ် တိုးတက်အောင် လုပ်ဆောင်နေသူဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : ESPN**

**Trs : ML**

# လီဗာပူးအသင်းမှ ဆာလာဟ်ကို ပီအက်စ်ဂျီနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ အပြိုင်ကမ်းလှမ်းခဲ့

**လန်ဒန် မတ် ၃၁**

ယခုနှစ်ဘောလုံးရာသီအကုန်တွင် လီဗာပူးအသင်းမှထွက်ခွာမည့် တိုက်စစ်ကစားသမား ဆာလာဟ်ကို ဥရောပထိပ်သီးကလပ်အသင်းများ ဖြစ်ကြသည့် ပီအက်စ်ဂျီအသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့က အပြိုင်ကမ်းလှမ်းခဲ့ကြောင်း Goal.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၃ နှစ်ရှိ ဆာလာဟ်သည် ၂၀၁၇ ခုနှစ်က ရိုးမားအသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် အသင်းနှင့်အတူ ဆုဖလားများစွာ ဆွတ်ခူးရယူခဲ့ပြီး အသင်းအတွက် ပြိုင်ပွဲစုံ ၄၃၅ ပွဲတွင် သွင်းဂိုး ၂၅၅ ဂိုးထိ သွင်းယူထားသူဖြစ်သည်။

လက်ရှိတွင် ဆာလာဟ်သည် လီဗာပူးအသင်းတွင် တစ်ပတ်လုပ်ခ စတာလင်ပေါင် လေးသိန်းထိရရှိနေသည့်ကစားသမားတစ်ဦးဖြစ်ပြီး ယခုရာသီတွင် အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၃၄ ပွဲတွင် သွင်းဂိုး ၁၀ ဂိုးနှင့် ဂိုးဖန်တီးမှု ကိုးကြိမ်ထိ ပြုလုပ်နိုင်ခဲ့သဖြင့် အသင်းတာဝန်ရှိသူများက သက်တမ်းတိုးစာချုပ်သစ်ချုပ်ဆိုရန် အကြိမ်ကြိမ်ကမ်းလှမ်းခဲ့သော်လည်း ၎င်းကိုယ်တိုင်ကပယ်ချခဲ့ကာ ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက အသင်းမှထွက်ခွာရန် ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့ကြောင့် တိုက်စစ်ပိုင်းဖြည့်တင်းရန် ကြိုးပမ်းနေသည့် ပီအက်စ်ဂျီအသင်းနှင့် တိုက်စစ်မှူး ဟယ်ရီကိန်းနေရာတွင် အစားထိုးရန်ပြင်ဆင်နေသည့် ဘိုင်ယန်မြူးနစ်အသင်းတို့က ဆာလာဟ်ကို ခေါ်ယူနိုင်ရန် အပြိုင်ကမ်းလှမ်းမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

**Ref : Goal.com**

**Trs : ML**




# ယခုနှစ်ဘောလုံးရာသီအကုန်တွင် ဘိုင်ယန်မြူးနစ်အသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့်ထွက်ခွာမည်ဟု ဂိုရီယာရိုအတည်ပြု

**ဘာလင် မတ် ၃၁**

ဘိုင်ယန်မြူးနစ်အသင်း ခံစစ်ကစားသမား ဂူရီယာရိုက ယခုနှစ်ဘောလုံးရာသီ အကုန်တွင် အသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့်ထွက်ခွာမည်ဟုအတည်ပြုခဲ့ကြောင်း Bild သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၂ နှစ်ရှိ ဂူရီယာရိုသည် ၂၀၂၃ခုနှစ်က ဒေါ့မွန်အသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ဘောလုံးရာသီ သုံးရာသီဖြတ်သန်းခဲ့ပြီးနောက် အသင်းမှ ထွက်ခွာရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဘိုင်ယန်မြူးနစ် အသင်းနှင့် ဂူရီယာရိုတို့၏ စာချုပ်သက်တမ်းမှာ ယခုနှစ်ဘောလုံးရာသီအကုန်တွင် ကုန်ဆုံးမည်ဖြစ်ပြီး ဘိုင်ယန်မြူးနစ်အသင်းက သက်တမ်းတိုးစာချုပ်သစ်ချုပ်ဆိုရန် ကမ်းလှမ်းမှုတစ်စုံတစ်ရာ မရှိသေးသည့်အတွက် ရာသီအကုန်တွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် အသင်းမှ ထွက်ခွာရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဂူရီယာရိုသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ဘောလုံးရာသီ သုံးရာသီအတွင်း ပြိုင်ပွဲစုံ ၈၉ ပွဲတွင် သွင်းဂိုး ၁၂ ဂိုးသွင်းယူထားပြီး ၎င်းအနေဖြင့် ဘိုင်ယန်မြူးနစ်အသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာရန်အတည်ပြုခဲ့ပြီးနောက် ဆော်ဒီထိပ်တန်းကလပ်အသင်းကြီးများက အပြိုင်ခေါ်ယူရန် ပြင်ဆင်နေကြောင်း သိရသည်။

**Ref : Bild**

**Trs : STA**

# Zurich Classic ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ရှိန်းလောရီက ကိုပ်ကာနှင့် တွဲဖက်ကာ ဝင်ရောက်ယှဉ်ပြိုင်မည်

**နယူးအော်လန် မတ် ၃၁**

အမေရိကန်နိုင်ငံ နယူးအော်လန် မြို့တွင်ကျင်းပမည့် Zurich Classic ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အိုင်ယာလန်ဂေါက်သီးရိုက်ကစားသမားရှိန်းလောရီက အမေရိကန် ဂေါက်သီးရိုက် ကစားသမား ကိုပ်ကာနှင့်တွဲဖက်ကာ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု RTE သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

Zurich Classic ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပုံမှန်အားဖြင့် ရှိန်းလောရီသည် မြောက်အိုင်ယာလန် ဂေါက်သီးရိုက်ကစားသမား မက်အီရှိုင်းနှင့်တွဲဖက်ကာ ၂၀၂၄ ခုနှစ်တွင် ချန်ပီယံဆုကို ဆွတ်ခူးခဲ့ဖူးသည်။

မက်အီရှိုင်းအနေဖြင့် The Masters ဂေါက်သီးရိုက် ပြိုင်ပွဲတွင် လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ရန် ပြင်ဆင်လေ့ကျင့်မှုများပြုလုပ်နေသည့်အတွက် ယခုနှစ် Zurich Classic ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်မဟုတ်ကြောင်း ထုတ်ပြန်ခဲ့ခြင်းကြောင့် ရှိန်းလောရီက ကိုပ်ကာနှင့်တွဲဖက်ကစားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ရှိန်းလောရီက "Zurich Classic ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ကျွန်တော့်အနေနဲ့ ကိုပ်ကာနဲ့ တွဲဖက်ယှဉ်ပြိုင် ကစားသွားမှာဖြစ်ပါတယ်။ ပုံမှန်အားဖြင့်တော့ ဒီပြိုင်ပွဲမှာ ကျွန်တော့်ရဲ့ အရင်းအနှီးဆုံးသော မိတ်ဆွေဖြစ်တဲ့ မက်အီရှိုင်းနဲ့ အတူကစားလေ့ရှိပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RTE**

**Trs : AZL**

# အေတီကိုအသင်းက အနာဂတ်မရေမရာဖြစ်နေသည့် အယ်ဗာရက်ဇ်ကို လုပ်ခလစာတိုးမြှင့်ပြီး သက်တမ်းတိုးစာချုပ်သစ်ချုပ်ဆိုရန်စီစဉ်

**မက်ဒရစ် မတ် ၃၁**

အေတီကိုအသင်းက အသင်းနှင့် အနာဂတ်မရေမရာဖြစ်နေသည့် တိုက်စစ်မှူး အယ်ဗာရက်ဇ်ကို လုပ်ခလစာတိုးမြှင့်ပေးပြီး သက်တမ်းတိုးစာချုပ်သစ် ချုပ်ဆိုရန် စီစဉ်နေကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အယ်ဗာရက်ဇ်သည် မန်စီးတီးအသင်းတွင်ကစားခဲ့စဉ် ကတည်းက အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့သော်လည်း နည်းပြဂွာဒီယိုလာ လက်အောက်တွင် ပွဲကစားခွင့်နည်းပါးခဲ့သည့်အတွက် ၂၀၂၄ ခုနှစ် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလက အေတီကိုအသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။




အသက် ၂၆ နှစ်ရှိ အယ်ဗာရက်ဇ်သည် အေတီကိုအသင်းနှင့်အတူ ပြီးခဲ့သည့်ဘောလုံးရာသီက ပထမဆုံးဘောလုံးရာသီတွင်ပင် အကောင်းဆုံးခြေစွမ်း ပြသနိုင်ခဲ့ကာ ပြိုင်ပွဲစုံ ၅၄ပွဲတွင် သွင်းဂိုး ၂၉ ဂိုးနှင့် ဂိုးဖန်တီးမှု ခုနစ်ကြိမ် လုပ်ဆောင်နိုင်ခဲ့သူဖြစ်သည်။

အလားတူ အယ်ဗာရက်ဇ်သည် ယခုနှစ်ဘောလုံးရာသီတွင်လည်း အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၄၇ ပွဲကစားပြီးချိန်တွင် သွင်းဂိုး ၁၇ဂိုးနှင့် ဂိုးဖန်တီးမှု ၁၀ ကြိမ် ပြုလုပ်ထားပြီး ခြေစွမ်းပြသနေသော်လည်း ယခုနှစ်နွေရာသီ ကစားသမား အပြောင်းအရွှေ့ကာလတွင် အသင်းမှပြန်လည်ထွက်ခွာရန် ပြင်ဆင်နေသဖြင့် အေတီကိုအသင်းက အဓိကတိုက်စစ်မှူးတစ်ဦးကို လက်မလွှတ်လိုသည့်အတွက် လက်ရှိ တစ်နှစ်လုပ်ခယူရို ကိုးသန်းအစား စာချုပ်သစ်တွင် ယူရို ၁၀ သန်းတိုးမြှင့်ပေးပြီး ချုပ်ဆိုရန်စီစဉ်နေကြောင်း သိရသည်။

**Ref : Fotmob**

**Trs : STA**

# အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်နိုင်ငံတို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် လူ ၄၅ ဦး သေဆုံးခဲ့



ကဘူးလ် မတ် ၃၁

အာဖဂန်နစ္စတန်နှင့်ပါကစ္စတန်နိုင်ငံတို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် လူ ၄၅ ဦး သေဆုံးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

မတ် ၂၆ ရက်မှ ယနေ့ထိ အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်နိုင်ငံတို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ပြီး အဆောက်အအုံများ ပြိုကျခဲ့ကြောင်း၊ မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် ရေကြီးရေလျှံမှုများကြောင့် လူ ၄၅ ဦး သေဆုံးပြီး ၇၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ မိုးသည်းထန်စွာ ရွာသွန်းနေဆဲဖြစ်သည့်အတွက် ရာသီဥတုဆိုးရွားမှု အခြေအနေ ဆက်လက်ဖြစ်ပွားနိုင်ကြောင်း အာဏာပိုင်များက သတိပေးထားသည်။

ရေကြီးရေလျှံမှုများကြောင့် သေဆုံးမှုအများစုမှာ အာဖဂန်နစ္စတန်နိုင်ငံမှ ပါဝမ်၊ မိုင်ဒန်ဝါဒက်၊ ဒေးကွန်ဒီနှင့် လိုဂါအပါအဝင် အလယ်ပိုင်းနှင့် အရှေ့ပိုင်းပြည်နယ်များမှဖြစ်ကြောင်း၊ ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် အဆိုပါပြည်နယ်များတွင် လူ ၂၈ ဦးသေဆုံးခဲ့ပြီး အိမ်ခြေ ၁၃၀ ပျက်စီးသွားပြီး အိမ်ထောင်စု ၁၁၄၀ ပျက်စီးခဲ့ကြောင်း အမျိုးသား သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု အာဏာပိုင် (NDMA) က ပြောကြားခဲ့သည်။

အာဖဂန်နစ္စတန်နှင့် နယ်နိမိတ်ချင်း ထိစပ်နေသော ပါကစ္စတန်နိုင်ငံ ခိုင်ဘာပက်တွန်ခွာပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး အိမ်ခေါင်မိုးနှင့် နံရံများပြိုကျမှုကြောင့် အနည်းဆုံး လူ ၁၇ ဦး သေဆုံးပြီး ၂၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်၏ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု အာဏာပိုင်များက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# ရုရှားနိုင်ငံ ဒါဂတ်စတန်ပြည်နယ်ရှိ နေရာရှစ်ခုတွင် ပြင်းထန်သောရာသီဥတုကြောင့် အရေးပေါ်အခြေအနေကြေညာထား

မော်စကို မတ် ၃၁

ရုရှားနိုင်ငံ ဒါဂတ်စတန်ပြည်နယ်ရှိ နေရာရှစ်ခုတွင် ပြင်းထန်သော ရာသီဥတုကြောင့် အရေးပေါ် အခြေအနေကြေညာထားကြောင်း ဒေသဆိုင်ရာ အကြီးအကဲ Sergei Melikov က ယနေ့တွင် ပြောကြားခဲ့သည်။

မတ် ၂၆ ရက်တွင် စတင်ခဲ့သော မိုးသည်းထန်စွာရွာသွန်းမှု၊ လေပြင်းတိုက်ခတ်မှုနှင့် မြေပြိုမှုများသည် ယနေ့ထိ ဖြစ်ပေါ်လျက်ရှိကြောင်း၊ အရေးပေါ်အခြေအနေကြေညာထားသော မြူနီစီပယ်ရှစ်ခုမှာ Makhachkala မြို့၊ Buin -aksk မြို့၊ Dagestanskiye Ogni မြို့၊ Kaspiysk မြို့၊ Khasavyurt မြို့ အပါအဝင် Derbent၊ Karabudakhkent နှင့် Khasavyurt ခရိုင်တို့လည်း ပါဝင်ကြောင်း၊ ဒေသဆိုင်ရာ သတင်းထုတ်ပြန်ချက်အရ Makhachkala မြို့၏ အခြေအနေသည် အဆိုးရွားဆုံးအခြေအနေတွင် ရှိနေဆဲဖြစ်ကြောင်း သိရသည်။

လက်ရှိ မိုးသည်းထန်စွာရွာသွန်းမှု၊ လေပြင်းတိုက်ခတ်မှုနှင့် မြေပြိုမှုများကြောင့် နိုင်ငံတစ်ဝန်းတွင် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများနှင့် ရေပေးဝေမှုပြတ်တောက်မှုများ ဖြစ်ပွားခဲ့ကြောင်း၊ ဒေသဆိုင်ရာ အာဏာပိုင်များသည် ယာယီနေထိုင်ရာစခန်းများ ဖွင့်လှစ်ကာ ဒေသခံများထံ သောက်ရေများ၊ ဆေးဝါး၊ အစားအစာနှင့် အခြားတစ်ကိုယ်ရည်သုံး ပစ္စည်းများ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# အမေရိကန်နိုင်ငံ ဖလွိုင်းကောင်တီ၌ တောမီးလောင်ကျွမ်းမှုကြောင့် မီးသတ်တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိခဲ့ပြီး သစ်တောမြေ ၉၅ ဧက ပျက်စီး

ဝါရှင်တန် မတ် ၃၁

အမေရိကန်နိုင်ငံ ကန်တပ်ကီပြည်နယ် ဖလွိုင်းကောင်တီ၌ တောမီးလောင်ကျွမ်းမှုကြောင့် မီးသတ်တပ်ဖွဲ့ဝင်နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး သစ်တောမြေ ၉၅ ဧကပျက်စီးခဲ့ကြောင်း Kentucky Division of Forestry က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးလောင်ကျွမ်းမှုဖြစ်ပွားသည့်နေရာသည် Kentucky Highway 1498 အဝေးပြေးလမ်းမကြီးဖြင့် နီးကပ်ခဲ့ပြီး အဆိုပါလမ်းမကြီးကို ယာယီပိတ်ထားကြောင်း၊ တောမီးသည် မတ် ၃၀ ရက်က စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး ၂၄ နာရီအတွင်း သစ်တောမြေ ၉၅ ဧကထိ ရာနှုန်းပြည့် မီးလောင်ကျွမ်း ပျက်စီးသွားခဲ့ကြောင်း၊ တောမီးကို အမြန်ဆုံး ထိန်းချုပ်နိုင်ခြင်းမရှိပါက အခြေခံအဆောက်အအုံများနှင့် လူနေအိမ်ခြေများဆီသို့ ကူးစက်လာနိုင်သည့်အတွက်ကြောင့် မီးသတ်တပ်ဖွဲ့နှင့်



အတူ ဒေသခံများကိုလည်း တောမီးငြိမ်းသတ်ရေးတွင် ပါဝင်ကူညီသွားရန် Kentucky Division of Forestry က ထုတ်ပြန်သွားခဲ့သည်။

"ဖလွိုင်းကောင်တီမှာ လောင်ကျွမ်းနေတဲ့ တောမီးကို အမြန်ဆုံး ထိန်းချုပ်နိုင်ဖို့အတွက် ကြိုးစားပေးရင်း မီးသတ်တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိသွားခဲ့ပါတယ်။ ဒဏ်ရာအခြေအနေ ပြင်းထန်ပါတယ်။ လိုအပ်တဲ့ ဆေးကုသမှုတွေပြုလုပ်ပေးနေပါတယ်။ တောမီးကို အမြန်ဆုံး မငြိမ်းသတ်နိုင်ဘူးဆိုရင်တော့ အခြေခံအဆောက်အအုံနဲ့ လူနေအိမ်ခြေတွေဆီကို ကူးစက်လာနိုင်ပါတယ်။ ဒေသခံတွေအနေနဲ့လဲ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ဖို့အတွက် မီးသတ်တပ်ဖွဲ့နဲ့ ပူးပေါင်းပါဝင်ပေးကြဖို့ တိုက်တွန်းအပ်ပါတယ်" ဟု Kentucky Division of Forestry မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# ကာဗွန်ထုတ်လွှတ်မှုဆိုင်ရာ အခွန်ကောက်ခံမည့် ဥပဒေကို အတည်မပြုရေးအတွက် ပြင်သစ်နိုင်ငံ၏တောင်းဆိုမှုကို EU ပယ်ချ

ပဲရစ် မတ် ၃၁

ဥရောပသမဂ္ဂအဖွဲ့ (EU) ၏ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများကြား ကာဗွန်ထုတ်လွှတ်မှု လျော့ချနိုင်ရေးအတွက် ကာဗွန်ထုတ်လွှင့်မှုဆိုင်ရာ အခွန်ကောက်ခံမည့်ဥပဒေပြဋ္ဌာန်းမှုကို အတည်မပြုရေးအတွက် ပြင်သစ်နိုင်ငံ၏ တောင်းဆိုမှုကို ဥရောပသမဂ္ဂအဖွဲ့ (EU) က ပယ်ချလိုက်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ပြီးခဲ့သော ၂၀၂၅ ခုနှစ်ကတည်းက အဆိုပါ ဥပဒေကို ပြဋ္ဌာန်းရန်အတွက် ဥရောပသမဂ္ဂအဖွဲ့ (EU) က ထုတ်ပြန်ခဲ့သော်လည်း ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံကြီးတချို့က ကန့်ကွက်ခဲ့သည့်အတွက် ဥပဒေပြဋ္ဌာန်းရေးကို ဆိုင်းငံ့ခဲ့ရကြောင်း၊ သို့သော်လည်း ၂၀၂၆ ခုနှစ်တွင် အဆိုပါ ဥပဒေကို ပြဋ္ဌာန်းနိုင်ရေးအတွက် ဥရောပသမဂ္ဂအဖွဲ့ (EU) က ဆုံးဖြတ်ခဲ့ပြီးနောက် ပြင်သစ်နိုင်ငံက ဆိုင်းငံ့ပေးရန် ထပ်မံတောင်းဆိုသွားခဲ့ကြောင်း၊ ဥပဒေကို အတည်ပြုပြဋ္ဌာန်းလိုက်ပါက ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံကြား သွင်းကုန်များကို ကာဗွန်အခွန် ကောက်ခံမည်ဖြစ်သည့်အတွက် သွင်းကုန်ဈေးနှုန်း မြင့်တက်သွားနိုင်ပြီး စီးပွားရေးကဏ္ဍအပေါ် ရိုက်ခတ်မှုများဖြစ်လာနိုင်ကြောင်းကိုလည်း ပြင်သစ်နိုင်ငံ စီးပွားရေးဝန်ကြီးဌာနက ထုတ်ပြန်သွားခဲ့သည်။

"ဥရောပသမဂ္ဂအဖွဲ့ (EU) က ရည်မှန်းချက်ထားတဲ့ ကာဗွန်ထုတ်လွှတ်မှု လျော့ချရေးအတွက် ကာဗွန်ထုတ်လွှတ်မှုဆိုင်ရာ အခွန်ကောက်ခံမဲ့ ဥပဒေကို အတည်ပြုပြဋ္ဌာန်းတော့မှာ ဖြစ်ပါတယ်။ ဥပဒေအတည်ပြုပြဋ္ဌာန်းမဲ့ ကိစ္စနဲ့ပတ်သက်ပြီးတော့ ဆိုင်းငံ့ပေးဖို့ ပြင်သစ်နိုင်ငံက တောင်းဆိုလာတယ်။ လက်ခံပေးဖို့ မဖြစ်နိုင်တဲ့အတွက် ဥပဒေပြဋ္ဌာန်းရေးကို ဆက်လက် ဆောင်ရွက်သွားမှာပါ" ဟု ဥရောပသမဂ္ဂအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ခရစ္စတိုဗီက ပြောကြားသွားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# အဇာဘိုင်ဂျန်နိုင်ငံတွင် ရာစုနှစ်အတွင်း အဆိုးရွားဆုံးသော ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရ

ဘာကူး မတ် ၃၁

အဇာဘိုင်ဂျန်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး မြစ်ရေလျှံတက်မှုများပါ ဖြစ်ပေါ်နေကာ ရာစုနှစ်အတွင်း အဆိုးရွားဆုံး ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရကြောင်း အဇာဘိုင်ဂျန် အရေးပေါ် စီမံခန့်ခွဲရေးဝန်ကြီးဌာနက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မြစ်ရေလျှံတက်မှုကြောင့် ကော့ကေးဆပ်စ် တောင်တန်းမြောက်ဘက်ပိုင်း ဒေသများတွင်လည်းရေဘေးအန္တရာယ်ဖြင့် အဆိုးရွားဆုံးရင်ဆိုင်နေရကြောင်း၊ မတ် ၃၀ ရက်မှစ၍ ရေဘေးအန္တရာယ် အရေးပေါ် အခြေအနေသတ်မှတ်ထားကြောင်း၊ အဇာဘိုင်ဂျန်နိုင်ငံအတွက် လက်ရှိဖြစ်ပေါ်နေသည့် ရေကြီးရေလျှံမှုမှာ ရာစုနှစ်အတွင်း အဆိုးရွားဆုံးသော ရေကြီးရေလျှံမှုအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

"အဇာဘိုင်ဂျန်နိုင်ငံတစ်ဝန်း အဆိုးရွားဆုံး ရေကြီးရေလျှံမှု ပြဿနာနဲ့ ရင်ဆိုင်နေရပါတယ်။ ရာစုနှစ်အတွင်း အဆိုးရွားဆုံး ရေကြီးရေလျှံမှုလဲ ဖြစ်ပါတယ်။ ကပ်ဘေးသဖွယ် ဖြစ်ပေါ်နေပြီးတော့ လျှပ်စစ်မီးပြတ်တောက်မှုတွေလဲဖြစ်ပေါ်နေပါတယ်။ လျှပ်စစ်မီးပြတ်တောက်မှုနဲ့ ရင်ဆိုင်နေရတဲ့ လူနေအိမ်ခြေပေါင်း ၃၂၀၀၀၀ ကျော်ထိ ရှိနေပါတယ်။ ကော့ကေးဆပ်စ် တောင်တန်းမြောက်ဘက်ပိုင်း ဒေသတွေမှာ ရေကြီးရေလျှံမှု ဖြစ်ပေါ်နေပါတယ်။ မာကက်ချ်ကာလာမြို့၊ ကီဇလျာမြို့၊ ကာစပီယက်ခ်မြို့နဲ့ ကာဆက်ယက်မြို့တွေမှာ ရေဘေးအန္တရာယ်နဲ့ ဆိုးရွားစွာ ရင်ဆိုင်နေရပါတယ်" ဟု အဇာဘိုင်ဂျန်နိုင်ငံ အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ဒါဂတ်စတာနီက ပြောကြားသွားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

ဝတ္ထုတိုကဏ္ဍ

# တစ်တိုက်၊ ရှစ်ခန်း၊ လေးအိမ်...ထပ်တိုးတစ်

နွေကံ့ကော်(မြို့လှ)



ရန်ကုန်မြို့ရှိ ဝန်ထမ်းအိမ်ရာ တိုက်ကလေး တစ်တိုက်။ ထိုတိုက်ကလေးဝယ် အပေါ်လေးခန်း၊ အောက်လေးခန်း စုစုပေါင်းအခန်းရှစ်ခန်းရှိသည်။ ထိုတိုက်ခန်းကလေးဝယ် မှီတင်းနေထိုင်ကြသူများကား–

(၁)

အခန်းအမှတ်(၃)။ ဦးဝင်းလှိုင် + ဒေါ်ဆွေဆွေ။

"အပြန်ကျ ကိုခင်ဇော်ဆီက အင်ဂျင်ဝိုင်မေ့နေအုံးမယ်နော်"

"အေးပါကွာ မမေ့ပါဘူး။ တကယ်လို့ အစ်ကို နောက်ကျရင် သူရိန့်ကို အကူအညီတောင်းလိုက်ပါ။ အစ်ကိုပြောထားပြီးသား"

ဦးဝင်းလှိုင်က ဇနီးဖြစ်သူကို အဖြေပေးရင်း ကားတံခါးဖွင့်လိုက်၏။ တစ်ပတ်နွမ်းနှင့်ပင် မထိုက်တန်တော့သော လေးငါးပတ်နွမ်းစီးတော်ယာဉ် တိုယိုတာဖင်ကောက်ကလေးကို စက်နှိုးရန်ပြင်၏။ မနက်တိုင်း စီးတော်ယာဉ်ကို အသက်ဝင်အောင် စက်နှိုးရတိုင်း ရည်းစားဦးကို တွေ့ရသကဲ့သို့ ဦးဝင်းလှိုင် ရင်ခုန်ရသည်။

ကားထဲမဝင်ခင်မှာပင် ရှိရှိသမျှ နတ်ဒေဝါများကို မေတ္တာပို့ရသည်။ နေ့တစ်နေ့၏အစသည် ကားစက်နှိုးခိုက် တဝူးဝူး တဗျင်းဗျင်းရုန်းကန်သံနှင့်အတူ ဝူးခနဲ အသံထွက်လာမှ တစ်နေ့တာအတွက် ရက်ရာဇာဖြစ်ခွင့်ရ၏။

ကားစထွက်၍ ပြုံးလိုက်မိစဉ် ရှေ့ဒက်ရှ်ဘုတ်ပေါ်တင်ထားသည့် အစည်းအဝေးဖိတ်စာကလေးက "သူ့အတွက်ကော စဉ်းစားထားပြီးပြီလား" ဟု မေးသယောင်ပြုသည်။

"မိဘဆရာ တွေ့ဆုံပွဲ" ဟု ရိုးရှင်းစွာအမည်တပ်ထားသည့်တိုင် ရင်တလှပ်လှပ် အစည်းအဝေးဖြစ်မည်မှာအသေအချာ။

သမီးပညာရေးနှင့် ပတ်သက်၍များလား၊ သို့မဟုတ် အခြားအကြောင်းအရာများလား၊ မကြာခင်ကမှ ဖြေထားသည့် နောက်ဆုံးစာမေးပွဲမှာများ ဘယ်ဘာသာဘာတွေဖြစ်လို့ပါလိမ့် စသည်ဖြင့် အတွေ့အကြုံများအရ ဦးဝင်းလှိုင် ဆက်စပ်စဉ်းစားတွေးတောကြည့်သည်။

မနေ့ညနေက သမီးတို့ဘော်ဒါဆောင်က အစည်းအဝေးတက်ရန် ဖိတ်စာပို့လာသည်။ ပုံမှန်ဆိုလျှင် ဖုန်းသာဆက်အကြောင်းကြားသည့် ဘော်ဒါဆောင်က တကူးတကဖိတ်စာနှင့်ပင် ဖိတ်လာသည်မို့ ဦးဝင်းလှိုင်စဉ်းစားရလေပြီ။ ဖိတ်စာဖိုးတော့ အကြောင်းမဲ့ အကုန်ခံလိမ့်မည်မဟုတ်။

"လိုလိုမည်မည် သုံးသိန်းလောက်တော့ ထည့်သွားလိုက်ပေါ့၊ အင်ဂျင်ဝိုင်ကလဲ ငါးသောင်းလောက်ကျမှာ"

ဖိတ်စာကို လင်မယားနှစ်ယောက်အတူဖတ်ပြီးသည်နှင့် ဆွေက အတွေ့အကြုံရှိစွာ သုံးသပ်သတိပေးလာသည်။

ယခုမှ လဆန်း ၁၅ ရက် လဝက်ပဲရှိသေးသည်။ ယနေ့အင်ဂျင်ဝိုင်ဖိုးထွက်လျှင် ငါးသောင်းက အမေးအမြန်းမရှိထွက်မည်။ သမီး ၁၁ တန်းမှာ သူ့လစာတစ်ခုတည်း အမှီပြုနေရသော သူတို့မိသားစုအတွက် လုံလောက်မှုမရှိသည်မို့ အမွေခွဲတမ်းရငွေဖြင့် ဝယ်ထားသည့် ဗင်လေးကို ထုတ်ရောင်းပြီး လက်ရှိတိုယိုတာဖင်ကောက်ကလေးကို ပြောင်းစီးခဲ့ရသည်။

ပိုလျှံငွေဖြင့် သမီးကျောင်းပညာရေးတွင် မြှုပ်နှံမှုပြုရလေသည်။ ယခုနှစ် သမီးက ၁၂ တန်းရောက်ချေပြီ။ တစ်ဦးတည်းသော သမီးဖြစ်သည့်အပြင် လိမ္မာရေးခြားရှိသည်မို့ မဖြစ်ဖြစ်အောင် ပံ့ပိုးပေးရန် ဦးဝင်းလှိုင်တို့ ဇနီးမောင်နှံ စိတ်ပိုင်းဖြတ်ထားခဲ့ကြသည်။

ဦးဝင်းလှိုင်က ဝန်ကြီးဌာနတစ်ခုမှ လက်ထောက်ညွှန်ကြားရေးမှူးဖြစ်သည်။ သမီးကလည်း ချူချာလွန်းလှ၏။ မကြာခဏဆိုသလို ရာသီအဖျားရော၊ စုံစီနဖာဝေဒနာများပါ ဖြစ်လေ့ရှိသည်။

ဘော်ဒါဆောင်ကဖုန်းဆက်တိုင်း သူတို့ဇနီးမောင်နှံ ရင်တလှပ်လှပ်ဖြစ်ခဲ့ရသည်သာ။ ယခင်တုန်းက နယ်မှာမို့ မသိသာလှ။ ရန်ကုန်ရောက်တော့ ကုန်ကျစရိတ်နှင့် လူနေမှုဘဝက နယ်မှာနှင့် လုံးဝဆန့်ကျင်ဘက်အချိုး။ နယ်ကျောင်း၊ နယ်ဘော်ဒါဆိုလျှင် ဤမျှမကုန်။ ရန်ကုန်မှာတော့ သမီးကျောင်းစရိတ်၊ မိသားစုစားစရိတ်၊ အရေးပေါ်ကျန်းမာရေး၊ လူမှုရေးတို့ဖြင့် ကိုယ့်ဝမ်းနာ ကိုယ်သာသိခွင့်ရသော ဦးဝင်းလှိုင်ဘဝ။

"ရွှေရင်အေး" ဘော်ဒါဆောင်။

အောက်ခံအစိမ်းတွင် ရွှေရောင်စာလုံးများဖြင့် ရေးထိုးထားသည့် သမီးကလေး ပညာသင်ကြားနေသော ဘော်ဒါဆောင်။ သန့်ရှင်းမှု၊ စည်းကမ်းကောင်းမှု၊ အစားအသောက်အဆင်ပြေမှု၊ ဆရာအရည်အသွေးပြည့်ဝမှု စံချိန်စံညွှန်းများအပြင် သမီးသူငယ်ချင်းများပါ အများစုတက်ရောက်ကြသည်မို့ ဦးဝင်းလှိုင် ဤဘော်ဒါကို ရွေးချယ်ပေးခဲ့ရခြင်းပင်။

တစ်နှစ်လုံးအတွက် ပညာသင်စရိတ်ကို သုံးကြိမ်ခွဲ၍သွင်းပေးရသည်။ တွက်ကြည့်မည်ဆိုလျှင် သူ၏တစ်နှစ်တာလစာငွေသည် သမီးကျောင်းစရိတ်ဖြစ်ပါ၏။ အဝတ်လျှော်ခ ကိုယ့်ဘာသာ သက်သက်ပေးသွင်းရသည်။ စားချင်သည့်မုန့်ဖိုး မိဘများကပင် အကုန်အကျခံရသည်။ ဘယ်တတ်နိုင်မည်နည်း။ ကိုယ်မှအိမ်တွင်မသင်ကြားပေးနိုင်သည်ကိုး။ မိသားစုသုံးဦးတည်းဆိုသော်ငြား ခေတ်ကာလ ကုန်ဈေးနှုန်းနှင့် သမီးကလေး၏ ကျောင်းစရိတ်အတွက် ဦးဝင်းလှိုင်တို့ဇနီးမောင်နှံ မည်သို့ခြိုးခြံချွေတာခဲ့ရပါသည်ကို သူနှင့်ဆွေသာလျှင် အသိဆုံးပါပေ။

သမီးဘော်ဒါဆောင်က ဖုန်းဆက်ခေါ်သည်ဆိုတိုင်း ရှိသမျှခန္ဓာသွေးကြောတိုင်း လှုပ်ခတ်ခဲ့ရသည်ကို ကာယကံရှင် ဦးဝင်းလှိုင်သာအသိဆုံး။ ရွှေရင်အေးဘော်ဒါဆောင်သည် သမီးကလေး အဆောင်စနေပါပြီဆိုကတည်းက သူတို့မိဘနှစ်ပါး၏ ရွှေရင်ကို ယခုအချိန်အထိ အေးမြခွင့်မပေးခဲ့သေး။ အောင်စာရင်းထွက်၍ အေးမြခွင့်ရသည်ဆိုလျှင်ပင် ကျေနပ်ရပေမည်။

အစည်းအဝေးသည် နာရီဝက်မျှသာကြာ၏။ ကြိုတင်ပြင်ဆင်တွေးတောလာသော အကြောင်းအရာမို့ သိပ်တုန်လှုပ်မနေတော့ပါချေ။ ဒီဇင်ဘာပိတ်ရက်မို့ နယ်ခံကျောင်းသားများကို ညအိပ်ခေါ်ခွင့်ပြုသည်။ ထို့ကြောင့် ဦးဝင်းလှိုင် သမီးကလေးကိုခေါ်လျက် သားအဖနှစ်ဦး အိမ်ပြန်ခဲ့ကြပါ၏။

သူတို့ရှာဖွေရရှိရာမှန်သမျှသည် မိဘဝတ္တရားနှင့်အညီ သမီးအတွက်သာလျှင် ဖြစ်ရပေမည်ပေါ့။ မကြာမီကာလအတွင်း ဦးဝင်းလှိုင် နယ်သို့ပြန်ပြောင်းရတော့မည်။ ထိုအချိန်ဆို သမီးလည်း စာမေးပွဲကြီးပြီးချိန်ဖြစ်လောက်သည်။ ယခင်ကဆို နယ်ဆင်းရပါက သူပျော်သည်။ ယခုတော့ အခြေအနေအရပ်ရပ်အရ ဦးဝင်းလှိုင်မပျော်နိုင်အား။ နယ်လည်း မသွားလိုတော့။

သမီးတို့ဘော်ဒါဆောင်မှ ပြန်ထွက်သည်နှင့် ကားထဲမှာ ရေဒီယိုလိုင်းက ထူးထူးဆန်းဆန်း ကြည်လင်ပြတ်သားစွာမိနေသည်။ စိုးစန္ဒာထွန်းအသံက နားဝင်ပီယံကောင်းပေစွ၊ လာနေသည့်သီချင်းက "မေတ္တာကမ္ဘာ မခြားလိုတယ်" သီချင်း။ အိမ်ကမိန်းမ အမြဲလိုလိုညည်းလေ့ရှိသည့် သီချင်းတစ်ပုဒ်မို့ ဦးဝင်းလှိုင်နားရည်ဝနေခဲ့ကာ တီးတိုးလေးပင်လိုက်ညည်းမိသည်။

"ဘဝဆိုတာရယ် စိတ်တိုင်းကျ တည်ဆောက်မှ တကယ် သာယာလိမ့်မယ်ယုံကြည်တယ်..."

သီချင်းဆုံးသည်နှင့် ဆင့်ပွားအတွေးခံစားကြည့်မိသည်။

စိတ်တိုင်းကျ တည်ဆောက်တိုင်းလည်း ဘဝတစ်သက်တာ သာယာချင်မှ သာယာပေမည်။ မမြင်နိုင်သည့် အချိုးအကွေ့ကံကြမ္မာများက ခံနိုင်ရည်ကိုစမ်းသပ်ရန် ထောင့်ပေါင်းစုံက စောင့်ဆိုင်းနေကြသည်။ မည်သူ့ကိုမျှ အလွတ်မပေး။ အရေးအကြီးဆုံးမှာ တည်ဆောက်ထားသည့် အိမ်ထောင်တစ်ခု ရေရှည်ခိုင်မြဲရန် နားလည်မှုကိုယ်စီနှင့် ဘဝပုစ္ဆာများကို အဖြေရှာသွားရန်ပင် မဟုတ်ပါလား။

"အင်း...လူတစ်ခု ပူမှုဆယ်ကုဋေဆိုတဲ့ ရှေးလူကြီးတွေစကား တယ်မှန်သကိုး"

(၂)

အခန်းအမှတ်(၅)။ ဦးအောင်ဟိန်း+ ဒေါ်ရတနာအေး။

တကယ်ဆို ဆေးလိပ်မသောက်၊ ကွမ်းမစား၊ ဘာလောင်းကစားမှုလည်းမလုပ်သည့် ခင်ပွန်းကို ပိုင်ဆိုင်ထားရခြင်းမှာ ရတနာအေးအတွက် အိမ်ထောင်ရေးကံကောင်းလွန်းရုံမက ကံထူးလွန်းသည်ဟုဆိုရမည်။

အသုံးအဖြုန်းလည်းမကြီး၊ အပျော်အပါးလည်း မမက်ဘဲ အဖော်အပေါင်းနှင့်ပွဲလမ်းသဘင်ရှိမှသာ ရံဖန်ရံခါ သောက်တတ်စားတတ်သည်။ ဤမျှလောက်ကိုတော့ ရတနာအေး ခွင့်လွှတ်နားလည်ပေးနိုင်ပါ၏။ ထို့ထက်မက ခွင့်လွှတ်မှုများကိုပင် ပေးခဲ့ရသေးသည်ပင်။

"လစာကိုတော့ အမေတို့ဆီ တစ်နှစ်လောက်ပေးထားချင်တယ် ရတနာရယ်"

ပူပူနွေးနွေးအိမ်ထောင်ကျစမှာ ခင်ပွန်းသည်က တောင်းဆိုလာသည့် မေတ္တာရပ်ခံစကား။ အိမ်ထောင်ဦးမှာ မိန်းမအတွက် စပရိုက်စကားကို ဆိုလာသည့် မောင်။ အဘယ်သို့သော ဇနီးသည်တစ်ယောက်သည် ကိုယ့်ခင်ပွန်းသည်လုပ်စာကို သွေးသားရင်းပင်ဖြစ်သည့်တိုင် အခြားသူလက်ထဲ ကြည်ဖြူစွာဝေမှချင်ပါ့မည်နည်း။ ကိုယ့်လင်သားရှာသည့်ငွေ ကိုယ်သာ ထိန်းသိမ်းချင်သည်။ ပြီးမှ ဘယ်ရွှေ့ဘယ်မျှ မည်သို့အသုံးပြုချင်သည်ဆိုပါက ဖြစ်သင့်ရာကို မျှဝေသုံးစွဲမည်။ ထိုမျှလောက်တော့ ရတနာသဘောထားကြီးနိုင်ပါ၏။ မောင်ငွေရှာနိုင်စွမ်းရှိတာ ရတနာသိပါ၏။

နှစ်ရှည်သင်တန်းတစ်ခုမှာ မောင်နှင့်ရတနာဆုံခဲ့ကြသည်။ သင်တန်းပြီးတော့ သူလည်းသူ့ဌာန၊ ကိုယ်လည်းကိုယ့်ဌာန ပြန်သွားကြသည်။ ရတနာ့အလုပ်က ရန်ကုန်မှာဖြစ်၏။ ကံကောင်းချင်တော့ မောင်ရန်ကုန်သို့ပြောင်းလာရသည်။ သေချာသည့်အချိန်ကလေးအတွင်း ကိုဗစ်တတိယလှိုင်းအစမှာ မင်္ဂလာပွဲကို တက်သုတ်ရိုက်ကျင်းပဖြစ်သည်။

**ဆက်လက်ဖော်ပြပါမည်။**

# ရွှေဘိုမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ရွှေဘို မတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောမတ်ပဲကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၃၃၅၇ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော မတ်ပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၉ ဒသမ ၁ တင်းထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ မတ်ပဲ ၃၃၅၇ ကေထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မတ်ပဲစိုက်ခင်းတွေ လက်ရှိမှာတော့ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းတွေကို မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ရွှေဘိုမြို့နယ်တွင် မတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားရောဂါကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# မော်လမြိုင်ကျွန်းမြို့နယ်တွင် ဒေသထွက် ငါးမြွေထိုးခြောက်များ အရောင်းအဝယ်ကောင်းမွန်နေ

**မော်လမြိုင်ကျွန်း မတ် ၃၁**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်တွင် ဒေသထွက် ငါးမြွေထိုးခြောက်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းသူက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် မတ်လ တတိယပတ်မှ ယနေ့ထိ ဒေသထွက် ငါးမြွေထိုးခြောက်များ ဝယ်ယူအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသထွက် ငါးမြွေထိုးခြောက်များကို ဒေသတွင်းဈေးကွက်အပြင် ပုသိမ်၊ ရန်ကုန် စသည့်မြို့များက ဝယ်ယူမှုများပြားနေကြောင်း သိရသည်။

"မော်လမြိုင်ကျွန်းမြို့နယ်ဘက်က ငါးမြွေထိုးခြောက်တွေ အရောင်းအဝယ် ကောင်းမွန်နေပါတယ်။ ငါးခြောက်မျိုးစုံရောင်းဝယ်ရေးလုပ်ငန်းက ဒေသခံတွေရဲ့ ဒေသစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပါတယ်။ အခုလို ငါးမြွေထိုးခြောက်တွေအမှာကုန်များလာတာကြောင့် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးလုပ်ငန်းနယ်ပယ်အသီးသီးက သူတွေ အလုပ်အကိုင်အခွင့်အလမ်းပိုမို အဆင်ပြေလာပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းသူက ပြောပြသည်။



မော်လမြိုင်ကျွန်းမြို့နယ်မှ ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက် ငါးမြွေထိုးအစိမ်းများကို ဝယ်ယူ၍ စနစ်တကျ အခြောက်လှန်းပြီး အခြားဒေသ ဈေးကွက်များသို့ တင်ပို့ ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးမြွေထိုးခြောက် တစ်ပိဿာလျှင် အရွယ်အစားအလိုက် ငွေကျပ် ၁၇၅၀၀ မှ ၂၇၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ပေါက်ခေါင်းမြို့နယ် ကျွန်းပင်စမ်းကျေးရွာ၌ ဗို့ ၄၀၀ ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ပေါက်ခေါင်း မတ် ၃၁**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ကျွန်းပင်စမ်းကျေးရွာ၌ ဗို့ ၄၀၀ ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ခင်မြဝင်းနှင့်ဝန်ထမ်းများက ကျွန်းပင်စမ်းကျေးရွာ၌ ဗို့၄၀၀ ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များကို မြို့နယ်ဦးစီးမှူးက ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ အရှည်ပေ ၈၈၀ ရှိ ဗို့ ၄၀၀ ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၁၇ သန်းအသုံးပြုကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် ဗို့ ၄၀၀ ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးမှုကြောင့် ကျေးလက်နေပြည်သူများ ယခင်ကထက် လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ **သုတ**

# ရင့်ကျက်ဖြတ်သန်း ဘဝစစ်တမ်း

\- ဖြူစင်စွာ စိတ်ကောင်းထားလို့
မိတ်အများနဲ့ ဆက်ဆံရာ၊
မေတ္တာယှဉ် အကြောင်းပြု
ကောင်းမှုတည်ကာ၊
ရည်ရွယ်မှန်း ကိုယ်လိုရာ
ချောမွေ့စွာ လိုအင်ပြည့်၊
ရောင်ပြန်နှင့် ကြေးမုံချပ်နှယ်
ထင်ဟပ်နိုင်ဘိ။

\- အကောင်းမြင် စေတနာစိတ်နဲ့
ယိုဖိတ်လို့ ထပ်လောင်းကာ၊
အားနည်းသူ ဖေးကူမ
လမ်းပြမှန်စွာ၊
မျှမျှတတ အလေးထားပါ
ကိုယ်ချင်းစာ အသိစွဲ၊
ခက်ခဲဟူ မစိုးမနှောင့်
လမ်းဖြောင့်လေမြဲ။

\- ဘဝတာ နေခွင့်ခဏ
လူ့ပီသ ရပ်တည်မှု၊
ဆန်းစစ်လျှင် မှတ်တမ်းလှမှ
အရတော်သူ၊
သမိုင်းကောင်းနဲ့ ဘဝဇမ္ဗူ
ရှက်လွှင့်ထူ ကျော်ဖြတ်သန်း၊
နာမည်လှလှ ပျံ့မွှေးစွာနဲ့
ခန္ဓီ ဓမ္မ ဖြန့်ထွေးကာပ
ဘဝရေး စစ်တမ်းအလှစ်မှာ
ချစ်ပန်းလှိုင် ကိုယ့်ဂုဏ်မြှင့်ရင်း
ရင့်ကျက်စွာ လှမ်း။ ။

ခိုင်ခိုင်နွယ်(ပညာရေး)

# သာစည်မြို့နယ် ကပ်ကျေးအင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သာစည် မတ် ၃၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကပ်ကျေးအင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့် အသင်းသား၊ အသင်းသူများကိုတွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းအကြောင်းအရာများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်က အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကပ်ကျေးအင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၇ ဦးကို ငွေကျပ် ၂၂ ဒသမ ၁၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၄ ဦးကို ငွေကျပ် ၂၈ ဒသမ ၄သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၀၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၀ ဒသမ ၅၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# သေတမ်းစာအကြောင်း တစေ့တစောင်း

စိန်လှိုင်ဗိုလ်

သေတမ်းစာရေးသားခြင်းသည် ဗုဒ္ဓဘာသာ ကိုးကွယ်ကြသူများနှင့် မသက်ဆိုင်ပါ။ ခရစ်ယာန်ဘာသာ ကိုးကွယ်ကြသူများသာလျှင် ဆောင်ရွက်နိုင်ပါသည်။ ခရစ်ယာန် ဘာသာဝင်တစ်ဦးသည် မိမိသက်ရှိထင်ရှားရှိနေစဉ်မှာပင် မိမိပိုင်ဆိုင်သော ပစ္စည်းအရပ်ရပ်ကို မိမိကွယ်လွန်သွားပြီးနောက်တွင် မည်သို့မည်ပုံဆောင်ရွက်စေမည်ကို ကြိုတင်၍ ရေးသားခြင်းသည် သေတမ်းစာဖြစ်ပါသည်။ **သေတမ်းစာတွင် သေတမ်းစာ အတည်ပြုသူများ ပါရှိရမည်ဖြစ်ပါသည်။**

မြန်မာနိုင်ငံတွင် လူများစုမှာ ဗုဒ္ဓဘာသာ ကိုးကွယ်ကြသူများသော်လည်း ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူဘာသာဝင်များလည်း ရှိနေကြရာ မိမိနှင့် တစ်မြို့တည်း တစ်ရပ်တည်း နေသူများ၏ ဘာသာဓလေ့များကို အထိုက်အလျောက် သိထားသင့်ကြပါသည်။ သေတမ်းစာတွင် အတည်ပြုခန့်ထားခြင်းခံရသူ ပါဝင်လေ့ရှိကြပါသည်။ သေတမ်းစာရေးသားခဲ့သူ ကွယ်လွန်သောအခါ သေတမ်းစာတွင် ဖော်ပြပါရှိသည့်ပစ္စည်းများကို မည်သူသို့ ခွဲဝေပေးရန် **"သေတမ်းစာအတည်ပြုလွှာ"** ကို သက်ဆိုင်ရာသို့ လျှောက်ထားရပါသည်။ သေတမ်းစာ အတည်ပြုလွှာ လျှောက်ထားခြင်းမပြုဘဲ **"အမွေထိန်းစာ လျှောက်ထားခြင်း"** ကြောင့် တရားရုံးတော်က ဥပဒေနှင့်အညီ တည့်မတ်ဆုံးဖြတ်ပေးခဲ့ရသော အမှုတစ်ခု၏ စီရင်ထုံးကိုကိုးကား၍ ရေးသားတင်ပြပါဦးမည်။

**အမှုဖြစ်စဉ်အကျဉ်း**

မွန်ပြည်နယ်တရားရုံး၊ ၂၀၀၅ ခုနှစ် တရားမကြီးမှုအမှတ် (၃၂) တွင် ဦးသန်းဖေက သေတမ်းစာပူးတွဲပါရှိသော အမွေထိန်းစာ ထုတ်ပေးရန် လျှောက်ထားခဲ့ပါသည်။ ဦးသန်းဖေ၏ လျှောက်ထားချက်အပေါ် ဒေါ်သန်းတင်ပါ ၂၂ ဦးတို့က ကန့်ကွက်ကြသဖြင့် ပြည်နယ်တရားရုံးက တရားမကြီးမှုအဖြစ် ပြောင်းလဲစစ်ဆေးကြားနာပြီးနောက် ဦးသန်းဖေလျှောက်ထားသည့်အတိုင်း သေတမ်းစာပူးတွဲပါရှိသော အမွေထိန်းစာကို ထုတ်ပေးခဲ့ပါသည်။ ဒေါ်သန်းတင်၊ ဦးချစ်ဆွေ၊ ဒေါ်လှသိန်းနှင့် ဒေါ်ဝင်းစိန်တို့က ပြည်နယ်တရားရုံး၏ အမိန့်အပေါ် မကျေနပ်ကြသဖြင့် တရားရုံးချုပ်သို့ တရားမအထွေထွေအယူခံမှုကို တင်သွင်းခဲ့ပါသည်။

အမှုဖြစ်စဉ်မှာ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့၊ ကျောင်းပိုင်းရပ်ကွက်နေ မွန်နှစ်ခြင်း ခရစ်ယာန်ဘာသာကိုးကွယ်သူဒေါ်ငွေယုံက ၁၉၉၉ခုနှစ် ဇူလိုင် ၁၅ရက်တွင် သေတမ်းစာရေးခဲ့ပါသည်။ ၎င်း၏ သေတမ်းစာတွင် သေတမ်းစာ အတည်ပြုသူများအဖြစ် မွန်နှစ်ခြင်း ခရစ်ယာန်အသင်းတော် အသင်းကောင်စီဥက္ကဋ္ဌ ဦးသန်းဖေနှင့် သံဖြူဇရပ်မြို့၊ အောင်ဇေယျရပ်ကွက်၊ မြဟေဝန်လမ်း၊ အိမ်အမှတ် (၂၆) နေ ဦးအုံးခိုင်တို့အား ခန့်အပ်ထားခဲ့ပါသည်။

**ဒေါ်ငွေယုံ ကွယ်လွန်သည့်အချိန်တွင် သေတမ်းစာတွင် ဖော်ပြပါပစ္စည်းများကို ဦးအုန်းခိုင်နှင့် ဒေါ်ညွန့်ရီတို့နှစ်ဦးအား အညီအမျှခွဲဝေပေးရန် သေတမ်းစာ၌ ဖော်ပြထားပါသည်။** ဒေါ်ငွေယုံသည် ၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၈ ရက်တွင် ကွယ်လွန်ခဲ့သည့်အတွက် သေတမ်းစာအတည်ပြုသူတစ်ဦးဖြစ်သည့် ဦးသန်းဖေက သေတမ်းစာပူးတွဲပါရှိသော **အမွေထိန်းစာထုတ်ဆင့်ပေးရန်** မွန်ပြည်နယ်တရားရုံး၌ လျှောက်ထားခဲ့သည်။



ဦးသန်းဖေ၏ လျှောက်ထားချက်အပေါ် ကွယ်လွန်သူ ဒေါ်ငွေယုံ၏ ဆွေမျိုးနီးစပ် တော်စပ်ကြသူများဖြစ်ကြသော ဒေါ်သန်းတင်ပါ ၂၂ ဦးတို့က ကန့်ကွက်ခဲ့သောကြောင့် မွန်ပြည်နယ်တရားရုံးက အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၉၅ အရ တရားမကြီးအမှုအဖြစ် ပြောင်းလဲစစ်ဆေးကြားနာခဲ့ပါသည်။

ပြည်နယ်တရားရုံးက ငြင်းချက် (၄) ရပ်ထုတ်နုတ်စစ်ဆေးပြီးနောက် ၁၉၉၉ခုနှစ် ဇူလိုင် ၁၅ ရက်စွဲပါ ဒေါ်ငွေယုံ၏သေတမ်းစာသည် လိမ်လည်လှည့်ဖြားပြုလုပ်ထားသော ပျက်ပြယ်နေသည့် သေတမ်းစာဖြစ်သည်ဆိုခြင်းမှာ မှန်ကန်ခြင်းမရှိကြောင်း၊ ဒေါ်ငွေယုံ၏ သေတမ်းစာတွင် ဒေါ်ငွေယုံပိုင်ဆိုင်သည်ဟု အဆိုရှိသော ပစ္စည်းစာရင်းဖော်ပြပါအတိုင်း သေတမ်းစာပူးတွဲပါရှိသော အမွေထိန်းစာထုတ်ပေးရန်ဖြစ်ကြောင်း၊ တရားလို ဦးသန်းဖေသည် သေတမ်းစာပူးတွဲပါရှိသော အမွေထိန်းစာရထိုက်သူဖြစ်ကြောင်း ဖြေဆိုပြီးနောက် အောက်ပါအတိုင်း အမိန့်ချမှတ်ပါသည်။

"တရားလို ဦးသန်းဖေအား ၁၉၉၉ခုနှစ် ဇူလိုင် ၁၅ ရက်စွဲပါ ကွယ်လွန်သူဒေါ်ငွေယုံ၏ သေတမ်းစာနှင့်ပတ်သက်၍ သေတမ်းစာပါအတိုင်း စီမံခန့်ခွဲနိုင်ရန် ကျပ်သိန်း ၅၀ တန် ခံဝန်သူနှစ်ဦးဖြင့်ခံဝန်ချုပ်ဆိုပါက သေတမ်းစာပူးတွဲပါရှိသည့် အမွေထိန်းစာထုတ်ပေးလိုက်ကြောင်း တရားလိုအားစရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်ပေးလိုက်သည်"

**တရားရုံးချုပ်၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

ဤအထွေထွေအယူခံမှုတွင် အယူခံတရားလိုများကတင်ပြသော အကြောင်းပြချက်များအနက် အဓိကအကြောင်းပြချက် တစ်ရပ်ဖြစ်သော **"သေတမ်းစာအတည်ပြုလွှာ"** လျှောက်ထားမှုမရှိဘဲ **အမွေထိန်းစာလျှောက်ထားခြင်းသည် ဥပဒေအရ မှားယွင်းနေသည်** ဟူသောအချက်ကို အလေးထားစိစစ်ရန်ဖြစ်သည်။ မူလမှုတွင် သေတမ်းစာပူးတွဲပါရှိသော အမွေထိန်းစာထုတ်ဆင့်ပေးရန် လျှောက်ထားချက်ကိုကြည့်လျှင် လျှောက်ထားသူမှာ ဦးသန်းဖေဖြစ်ကြောင်းတွေ့ရှိရသည်။ လျှောက်ထားသူ ဦးသန်းဖေက သေတမ်းစာပူးတွဲပါရှိသော အမွေထိန်းစာထုတ်ဆင့်ပေးရန် လျှောက်ထားရာ၌ ၎င်း၏ လျှောက်ထားချက်အပိုဒ် ၂ နှင့် ၃ တို့တွင် အောက်ပါအတိုင်း ဖော်ပြလျှောက်ထားသည်ကို တွေ့ရသည်။

"၂။ သံဖြူဇရပ်မြို့ အမှတ်၁၂၊ ဗိုလ်နေဝင်းလမ်း၊ ကျောင်းပိုင်းရပ်ကွက်နေ ခရစ်ယာန်ဘာသာကိုးကွယ်သူ အဘ ဦးပန်းဇင်၏ သမီး ဒေါ်ငွေယုံသည် ၎င်းမကွယ်လွန်မီ ၁၉၉၉ခုနှစ် ဇူလိုင် ၁၅ ရက်က နောက်ဆုံးသေတမ်းစာကို ရေးသားသွားခဲ့သည်။

၃။ အဆိုပါသေတမ်းစာအရ ဒေါ်ငွေယုံမှ သေတမ်းစာ အတည်ပြုသူများအဖြစ် လျှောက်ထားသူနှင့် သံဖြူဇရပ်မြို့၊ အောင်ဇေယျရပ်ကွက် မြဟေဝန်လမ်း၊ အမှတ် (၂၆) နေ ဦးအုံးခိုင်တို့အား ခန့်ထားခဲ့ပါသည်။"

ဦးသန်းဖေ၏ လျှောက်ထားချက်အရဆိုလျှင် သေတမ်းစာ၌ ၎င်းအား သေတမ်းစာ အတည်ပြုသူအဖြစ်ခန့်ထားကြောင်း မြင်သာသည်။ ဦးသန်းဖေသည် သေတမ်းစာ အတည်ပြုသူတစ်ယောက်အနေဖြင့် သေတမ်းစာပူးတွဲပါရှိသော အမွေထိန်းလက်မှတ်စာကို လျှောက်ထားခြင်းဖြစ်သည်။

အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၃၂ ပြဋ္ဌာန်းချက်အရဆိုလျှင် သေတမ်းစာတွင် သေတမ်းစာ အတည်ပြုသူခန့်ထားခြင်းမရှိလျှင်သော်လည်းကောင်း၊ သေတမ်းစာ အတည်ပြုသူခန့်ထားခဲ့သော်လည်း ၎င်းက သေတမ်းစာပါအတိုင်း ဆောင်ရွက်ရန် မစွမ်းဆောင်နိုင်ခြင်း သို့မဟုတ် ငြင်းပယ်ခြင်းသော်လည်းကောင်း ရှိခဲ့လျှင် အမွေစား အမွေခံတစ်ဦးက သေတမ်းစာပူးတွဲပါသည့် အမွေထိန်းစာကို တောင်းခံနိုင်မည်ဖြစ်သည်။

မူလမှုတွင် လျှောက်ထားသူ ဦးသန်းဖေသည် သေတမ်းစာအတည်ပြုသူ တစ်ဦးအဖြစ် သက်သေခံက သေတမ်းစာ၌ ခန့်ထားကြောင်းမှာ အငြင်းပွားခြင်းမရှိချေ။ သေတမ်းစာ အတည်ပြုသူ ဦးသန်းဖေကိုယ်တိုင်က သေတမ်းစာပူးတွဲပါရှိသော အမွေထိန်း လက်မှတ်စာကို လျှောက်ထားနေခြင်းဖြစ်ပေရာ ၎င်းသည် သေတမ်းစာပါအတိုင်း ဆောင်ရွက်ရန် ငြင်းပယ်ခြင်းမရှိကြောင်းမှာ ရှင်းလင်းပြီးဖြစ်သည်။

သက်သေခံ(က) သေတမ်းစာအရ သေတမ်းစာအတည်ပြုသူကို အတိအလင်းဖော်ပြခန့်ထားသည့်အခြေအနေတွင် သေတမ်းစာအတည်ပြုသူ ဦးသန်းဖေသည် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၃၂ ဖြင့် ပြဋ္ဌာန်းချက်အရ သေတမ်းစာပူးတွဲပါရှိသော **အမွေထိန်းလက်မှတ်စာကို လျှောက်ထားနိုင်ခွင့်မရှိချေ။** ဦးသန်းဖေသည် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၂၂ ပြဋ္ဌာန်းချက်အရ **သေတမ်းစာ အတည်ပြုလက်မှတ်ကိုသာ လျှောက်ထားရမည်ဖြစ်ကြောင်း** တရားရုံးချုပ်က စိစစ်ဝေဖန်သုံးသပ်ခဲ့ပါသည်။

အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၂၂ ပြဋ္ဌာန်းချက်အရ သေတမ်းစာ အတည်ပြု လက်မှတ်ကို သေတမ်းစာအရ ခန့်ထားသော သေတမ်းစာ အတည်ပြုသူတစ်ယောက်ကိုသာ ခွင့်ပြုထုတ်ပေးနိုင်သဖြင့် **ဦးသန်းဖေသည် သေတမ်းစာ အတည်ပြုလက်မှတ်ကို လျှောက်ထားရမည်ဖြစ်သည်။** သေတမ်းစာပူးတွဲပါရှိသော အမွေထိန်းလက်မှတ်စာကို လျှောက်ထားခွင့်ရှိမည်မဟုတ်ကြောင်း တရားရုံးချုပ်က ထပ်မံစိစစ်ဖော်ထုတ်ခဲ့ပါသည်။

မူလမှုတွင် ဦးသန်းဖေသည် သေတမ်းစာ အတည်ပြုသူအဖြစ် ခန့်ထားခြင်းခံရသော်လည်း သေတမ်းစာပူးတွဲပါရှိသည့် အမွေထိန်း လက်မှတ်စာကို လျှောက်ထားခြင်းဖြစ်ရာ ၎င်း၏မူလလျှောက်ထားချက်ကိုပြောင်းလဲ၍ သေတမ်းစာအတည်ပြု လျှောက်ထားချက်ဖြင့် လက်ခံခွင့်ပြုစဉ်းစားဆုံးဖြတ်ပေးနိုင်မည်မဟုတ်ပေ။ အကြောင်းမှာ **သေတမ်းစာအတည်ပြုလက်မှတ်နှင့် သေတမ်းစာ ပူးတွဲပါရှိသော အမွေထိန်းလက်မှတ်စာတို့မှာ တူညီခြင်းမရှိ** အမွေဆက်ခံခြင်းဥပဒေပါ သီးခြားပြဋ္ဌာန်းချက်တစ်ခုစီအပေါ်တွင် အခြေခံသတ်မှတ်ထားသောကြောင့် ဖြစ်သည်။

ထို့ကြောင့် ဦးသန်းဖေသည် သေတမ်းစာပူးတွဲပါရှိသော အမွေထိန်းလက်မှတ်စာ လျှောက်ထားခြင်းမှာ မှားယွင်းသကဲ့သို့ မူလရုံးက ဦးသန်းဖေအား ပူးတွဲပါရှိသော အမွေထိန်းလက်မှတ်စာကို ခွင့်ပြုခဲ့ခြင်းမှာ ဥပဒေပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိဟု ဆိုရမည်ဖြစ်ကြောင်း တရားရုံးချုပ်က စိစစ်ဝေဖန်သုံးသပ်ခဲ့ပါသည်။

ဦးသန်းဖေနှင့် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၂၂အရ သေတမ်းစာ အတည်ပြုလက်မှတ်ကို မူလရုံးတွင် ပြောင်းလဲပြင်ဆင် လျှောက်ထားရန်ဖြစ်သည်။

အထက်ပါ အကြောင်းများကြောင့် တရားမအထွေထွေအယူခံမှုကို ခွင့်ပြုပြီး မူလပြည်နယ်တရားရုံးက ဦးသန်းဖေအား သေတမ်းစာပူးတွဲပါရှိသော အမွေထိန်းလက်မှတ်စာ ထုတ်ပေးသည့် အမိန့်ကို ပယ်ဖျက်၍ မူလလျှောက်ထားသူ ဦးသန်းဖေ၏ လျှောက်ထားချက်ကို စရိတ်နှင့်တကွ ပလပ်လိုက်ပါသည်။ **ဒေါ်သန်းတင်ပါ (၄) နှင့် ဦးသန်းဖေပါ (၁၉) ၂၀၀၆ ခုနှစ်၊ အထွေထွေအယူခံမှုအမှတ်( ၈ )**စီရင်ထုံးကို ရည်ညွှန်းကိုးကားရေးသားတင်ပြလိုက်ရပါသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊

ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ငပုတောမြို့နယ်တွင် ငရုတ်သီးစိမ်းများ အရောင်းအဝယ်ကောင်းမွန်နေ



**ငပုတော မတ် ၃၁**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်တွင် ဒေသထွက် ငရုတ်သီးစိမ်းများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ငပုတောမြို့နယ် ကုန်စိမ်းအမျိုးမျိုးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာဇာက ပြောပြသည်။

ငပုတောမြို့နယ်တွင် မတ်လ ဒုတိယပတ်မှယနေ့ထိ ငရုတ်သီးစိမ်းများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသတွင် ငရုတ်သီးစိမ်းများ ပေါ်နေချိန်ဖြစ်ပြီး ငရုတ်သီးစိမ်း တစ်ပိဿာလျှင် ငွေကျပ် ၈၉၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

"ငရုတ်သီးစိမ်းတွေ အရောင်းအဝယ် ကောင်းနေပါတယ်။ လက်ရှိ တောင်သူတွေ စိုက်ထားတဲ့ ငရုတ်သီးတွေ စတင်ပေါ်နေတဲ့အချိန်ဖြစ်ပါတယ်။ အခုလို ငရုတ်သီးစိမ်းတွေ အရောင်းအဝယ်ကောင်းမွန်နေတော့ စိုက်တဲ့တောင်သူတွေ၊ လုပ်သားတွေ အဆင်ပြေလာပါတယ်။ ဒီနှစ် ငရုတ်သီးစိမ်းတွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ အဝယ်လိုက်နေပါတယ်"ဟု ငပုတောမြို့နယ် ကုန်စိမ်းအမျိုးမျိုးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဇာဇာက ပြောပြသည်။

ငပုတောမြို့နယ်မှ တောင်သူများ စိုက်ပျိုးထုတ်လုပ်သည့် ငရုတ်သီးစိမ်းများသည် အရည်အသွေးကောင်းမွန်ပြီး ပိုးမွှားရောဂါကင်းရှင်းကြောင်း၊ အဆိုပါ ဒေသထွက် ငရုတ်သီးစိမ်းများ အရောင်းအဝယ်ကောင်းလာသည့်အတွက် ငရုတ်စိုက်တောင်သူများ၊ လုပ်သားများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မကွေးမြို့နယ် ဂွေးတောက်စမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်၍ လုပ်ငန်းအဖွဲ့ဖွဲ့စည်း

**မကွေး မတ် ၃၁**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဂွေးတောက်စမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းအဖွဲ့ဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မကွေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလင်းထွဋ်က မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းအကြောင်းအရာများ၊ စီမံကိန်းလုပ်ငန်းစဉ်များ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ကျေးရွာသူ၊ ကျေးရွာသားများ၏ တာဝန်ဝတ္တရားများ၊ ကျေးရွာက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသော ရပ်မိရပ်ဖများနှင့် ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ်ဆောင်ရွက်နိုင်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**အထွေး**

# ကြာအင်းဆိပ်ကြီးမြို့နယ် ထီးဖိုးနိုင်း(မွန်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကြာအင်းဆိပ်ကြီး မတ် ၃၁**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထီးဖိုးနိုင်း(မွန်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို မတ် ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြာအင်းဆိပ်ကြီးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမင်းဝေဖြိုး၊ ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဟိန်းမင်းနှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ထီးဖိုးနိုင်း(မွန်)ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ စနစ်တကျ ဖြည့်သွင်းထားခြင်းရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။



ထီးဖိုးနိုင်း(မွန်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၈ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၆ ဦးကို ရန်ပုံငွေကျပ် ၆၈ ဒသမ ၄ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ကိုသက်**

# ကျောက်တံခါးမြို့နယ် ခင်တန်းကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကျောက်တံခါး မတ် ၃၁**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ ဂွေးကုန်းကျေးရွာအုပ်စု ခင်တန်းကြီးကျေးရွာ၌ ၁၀ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပိုးအိဖြူကိုက မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်း ဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ ပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သန်း ၆၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ခင်တန်းကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်မည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၈ ဦးကို ရန်ပုံငွေကျပ် သန်း ၆၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**

# ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲကြီးဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

**မုံရွာ မတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲကြီးဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီးဧက ၁၄၃၈၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပဲကြီးစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ယင်းမာပင်မြို့နယ်တွင် ၈၆၅ ဧက၊ ကနီမြို့နယ်တွင် ၁၃၅၁၅ ဧက စုစုပေါင်း ဧက ၁၄၃၈၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၅ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ ပဲကြီးဧက ၁၄၃၈၀ ထိစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ပဲကြီးခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲကြီးအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် ပဲကြီးစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် အသိပညာပေးခဲ့ကြောင်း သိရသည်။

ပဲကြီးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပို့လျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲကြီးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြ၍ သိရသည်။

**(၂၀၆)**

**ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# တရုတ်နိုင်ငံရေတပ်စွမ်းဆောင်ရည်ကိုမြှင့်တင်ပေးနိုင်မည့် ပြည်တွင်းထုတ် AR- 2000 မောင်းသူမဲ့ရဟတ်ယာဉ်

တရုတ်စစ်ဘက်သည် စစ်ရေယာဉ်ပေါ်တွင် တင်ဆောင်အသုံးပြုနိုင်သော မောင်းသူမဲ့ရဟတ်ယာဉ် အသစ်တစ်စင်းကို စမ်းသပ်ခဲ့ကြောင်း မတ်လ ထုတ် တောင်ပိုင်းတရုတ်နံနက်ခင်း သတင်းစာ (SCMP)၌ ဖော်ပြထားသည်။ ၎င်းမောင်းသူမဲ့ ရဟတ်ယာဉ်သည် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် ရေတပ်(PLAN) ၏တာဝန်ထမ်းဆောင် နိုင်မှု အကွာအဝေးကို တောင်တရုတ်ပင်လယ်နှင့် တရုတ်(ထိုင်ပေ)ကဲ့သို့သော ဆက်စပ်ရေပိုင်နက်များ၌ ပိုမိုတိုးချဲ့ထမ်းဆောင်သွားနိုင်မည်ဖြစ်ကြောင်း လေ့လာသုံးသပ်သူများက ပြောဆိုလျက်ရှိသည်။

ယခုနှစ် မတ်လတတိယပတ်အတွင်း CCTV သတင်းဌာနက ထုတ်ပြန်ခဲ့သော ဓာတ်ပုံများ၌ PLAN ၏ Type 075 ကမ်းထိုးရေယာဉ် လေယာဉ်တင် ကုန်းပတ်ပေါ်၌ ရပ်တန့်ထားသည့် အပေါ်စီး မောင်းသူမဲ့ရဟတ်ယာဉ် AR-2000 ကိုဖော်ပြခဲ့သော ကြောင့် စစ်ရေယာဉ်ပေါ်မှနေ၍ မောင်းသူမဲ့ ရဟတ်ယာဉ် ပထမဆုံးအကြိမ် စမ်းသပ်မောင်းနှင်မှုကိုတွေ့ ရှိခဲ့ခြင်းဖြစ်သည်။

အလေးချိန် နှစ်တန်ခန့်ရှိသော AR-2000 မောင်းသူမဲ့ရဟတ်ယာဉ်ကို တရုတ်လေကြောင်း စက်မှုလုပ်ငန်း(AVIC) ကသုတေသနပြုတည်ဆောက် ထားခြင်းဖြစ်ပြီး ၂၀၂၄ ခုနှစ် လေကြောင်းပြပွဲ၌ ပထမဆုံးထုတ်ဖော်ပြသခဲ့သည်။ ဝန်ပြည့်တန်ချိန် ၄၀၀၀၀ ခန့်ရှိသော Type-075 ကမ်းထိုးရေယာဉ် သည် ရဟတ်ယာဉ် အစင်း ၃၀ ကျော်သယ်ဆောင်နိုင် ပြီး ရဟတ်ယာဉ် ၆ စင်းကို တစ်ပြိုင်တည်း ပျံသန်း တာဝန်ထမ်းဆောင်နိုင်စေကာ တပ်ဖွဲ့များ၊ ကမ်း တက်ယာဉ်များနှင့် သံချပ်ကာယာဉ်များ တပ်ဖြန့်ချ ထားရန် ဒီဇိုင်းရေးဆွဲတည်ဆောက်ထားခြင်းဖြစ် သည်။ လက်ရှိအချိန်တွင် ၎င်းရေယာဉ်သည် တောင် တရုတ်ပင်လယ်နှင့် တရုတ် (ထိုင်ပေ)ပတ်လည်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မောင်းသူမဲ့ရဟတ်ယာဉ်၏ သေးငယ်သော အရွယ်အစားနှင့် အလိုအလျောက် ပျံသန်း၊ ဆင်း သက်နိုင်မှုစွမ်းဆောင်ရည်များသည် ကမ်းထိုး ရေယာဉ်များပေါ်တွင် ထိုရဟတ်ယာဉ်များကို ပိုမိုသယ်ဆောင်စေနိုင်မည့်အပြင် ပြင်းထန်သော ရာသီဥတုအခြေအနေတွင် မောင်းသူပါရှိသော ရဟတ်ယာဉ်များထက် ပိုမိုတာဝန်ထမ်းဆောင်နိုင် စေမည်ဖြစ်သည်။ အဆိုပါ မောင်းသူမဲ့ရဟတ်ယာဉ် သည် ကင်းထောက်လှမ်းမှု နှင့် သင်္ဘောဖျက်မစ်ရှစ် များ ထမ်းဆောင်နိုင်မည်ဖြစ်သလို ရေတပ်ဖွဲ့များ ၏စောင့်ကြည့်မှုနှင့် တိုက်ခိုက်ရေးတာဝန်များကို လည်း တိုးချဲ့ထမ်းဆောင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် Type 075 ကို တခြားသော စစ်ရေယာဉ် များနှင့်အတူ ကျယ်ပြန့်စွာ တပ်ဖြန့်ချသွားနိုင် မည်ဖြစ်သည်။

တောင်တရုတ်ပင်လယ်တွင် AR-2000 မောင်းသူ မဲ့ရဟတ်ယာဉ်၏အခန်းကဏ္ဍများကို စူးစမ်း လေ့လာရာ၌ ၎င်းရဟတ်ယာဉ်သည် အငြင်းပွား ရေပိုင်နက်အတွင်း တရုတ်နိုင်ငံ၏ပင်လယ်ရေ ကြောင်းနယ်ပယ်စောင့်ကြည့်မှုကို မြှင့်တင်သွားနိုင် မည်ဖြစ်သည်။

AR-2000 ကဲ့သို့သော မောင်းသူမဲ့ရဟတ် ယာဉ်သည် ကျဉ်းမြောင်းသောနေရာများနှင့် လေ ယာဉ်ကွင်းများမှ ပျံသန်းနိုင်သောကြောင့် တောင် တရုတ်ပင်လယ်တွင် တရုတ်နိုင်ငံ၏ ထောက်လှမ်း၊ စောင့်ကြည့် ကင်းထောက်မှု (ISR) ကွန်ရက်ကို အင်အားဖြည့်ဆည်းပေးလျက်ရှိသည့်အပြင် ဗီယက် နမ်၊ မလေးရှား၊ ဘရူနိုင်းနှင့် ဖိလစ်ပိုင်နိုင်ငံ အပါ အဝင် တခြားသောနိုင်ငံများ၏ လှုပ်ရှားမှုကိုလည်း စောင့်ကြည့်သွားနိုင်မည်ဖြစ်သည်။

တရုတ်နိုင်ငံအနေဖြင့် တောင်တရုတ်ပင်လယ် တွင် ကျွန်းစုများသိမ်းပိုက်ရေးမစ်ရှင်များ ထမ်း ဆောင်ရေးအတွက်လည်း AR-2000 မောင်းသူမဲ့ ရဟတ်ယာဉ်ကို တပ်ဖြန့်ချထားသွားနိုင်မည်ဖြစ် သောကြောင့် ၎င်း၏ပင်လယ်ရေကြောင်းနှင့် အထူး စစ်ဆင်ရေးတပ်ဖွဲ့များအတွက် ISR နှင့် လေကြောင်း အထောက်အကူပြု(CAS)တို့ကို ထောက်ကူပေး သွားနိုင်မည်ဖြစ်သည်။ တောင်တရုတ်ပင်လယ်ရှိ ကျွန်းစုငယ်များသည် အကြီးစားကမ်းထိုးစစ်ဆင် ရေးများကို တားဆီးနိုင်မည်ဖြစ်သောကြောင့် တပ်ဖွဲ့ ငယ်များ၏ လှုပ်ရှားမှုများကို ကန့်သတ်ချက်ဖြစ်ပေါ် စေမည်ဖြစ်သည်။

နယ်မြေပိုင်ဆိုင်ကြောင်းပြောဆိုနေသည့် ပြိုင် ဘက်နိုင်ငံများ၏လှုပ်ရှားမှုများကို စောင့်ကြည့်နိုင် သည့်အပြင် ကျွန်းစုသိမ်းပိုက်ရေးမစ်ရှင်များကိုလည်း အထောက်အကူပြုနေသော AR-2000 မောင်းသူမဲ့ ရဟတ်ယာဉ်သည် တရုတ်နိုင်ငံ၏ ပဲ့ထိန်းဒုံးကျည် တင်ရေငုပ်သင်္ဘော(SSBNs)များအတွက် ခံတပ် တစ်ခုအဖြစ် ပိုမိုလုံခြုံမှုရှိစေမည်ဖြစ်သောကြောင့် အငြင်းပွားရေပိုင်နက်အတွင်း လှုပ်ရှားသွားလာဖွယ် ရာရှိသော အမေရိကန်နျူကလီးယား တိုက်ခိုက်ရေး ရေငုပ်သင်္ဘော(SSNs)များကို ထောက်လှမ်းရာတွင် အထောက်အကူဖြစ်စေမည်ဖြစ်သည်။ ထိုသို့စစ်ဆင် နိုင်ခြင်းသည် တရုတ်နိုင်ငံ၏ ရေအောက်နျူကလီး ယားဟန့်တားမှု စွမ်းဆောင်ရည်ကို ပိုမိုမြှင့်တင်နိုင် မည်ဖြစ်သောကြောင့် တုံ့ပြန်တိုက်ခိုက်မှုစွမ်းဆောင် ရည်ကို ပိုမိုတိုးမြှင့်သွားနိုင်မည်ဖြစ်သည်။

တရုတ်နိုင်ငံအနေဖြင့် တောင်တရုတ်ပင်လယ်ရှိ ၎င်း၏နယ်မြေများကို အခိုင်အမာတည်ဆောက်ပြီး ဝေဟင်နှင့်ရေပြင်ကင်းလှည့်စောင့်ကြပ်မှုများ ပုံမှန် လုပ်ဆောင်နေသော်လည်း အမေရိကန်ရေငုပ် သင်္ဘောများသည် တရုတ်နိုင်ငံက ၎င်း၏ SSBNs များအတွက် ဘေးကင်းဇုန်အဖြစ်သတ်မှတ်ထား သောနေရာသို့ ဆက်လက်လှုပ်ရှားသွားလာလျက်ရှိ သည်။



တရုတ်နိုင်ငံထုတ် AR-2000 မောင်းသူမဲ့ရဟတ်ယာဉ်ကိုတွေ့ရစဉ်။

တောင်တရုတ်ပင်လယ်ရှိတရုတ်နိုင်ငံ၏သိမ်းပိုက် ထားသောနယ်မြေများနှင့် စစ်ရေယာဉ်များပေါ်၌ အသုံးပြုသွားမည့် AR-2000 မောင်းသူမဲ့ရဟတ် ယာဉ်သည် ရေအောက် မဟာဗျူဟာတိုင်းတည်ဆောက် ရန် တရုတ်နိုင်ငံ၏ကြိုးပမ်းမှုများကို ဖြည့်စွက် ပေးနိုင်မည်ဖြစ်သည်။ ၎င်းစိတ်ကူးအိပ်မက်သည် တောင်တရုတ်ပင်လယ်ပြင်ကဲ့သို့သော မဟာဗျူဟာ အရ တန်ဖိုးမဖြတ်နိုင်သောနေရာများတွင် ရေငုပ် သင်္ဘောများကို ထောက်လှမ်းခြေရာခံနိုင်မှုမြှင့်တင် နိုင်ရန် ဒီဇိုင်းရေးဆွဲထားသည့် ပုံသေနှင့်ရွေ့ပြောင်း အာရုံခံကိရိယာများ၊ မောင်းသူမဲ့စနစ်များနှင့် ဒေတာချိတ်ဆက်မှုများပါဝင်သည့် ပေါင်းစပ် သဘောတရားတစ်ခုပင်ဖြစ်သည်။

တရုတ်နိုင်ငံအနေဖြင့် တောင်တရုတ်ပင်လယ် တွင် ပိုင်ဆိုင်မှုအငြင်းပွားနေသည့်ပြိုင်ဘက်နိုင်ငံများ ၏လှုပ်ရှားမှုများကိုစောင့်ကြည့်မည့် ISR အထောက် အကူပေးရန်၊ ကျွန်းစုသိမ်းပိုက်ရေး စစ်ဆင်ရေးများ ကို အထောက်အကူပြုရန်အပြင် အမေရိကန်ရေငုပ် သင်္ဘောများ၏ ကျူးကျော်လှုပ်ရှားမှုများကို ဟန့် တားနိုင်မည့် ၎င်း၏ SSBNs မဟာဗျူဟာခိုင်မာသေ ချာမှုရှိစေရန်အတွက် Type 075 ကမ်းထိုးရေယာဉ် ပေါ်၌ AR-2000 မောင်းသူမဲ့ရဟတ်ယာဉ်တင်၍ အသုံးပြုသွားရန် ဆုံးဖြတ်ချက်ချခဲ့ခြင်းသည် တရုတ်(ထိုင်ပေ)အရေးတွင် အကြီးစားကမ်းထိုး ရေယာဉ်များအတွက် အထောက်အကူပြုအခန်း ကဏ္ဍများမှ အသုံးပြုသွားရန် သွယ်ဝိုက်ရည်ညွှန်း လျက်ရှိသည်။

AR-2000 မောင်းသူမဲ့ရဟတ်ယာဉ်သည် စစ်ရေ ယာဉ်ပေါ်မှ ကမ်းခြေသို့ချီတက်သည့် ရဟတ်ယာဉ် အထောက်အကူပြု စစ်ဆင်ရေးများအတွက် လက်နက်အပြည့်အစုံတပ်ဆင်ထားသော တပ်ဖွဲ့ဝင် အမြောက်အမြားပို့ဆောင်ရေးအတွက် အရွယ်အစား အရ သေးငယ်သော်လည်း ၎င်းရဟတ်ယာဉ်သည် ရန်သူ၏အရေးပါသော အခြေခံအဆောက်အအုံကို သိမ်းပိုက်ထိန်းချုပ်နိုင်ရေးအတွက် လေကြောင်းချီ တပ်ဖွဲ့များကို စဉ်ဆက်မပြတ်ပို့ဆောင်နိုင်မည်ဖြစ် သောကြောင့် ပြည်မကြီးမှအဓိကတပ်ဖွဲ့များ စစ်ကူ ရောက်ရှိအင်အားဖြည့်တင်းချိန်ထိ အဆိုပါဒေသကို ဆက်လက်ထိန်းချုပ်ထားနိုင်မည်ဖြစ်သည်။

AR-2000 မောင်းသူမဲ့ရဟတ်ယာဉ်များကို ကင်း ထောက်ယာဉ်များအဖြစ် အသုံးပြုခြင်းသည် Z-10s ရဟတ်ယာဉ်များကို ရန်သူ့တိုက်ခိုက်မှုလက်လှမ်းမမီ သည့်နေရာမှနေ၍ ပစ်မှတ်များကိုချေမှုန်းနိုင်စေ မည်ဖြစ်သည်။ ထို့နောက် ကမ်းထိုးရေယာဉ်ပေါ်မှ ရဟတ်ယာဉ်တင်တပ်ဖွဲ့များသည် သိမ်းပိုက်ထား သောနယ်မြေသို့ပျံသန်းပြီး အခြေခံအဆောက်အအုံ များကို ထိန်းချုပ်ထားနိုင်မည်ဖြစ်သည်။

တစ်ချိန်တည်းမှာပင် တရုတ်နိုင်ငံသည် Yilan နှင့် Linkou အပါအဝင် တရုတ်(ထိုင်ပေ)၏ မြောက် ပိုင်းနှင့်အရှေ့မြောက်ပိုင်း ကမ်းခြေတစ်လျှောက်တွင် မြေပြင်တပ်ဖွဲ့များဖြန့်ကြက်သွားရန် ကြိုးပမ်းသွား ဖွယ်ရာရှိနေသည်။ မြေပြင်တပ်ဖွဲ့များသည် တရုတ် (ထိုင်ပေ)၏ခုခံကာကွယ်မှုကို ထိုးဖောက်ပြီး ရဟတ် ယာဉ်တင်တပ်ဖွဲ့များနှင့် ချိတ်ဆက်မိချိန်အထိ ရဟတ်ယာဉ်တင်တပ်ဖွဲ့များသည် ဝေဟင်ပံ့ပိုး မှုများကိုအားထားကာ တပ်ဆင်ပေးထားသော အပေါ်စီးလက်နက်စနစ်များနှင့် ထိန်းချုပ်နယ်မြေ ကို စွန့်စားကာကွယ်သွားရန်လိုအပ်သည်။

ထို့ကြောင့် AR-2000 မောင်းသူမဲ့ရဟတ် ယာဉ်များသည် ရန်သူ့နယ်မြေအတွင်း ရောက်ရှိနေ သည့် ရဟတ်ယာဉ်တင်တပ်ဖွဲ့များကို အထောက် အကူပေးနိုင်ရန် တရုတ်နိုင်ငံ၏ Type 075 နှင့် တခြားသော ကမ်းထိုးရေယာဉ်များပေါ်မှနေ၍ တာဝန်ထမ်းဆောင်နိုင်မည်ဖြစ်သည်။ တပ်ဖွဲ့ အင်အား ဖြည့်ဆည်းရေးအတွက် မောင်းသူမဲ့ရဟတ် ယာဉ်နှင့်လေယာဉ်အပေါ်မှီခိုခြင်းသည် အလွန် အမင်းစွန့်စားမှုသာသော သက်ရောက်နိုင်ပါသည်။ အကြောင်းမူကား အီလက်ထရွန်နစ်စစ်ဆင်ရေးကို အလွန်အမင်း အသုံးချဆောင်ရွက်နေသော ပတ်ဝန်း ကျင်နေရာများတွင် မောင်းသူမဲ့ရဟတ်ယာဉ်များ၏ ရပ်တည်နိုင်မှုကန့်သတ်ချက်နှင့် ရှုပ်ထွေးသော တိုက်ပွဲအခြေအနေများတွင် ရုတ်ခြည်းဆုံးဖြတ် ချက်ချမှတ်ရာ၌ ၎င်းတို့၏ ကန့်သတ်ချက်များကြောင့် ပင်ဖြစ်သည်။

သို့သော် ဝေဟင်ပံ့ပိုးကူညီမှုအတွက် AR-2000 ကဲ့သို့သော မောင်းသူမဲ့ရဟတ်ယာဉ်များကို အသုံးပြု ခြင်းသည် ဝေဟင်မစ်ရှင်များအတွက် မောင်းသူပါရှိ သော ရဟတ်ယာဉ်များစေလွှတ်ရခြင်းကို ရှောင်ရှား သွားနိုင်မည်ဖြစ်သည့်အတွက် ရဟတ်ယာဉ်အမှုထမ်း များသည် ပခုံးထမ်းလေကြောင်းရန် ကာကွယ်ရေး စနစ်များ(MANPADS)နှင့် လေကြောင်းရန်ချေမှုန်း ရေးစက်သေနတ်များအပါအဝင် အနိမ့်ပျံလေကြောင်း ရန်ကာကွယ်ရေးစနစ်များ၏ ခြိမ်းခြောက်မှုမှလွတ် ကင်းနိုင်မည်ဖြစ်သည်။

ထို့ကြောင့် AR-2000 ရဟတ်ယာဉ်ကဲ့သို့သော မောင်းသူမဲ့စနစ်များ တိုးတက်လာမည်ဆိုလျှင် တရုတ် နိုင်ငံ၏စီမံကိန်းရေးဆွဲသူများအနေဖြင့် တန်ဖိုးကြီး မားသော ပလက်ဖောင်းများနှင့် လေယာဉ်အမှုထမ်း များ စွန့်လွှတ်ရခြင်းမရှိဘဲ တပ်ဖွဲ့များစဉ်ဆက်မပြတ် ဖြန့်ကြက်နိုင်ပြီး စစ်ဆင်ရေးနယ်မြေကိုလည်း တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် အခွင့်အလမ်း အသစ်များကို ပိုမိုရွေးချယ်ဆောင်ရွက်သွားနိုင်မည် ဖြစ်သည်။ မည်သို့ပင်ဆိုစေ တရုတ်နိုင်ငံ၏ အဆိုပါ ပြောင်းလဲတိုးတက်လာမှုသည် အနောက်ပစိဖိတ် ဒေသတွင် အမေရိကန်၏ ရေတပ်ဆိုင်ရာလှုပ်ရှားမှု များ စီမံဆောင်ရွက်ထားရှိမှုကို ပြန်လည်ပုံဖော် တည်ဆောက်သွားရန်ဖိအား ဖြစ်လာစေတော့မည် ဖြစ်ပေသည်။

**ကိုးကား**

**– China's AR-2000 helicopter drone hints at new naval playbook by Asia Times.**

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# ငါးပါးသီလလုံအောင် စောင့်ထိန်းကြခြင်းဖြင့်ပျော်ရွှင်ဖွယ်ရာဘဝများ ပိုင်ဆိုင်ကြပါစေ

ထေရဝါဒဗုဒ္ဓဘာသာဝင် လူတို့စောင့်ထိန်းရမည့်သီလများတွင် ငါးပါးသီလသည် အခြေခံအကျဆုံး သီလများဖြစ်သည်။ သူတစ်ပါး၏ အသက်ကို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူတစ်ပါး၏ ဥစ္စာပစ္စည်းကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူတစ်ပါး၏သားသမီး၊ သားမယားကို ပြစ်မှားကျူးလွန်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူတစ်ပါးပျက်စီးရာပျက်စီးကြောင်းလိမ်ညာပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ မူးယစ်စေတတ်သော သေရည်သေရက်သောက်သုံးခြင်းမှ ရှောင်ကြဉ်ခြင်းဟူ၍ဖြစ်သည်။ ဥပုသ်သီလ အထူးဆောက်တည်သောကာလများတွင် ထို့ထက်ပို၍ ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ဆယ်ပါးသီလ စသည်ဖြင့်ဆောက်တည်ထိန်းသိမ်းကြသည်။ သို့သော် လူတို့သည် အခြေခံငါးပါးသီလကို လုံခြုံစွာစောင့်ထိန်းနိုင်သည်ဆိုလျှင်ပင် လုံလောက်မှုရှိနေပြီဟု ဆိုရမည်။ အဘယ်ကြောင့်ဆိုသော် ငါးပါးသီလလုံခြုံခြင်းသည် လောကီရေးရာတွင် တရားဥပဒေနှင့်အညီ ကျင့်ကြံနေထိုင်နိုင်ခြင်းမည်သောကြောင့်တည်း။

ငါးပါးသီလတွင် ပထမဆုံးသီလတော်ဖြစ်သည့် ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ- သူတစ်ပါး၏အသက်ကို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ခြင်းသည် သူတစ်ပါးအသက်ကိုသတ်ဖြတ်လျှင် ပြစ်မှုထိုက်သည့် အပြုအမူအဖြစ် ဥပဒေပြဋ္ဌာန်းထားချက်နှင့်ကိုက်ညီနေပေသည်။ သို့ဖြစ်၍ သူတစ်ပါးအသက်မှန်သမျှ မသတ်ဖြတ်မိအောင် ရှောင်ကြဉ်ခြင်းသည် အကောင်းဆုံးဖြစ်သည်။ မလွှဲမရှောင်သာသော အကြောင်းကြောင့် သက်ရှိတစ်ကောင်ကို သတ်မိခြင်း၊ မြွေ၊ ကင်းကဲ့သို့သောအဆိပ်ရှိသတ္တဝါတစ်ကောင်ကောင်ကို သတ်မိခြင်းသည် သီလချိုးဖောက်ရာကျရုံသာဖြစ်သော်လည်း လူပုဂ္ဂိုလ်အချင်းချင်း သတ်ဖြတ်မှုကျူးလွန်မိလျှင်ကား ပုဒ်မ ၃၀၂ အရ ဥပဒေနှင့်အညီ အရေးယူအပြစ်ပေးခြင်းကို ခံရမည်ဖြစ်သည်။

ဒုတိယသီလမှာ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ - သူတစ်ပါး၏ ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်းသည် ခိုးမှုမကျူးလွန်ဘဲ တရားဥပဒေနှင့်အညီ နေထိုင်ကျင့်ကြံခြင်းဖြစ်သည်။ သို့မဟုတ်ပါဘဲ သူတစ်ပါးပိုင်ဆိုင်သော ပစ္စည်းဥစ္စာတစ်ခုခုကို ပိုင်ရှင်မသိအောင် တစ်နည်းနည်းဖြင့် (ပိုင်ရှင်မပေးဘဲ) ရယူခြင်းသည် ခိုးမှုဥပဒေနှင့် ငြိစွန်းသဖြင့် တရားဥပဒေ၏ အဆုံးအမကို ခံယူရပါလိမ့်မည်။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ - သူတစ်ပါး၏ မယားကိုကျူးလွန်ခြင်းမှ ရှောင်ကြဉ်ခြင်းသည် တတိယမြောက် သီလဖြစ်သည်။ ထိုသီလကို ချိုးဖောက်လျှင် တရားဥပဒေတွင် မုဒိမ်းမှုကျူးလွန်ရာ ရောက်သကဲ့သို့ ကာမပိုင်ခင်ပွန်းရှိသူ အမျိုးသမီးကို ကျူးလွန်မိလျှင် ပုဒ်မ ၃၇၆ အရ မုဒိမ်းမှုမြောက်ပါသည်။

အချို့က မုသားမပါ လင်္ကာမချောဟုဆိုကြသည်။ ဆိုလိုသည်မှာ လိမ်ညာပြောဆိုသင့်သည်ကို ပြောဆိုပါမှ ချောမောအဆင်ပြေသည်ဟူ၍ဖြစ်သည်။ ဘုရားရှင်ကမူ သူတစ်ပါးအကျိုးမရှိသော လိမ်ညာစကားကို မပြောဆိုရန် ဆုံးမတော်မူသည်။ ၎င်းကို မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ-လိမ်ညာပြောဆိုခြင်းမှရှောင်ကြဉ်ရန် ဟူသောသီလတော်ဖြင့် ပညတ်ခဲ့သည်။ လူမှုစီးပွားလောကတွင် သူတစ်ပါး၏ ပစ္စည်းဥစ္စာကို လိမ်ညာလှည့်ဖြားပြောဆို၍ ယူဆောင်ပါက ပုဒ်မ ၄၂၀ အရ လိမ်လည်မှုအပြစ်ကို ကျူးလွန်ခြင်းဖြစ်၍ ပိုင်ရှင်က အမှုဖွင့်တိုင်ကြားလျှင် ဥပဒေနှင့်အညီ အရေးယူအပြစ်ပေးခံရမည်ဖြစ်သည်။

❖ ဥပုသ်သီလ အထူးဆောက်တည်သော ကာလများတွင် ထို့ထက်ပို၍ ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ဆယ်ပါးသီလ စသည်ဖြင့် ဆောက်တည်ထိန်းသိမ်းကြသည်။ သို့သော် လူတို့သည် အခြေခံ ငါးပါးသီလကို လုံခြုံစွာစောင့်ထိန်းနိုင်သည်ဆိုလျှင်ပင် လုံလောက်မှု ရှိနေပြီဟုဆိုရမည်။ အဘယ်ကြောင့်ဆိုသော် ငါးပါးသီလလုံခြုံခြင်း သည် လောကီရေးရာတွင် တရားဥပဒေနှင့်အညီ ကျင့်ကြံနေထိုင် နိုင်ခြင်းမည်သောကြောင့်တည်း။ ❖

ငါးပါးသီလ၏ ပဉ္စမမြောက်သီလမှာ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ- မူးယစ်စေသော သေရည်အရက်ကို သောက်စားခြင်းမှ ရှောင်ကြဉ်ရန်ဖြစ်ရာ ထိုသီလကို စောင့်ထိန်းနိုင်လျှင် တရားဥပဒေနှင့်ငြိစွန်းသော ပြစ်မှုအတော်များများကို မကျူးလွန်မိတော့ပေ။ အရက်သေစာကို စိတ်ညစ်လျှင် သောက်ကြသည်။ ပျော်ရွှင်လျှင် သောက်ကြသည်။ လူမှုဆက်ဆံရေးအတွက် ဆို၍လည်းသောက်သုံးကြပြန်သည်။ ယမကာမသောက်တတ်သူ၊ မိတ်ဆွေကို ယမကာဖြင့် မပြုစုသူသည်ပင် လူမှုဆက်ဆံရေးမကောင်းသူ၊ ဧည့်ဝတ်မကျေသူအဖြစ် သတ်မှတ်ခံရသည်။ စင်စစ်အားဖြင့် အရက်ကို မြတ်စွာဘုရားကိုယ်တိုင်က သေရည်ဟုအမည်ပေးသည်။အသက်ကိုသေစေသော အရည်ဟု ဆိုလိုခြင်းဖြစ်သည်။ အရက်သေစာ သောက်သုံးပြီးသူသည် အရက်၏လှုံ့ဆော်မှုကြောင့် ယခင်ကမပြောရဲသော စကားကိုပြောရဲလာသည်။ ယခင်က မပြုမူရဲသော အပြုအမူကို ပြုမူရဲလာသည်။ ၎င်းကို အချို့က ရဲဆေးတင်သည်ဟုဆိုကြသည်။ အမှန်ကမူ မူလကထက် ရဲစွမ်းသတ္တိ ပိုမိုရှိလာခြင်း မဟုတ်ဘဲ အရက်ကပေးသော ဦးနှောက်ထုံထိုင်းမှုကြောင့် မကောင်းမှုကျူးလွန်ရန် မရှက်မကြောက်တော့ဘဲ ဟိရိဩတ္တပ္ပ တရားကင်းမဲ့သွားခြင်းဖြစ်သည်။ ထိုအခါ နှုတ်မှအလွယ်တကူဆဲဆိုရန်၊ ကိုယ်ထိလက်ရောက် သူတစ်ပါးအသက်သတ်ဖြတ်ရန်၊ သူတစ်ပါး၏ ပစ္စည်းဥစ္စာကိုခိုးယူရန်၊ သူတစ်ပါး၏ သားသမီး၊ သားမယားကို ကျူးလွန်ရန်၊ မဟုတ်မမှန်လိမ်ညာပြောဆိုရန်တို့ကို ဝန်မလေးတော့ချေ။ ၎င်းတို့ကို အလွယ်တကူ ကျူးလွန်မိပြီး တရားဥပဒေနှင့် ငြိစွန်းမှုများဖြစ်ရလေတော့သည်။ ထို့ကြောင့် အရက်သေစာသောက်စားမှု (သီလပျက်ယွင်းခြင်း) သည် အခြားသီလများပျက်ယွင်းရန်၊ အခြားပြစ်မှုများ ကျူးလွန်မိရန်မြစ်ဖျားခံသော အမှုဟုဆိုနိုင်ပါသည်။

ငါးပါးသီလပျက်ယွင်းမှုမှ စတင်၍ ပြစ်မှုများ ကျူးလွန်မိသည်ထိဖြစ်လာပြီး တရားဥပဒေအရ အရေးယူခံရသည့် သာဓကများစွာရှိခဲ့သည်။ ၎င်းတို့အနက်မှ စာရေးသူကိုယ်တိုင်သိရှိခဲ့ရသော ပစ္စုပ္ပန်လောကသာဓက အချို့ကိုတင်ပြပါမည်။ စာရေးသူ၏ မိတ်ဆွေတစ်ဦးသည် သားသတ်လုပ်ငန်း (အမဲနှင့်ဝက်လုပ်ငန်း) ကို လုပ်ကိုင်ပါသည်။ သူသည် ပထမပိုင်းတွင် သားသတ်ခြင်းကို လူငှားဖြင့် လုပ်ကိုင်သော်လည်း နောက်ပိုင်းတွင် ကိုယ်တိုင်သတ်ဖြတ်လာသည်။ အမဲ၊ ဝက်တို့ကို အသံလုံးဝမထွက်စေဘဲ သတ်နိုင်သည်ထိ ကျွမ်းကျင်လာသည်။ အမဲ၊ ဝက်သတ်ခြင်းသည် သူ့အတွက် ထမင်းစားရေသောက် ပမာနေ့စဉ်ပုံမှန် လွယ်လွယ်ကူကူ ပြုလုပ်နိုင်သော အလုပ်ဖြစ်လာသည်။ ဤသို့ဖြင့် တစ်နေ့တွင် ဆိုင်တစ်ဆိုင်တွင် သောက်စားကြစဉ် အခြားသူများနှင့် စကားများ ရန်ဖြစ်ကြသည်။ တစ်ဖက်လူက "အမဲ၊ ဝက်လောက်သတ်နိုင်တာ ကြီးကျယ်မနေနဲ့" ဟု ရန်စကားဆိုသည်ကို သည်းမခံနိုင်ဘဲ လူပါသတ်မိလေတော့သည်။ နောက်ဆုံးဝယ်လူသတ်မှုဖြင့် ထောင်ကျပြီး တရားဥပဒေ၏ဆုံးမမှုကို ခံယူရသည်။

စာရေးသူတို့ဇာတိရွာသို့ လူငယ်တစ်ဦးရောက်လာသည်။ ရွာမှမိန်းကလေးနှင့် အိမ်ထောင်ကျသဖြင့် ဇနီးနှင့်လိုက်နေရန် ရောက်လာခဲ့ခြင်းဖြစ်သည်။ ထိုလူငယ်သည် အိမ်ထောင်မကျမီကတည်းက သူတစ်ပါးဥစ္စာခိုးယူခြင်းကို အခါအခွင့်သင့်သလို လုပ်ကိုင်ခဲ့သူဖြစ်သည်။ အိမ်ထောင်ကျသည့်အခါတွင်လည်း ထိုအလုပ်ကို မစွန့်လွှတ်နိုင်ဘဲ ဆက်လက်လုပ်ကိုင်နေခဲ့သည်။ တစ်နေ့တွင် ပစ္စည်းအခိုးခံရသူ ပိုင်ရှင်က ထိုလူငယ်ကို သတင်းရ၍ ခြေရာခံမိပြီး ရဲများနှင့်အတူ လာရောက်ဖမ်းဆီးနိုင်ခဲ့ကာ အရေးယူအပြစ်ပေးစေနိုင်ခဲ့သည်။ လူငယ်တစ်ဦးသည် အင်တာနက်ပေါ်တွင် အလွယ်တကူ ကြည့်ရှုနိုင်သည့် ညစ်ညမ်းဗီဒီယိုများကို ကြည့်ရှုပြီးနီးစပ်ရာ အမျိုးသမီးတစ်ဦးကို ကာမကျူးလွန်ခဲ့ရာ မုဒိမ်းမှုဖြင့် ထောင်ကျသွားခဲ့သည်။

စာရေးသူတို့နယ်မှ ညီငယ်တစ်ဦးသည်လည်း ပွဲစားအလုပ်ဖြင့် ရိုးသားစွာအသက်မွေးရာမှ လောဘတက်ကာ လုပ်ငန်းရှင် သူဌေးများ၏ ငွေများကို လိမ်ညာပြောဆိုယူမိ၍ လိမ်လည်မှုဖြင့် တရားစွဲဆိုအပြစ်ပေးခံခဲ့ရသည်။ တစ်ရွာတည်းနေ မိတ်ဆွေများနှင့်ဆုံပြီး အရက်သောက်ကြရာမှ ရာဇဝတ်မှုဖြစ်ခဲ့ရသော အဖြစ်အပျက်တစ်ခုလည်းရှိခဲ့သည်။ ဖဲရှုံးခဲ့သော မိတ်ဆွေအဖွဲ့ဝင်တစ်ဦးသည် အရက်သောက်ပြီး မိတ်ဆွေနှင့်ရွာပြန်လာရာ စိတ်ယုတ်စိတ်မိုက်ဝင်ကာ အတူပြန်လာသော မိတ်ဆွေကို ရိုက်သတ်ပြီး ငွေအချို့ကိုလုယူခဲ့သည်။ လူသတ်မှု၊ လုယက်မှုတို့ဖြင့် ဥပဒေ၏အဆုံးအမကို ခံရလေသည်။ လူမိုက်တို့၏ သွားရာလမ်းကား ထောင်တွင်သာ အဆုံးသတ်သည်ပင်။

ထို့ကြောင့် ကျွန်ုပ်တို့သည် လူတို့စောင့်ထိန်းရမည့်ငါးပါးသီလကို လုံခြုံအောင် စောင့်ထိန်းလိုက်နာသည်နှင့် ပြစ်မှုထိုက်သည့် ရာဇဝတ်မှုအတော်များများကိုလည်း မကျူးလွန်မိတော့ပေ။ သို့ဖြစ်ရာ ငါးပါးသီလ၏ ပညတ်စည်းကမ်းများနှင့် ပြစ်မှုဆိုင်ရာ တရားဥပဒေများ ဆက်စပ်မှုရှိနေသည်ကို သတိထားသိရှိကာ လိုက်နာကျင့်သုံးခြင်းဖြင့် အပြစ်ကင်းကာ ပျော်ရွှင်ဖွယ်ရာ ဘဝများကို ပိုင်ဆိုင်နိုင်ကြစေရန် ရေးသားတင်ပြလိုက်ရပေသည်။

**ညွန့်ဝင်း(နတ်တလင်း)**

# ဟိုင်းကြီးကျွန်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

**ငပုတော မတ် ၃၁**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကေအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၀၆၆ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သော မတ်ပဲစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကကို ၁၄ ဒသမ ၃၆ တင်း ထွက်ရှိကြောင်း သိရသည်။

"ဟိုင်းကြီးကျွန်းမြို့တွင် ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မတ်ပဲ ၁၀၆၆ ဧက စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိမှာတော့ မတ်ပဲဧကအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးရာမှာလဲ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေစိုက်ပျိုးဖို့၊ ပိုးမွှားအန္တရာယ် ကင်းရှင်းစေဖို့အတွက် အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။



မတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောကုလားပဲဧက ၂၅၅၂၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ချောင်းဦး မတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကုလားပဲဧက ၂၅၅၂၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၂၈၆၄၇ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ကုလားပဲ စိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧက ၂၅၅၂၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီးတစ်ဧကလျှင် ၂၀ ဒသမ ၇၂ တင်း ထွက်ရှိကြောင်း သိရသည်။

"ချောင်းဦးမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကုလားပဲ ၂၈၆၄၇ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ ကုလားပဲခင်းတွေ လက်ရှိအချိန်မှာတော့ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ဧက ၂၅၅၂၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ကုလားပဲ စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲ အထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ချောင်းဦးမြို့နယ်၌ ကုလားပဲ စိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း (၈) နှင့် ရေဆင်း (၁၁) မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲတစ်ဧက စိုက်ပျိုးပါက ငွေကျပ် သုံးသိန်း ကျော်ကုန်ကျကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပို့လျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကုလားပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။ (၂၀၆)

# စလင်းမြို့နယ် တောင်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စလင်း မတ် ၃၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တောင်ကန်ကျေးရွာ၌ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးပွားလာစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များလာစေရန်၊ မြို့ပြနှင့်ကျေးလက် ကွာဟမှုကို လျှော့ချနိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို မတ် ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ တောင်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှုရှိ/မရှိ အခြေအနေများကို စစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါတောင်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်မတည်ဆောင်ရွက်ခဲ့ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၃၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ကျပ် ၅၃ ဒသမ ၂၆ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း စလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **သန်းသန်းစိုး**




## လျှင်လှုပ်နေစဉ်တွင် ရှောင်ရှားသင့်သည့် အချက်များ

၁။ အဆောက်အအုံထဲသို့ ပြေးမဝင်ပါနှင့်။



၂။ ဓာတ်လှေကားများ အသုံးမပြုပါနှင့်။










## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အုန်းချောကျေးရွာ၊ အမှတ်(၅)ရပ်ကွက်၊ အကွက်အမှတ်-၅၅၈)၊ မြေကွက်အမှတ်-၂၆၊ မြေဧရိယာ-၀.၀၅၅၀ ဧကရှိ မြေကွက်သည် အုန်းချောကျေးရွာအုပ်စု၊ မြေနေရာချထားရေး ကော်မတီ၏ ၁၄-၇-၂၀၀၆ နေ့တွင်ပြုလုပ်သည့် အစည်းအဝေးအမှတ်စဉ်(၇/၀၆)ဆုံးဖြတ်ချက်(၂)၊ အပိုဒ်ခွဲ(၄)အရ ဒေါ်လှကြည် (KTI-၀၀၁၇၀၇)အမည်ဖြင့်ချထားပေးပြီး အဆိုပါမြေကွက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဒေါ်လှကြည်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပြီး လက်ရှိပိုင်ဆိုင်နေထိုင်သူ ဦးတင်ဝင်း (ဘ) ဦးချို(၉/ပသက(နိုင်)၀၄၂၃၈၉)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် သဘောတူညီပြီး အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေများ၏ တစ်စိတ်တစ်ဒေသကိုရောင်းကြေးစရံငွေများအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုပြစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးထွန်းထွန်းထိုက် | ဒေါ်မာလာစိုး | ဦးဇော်ဦး |
|---|---|---|
| (LL.B, D.B.L, D.I.L) | (LL.B, LL.M, D.B.L) | (LL.B) |
| (စဉ်-၉၈၃၆/၁၄) | (စဉ်-၁၀၃၆၅/၁၅ | (စဉ်-၁၉၀၁၂/၂၃) |

**(တရားလွှတ်တော်ရှေ့နေများ)**

အမှတ်-၇၆၃၊ (၁၅)ရပ်ကွက်၊ ထုံးဘို-မြစ်ငယ်လမ်းသစ်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၅၃၄၂၅၄၅၊ ၀၉-၇၉၇၇၆၅၄၁၄၊ ၀၉-၂၀၆၄၃၃၅။

## အမည်မှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သူရသီဟကိုယ်ပိုင်ကျောင်း၊ Grade-7 တွင် ပညာသင်ကြားနေသော (ဘ) ဦးစောလှမောင်၏သား မောင်ဖုန်းမြတ်အောင်၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မောင်ဘုန်းမြတ်အောင်ဖြစ်ပါကြောင်း။ **မောင်ဘုန်းမြတ်အောင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ရပ်ကွက် မြို့သစ် (၃)လမ်းနေ ဒေါ်နန်းမွေခမ်း၏ဖခင်အမည်မှာ ဦးစိုင်းအိုက်ပီး (ခ) ဦးအိုက်ပီးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးစိုင်းအိုက်ပီး (ခ) ဦးအိုက်ပီး(၁၃/သနန(နိုင်)၀၀၂၃၂၂)**


လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၆၁၉ (ရုံးချိန်အတွင်း)


ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကိုလျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါခံစား နေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှလျော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

❖ ပညာရေးတွင် အသိပညာ၊ အတတ်ပညာနှင့် အတန်းပညာမြင့်မားရေး အားလုံးအကျုံးဝင်...

❖ ပညာရေး၏အခြေခံအကျဆုံးသည် စာပေဖြစ်ပြီး စာပေကပင် ပညာကိုပေးစွမ်းခြင်းဖြစ်...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုနှင်းသဘင်အခမ်းအနား၌ အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဝင်းဝတံတားကို ပြန်လည်ထိန်းချုပ်ကာ ထားဝယ်-မြိတ်သွား ဆက်သွယ်ရေးလမ်းကြောင်း ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့

တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ထားဝယ်-မြိတ် ဆက်သွယ်ရေးလမ်းကြောင်းရှိ ဝင်းဝတံတားကို အပြည့်အဝပြန်လည်ထိန်းချုပ်




နေပြည်တော် မတ် ၃၁

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ထားဝယ်-မြိတ်သွား ကားလမ်းမကြီးပေါ်တွင် အဓိကအချက်အချာကျသည့် ဝင်းဝတံတား၌ တံတားလုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များကို KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်မှစ၍ Drone များ အသုံးပြု၍ သာလွန်အင်အားဖြင့် အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး အဆိုပါတံတားနှင့် အနီးပတ်ဝန်းကျင်တစ်ဝိုက်ကို ယာယီစိုးမိုးကာ ဆက်သွယ်ရေးလမ်းကြောင်း ဖြတ်တောက်ပိတ်ဆို့ခဲ့သည်။

ထိုသို့ အကြမ်းဖက်သမားများက အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် တံတားလုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အကြမ်းဖက်သောင်းကျန်းသူများကို ရှုပ်ရှုပ်ချုံချုံပြန်လည်ခုခံတိုက်ခိုက်ခဲ့သော်လည်း အင်အားမမျှသည့်အတွက် မတ် ၁၂ ရက်တွင် အဆိုပါနေရာမှ စနစ်တကျဖြင့် ဂုံညင်းဆိပ်နေရာသို့ ယာယီဆုတ်ခွာခဲ့ပြီး တပ်မတော်စစ်ကြောင်းများနှင့်ပူးပေါင်း၍ လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများ ဆောင်ရွက်ခဲ့သည်။

ထို့နောက် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် တံတားနေရာတစ်ဝိုက်ကို ပြန်လည်ထိန်းချုပ်နိုင်ရေး လိုအပ်သည့် လုံခြုံရေးလုပ်ငန်းစဉ်များ အဆင့်ဆင့်ဆောင်ရွက်ခဲ့ရာ မတ် ၂၈ ရက်တွင် စီတောကျေးရွာကိုလည်းကောင်း၊ မတ် ၂၉ ရက်တွင် ရေချိုချောင်းကျေးရွာကိုလည်းကောင်း၊ စာမျက်နှာ ၂၀ ကော်လံ ၁ ☆

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အဖွဲ့ဝင် အမျိုးသား ခြောက်ဦးနှင့် အမျိုးသမီး တစ်ဦးတို့ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်

နေပြည်တော် မတ် ၃၁

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန်ဖိတ်ခေါ်၍ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အဖွဲ့ဝင် အမျိုးသား ခြောက်ဦး၊ အမျိုးသမီး တစ်ဦး၊ စုစုပေါင်းခုနစ်ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြပြီး တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့ နေ့လယ်ပိုင်းတွင် စာမျက်နှာ ၁၉ ကော်လံ ၁ ❑



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများကို မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကျင်းပစဉ်။

